ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**အကျိုးထူးတရားတိုးပွား**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်၊ အသက်၊ သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူတို့မှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

**သဟဿဝဂ်(ဓမ္မပဒ-၁၀၉)**


၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်၊ သောကြာနေ့။ 19, Friday August 2016 (၈၆၅၈)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းက ဂုဏ်ပြုကြိုဆို



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

**ပေကျင်း ဩဂုတ် ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းက ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။


**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**


## သဒ္ဓါတရားအထက်သန်ဆုံးနိုင်ငံအဖြစ် မြန်မာနိုင်ငံအား သတ်မှတ်

ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်သော G 20 နိုင်ငံများမှာ ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံများ ဖြစ်ကောင်းဖြစ်သော်လည်း ပေးကမ်းစွန့်ကြဲမှုတွင် အဆိုပါနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံမှ လေ့လာသင်ယူနိုင်ပါသည်။ ကုသိုလ်ဖြစ်လှူဒါန်းမှုများနှင့် ပရဟိတဆောင်ရွက်မှုများအပေါ် ကမ္ဘာလုံးဆိုင်ရာဆန်းစစ်လေ့လာချက်တစ်ရပ်အရ မြန်မာနိုင်ငံမှာ ကမ္ဘာပေါ်တွင် သဒ္ဓါတရားအထက်သန်ဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံရသည်။


**စာမျက်နှာ ၉ ကော်လံ ၄ သို့ ✳**





## ကြေးမုံ

# ပြည်သူနှင့် ပြည်သူ့ဝန် ထမ်းဆောင်သူများ

အစိုးရသစ် စတင်တာဝန်ယူသည့်အချိန်မှစ၍ ယနေ့ကာလအချိန်တိုအတွင်းမှာ အစိုးရအဖွဲ့ခေါင်းဆောင်များ အင်တိုက် အားတိုက် လှုပ်ရှားနေသည်ကို တွေ့မြင်နေကြရပါ၏။

ပြည်သူလူထုအတွင်း၌ သဘောကျသည့် ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ဝင်များ ရှိနေသလို အားမရဖြစ်နေကြသည့် ခေါင်းဆောင်များလည်း ရှိနေကြသည်ကို တွေ့ရသည်။

မည်သို့ပင် ရှိစေ၊ ပြည်သူတို့၏ အယူအဆမှာ အစိုးရအဖွဲ့သစ်အနေဖြင့် ယခင့်ယခင် ကာလများက ချန်ရစ်ခဲ့သော ပြဿနာများ၊ အရှုပ်အထွေးများ၊ ငွေရေးကြေးရေး မရှင်းလင်းမှုများ စသည်တို့ကို ဖြေရှင်းနေကြရသည်ဖြစ်ရာ ရှေ့တစ်ဆင့်တက်ဖို့ နေနေသာသာ နောက်ပြန်မလည်အောင်ပင် မနည်းရုန်းကန်နေကြရသည်ဟူ၍ နားလည်မှုနှင့် စောင့်မျှော်အားပေးနေကြတာဖြစ်ပါသည်။ အနိမ့်ဆုံးအားဖြင့် ဟိုးယခင်ကာလများက မြင်တွေ့ခဲ့ကြရဖူးသလို အာဏာနှင့် လုပ်ပိုင်ခွင့်ရှိသူများက ကျိုကျိုတက် ချမ်းသာလာနေချိန်မှာ တိုင်းပြည်က အဆင်းရဲအမွဲတေဆုံး နိုင်ငံစာရင်းမှာ ထိပ်ဆုံးနေရာက ချိတ်ခဲ့တာ ဖြစ်သည်။

သည်လို ဖြတ်သန်းမှုများနှင့် နေခဲ့ရသော ပြည်သူလူထုမှာ အစိုးရသစ် တက်လာကတည်းက မိမိတို့ အားပေးထောက်ခံသော အစိုးရအနေဖြင့် အောင်မြင်တိုးတက်အောင် လုပ်နိုင်လိမ့်မည်ဟု အမျှော်လင့်ကြီးမျှော်လင့်ခဲ့ကြသလို အခြားတစ်ဖက်မှာလည်း မိမိတို့အစိုးရ အထူးတလည် မအောင်မြင်ခဲ့လျှင်သော်မှ အဂတိကင်းကင်းနှင့် ကိုယ်ကျိုးမရှာဘူးဆိုလျှင်ပင် အားရစရာဖြစ်နေချေပြီဟု မဲတင်းခဲ့ကြတာဖြစ်ပါသည်။

ထို့ကြောင့်ပင် အစိုးရအဖွဲ့အနေဖြင့် အစိုးရ၏ စွမ်းဆောင်ရည်နှင့် အားထုတ်မှု မြင့်မားသည်ထက် မြင့်မားအောင် ကြိုးပမ်းခြင်းနှင့်အတူ ကိုယ်ကျင့်သိက္ခာမြင့်မြင့်မားမားနှင့် ကိုယ်ကျိုးမရှာရေးဆိုသည့် အခြေခံစည်းမျဉ်း စည်းကမ်းကို စောင့်ထိန်းဖို့ လိုတာဖြစ်ပါသည်။

အစိုးရအဖွဲ့ဟု အောက်ခြေမှစ၍ ထိပ်ဆုံးအထိကို ခြုံငုံရည်ညွှန်းနေရသော်လည်း အမှန်တကယ် ပြောင်းလဲခဲ့သည်မှာ ထိပ်ဆုံးတန်း ခေါင်းဆောင်များသာဖြစ်ပါသည်။ ထိုခေါင်းဆောင်များက မိမိတို့ကိုယ်တိုင်လည်း စွမ်းရည်ရှိ၊ သိက္ခာရှိအောင် ကြိုးပမ်းရန် လိုအပ်သလို အောက်ခြေအဆင့်ဆင့်ကိုလည်း စည်းရုံးသိမ်းသွင်းနိုင်ဖို့ လိုပါမည်။ ထို့အတူ ဝန်ထမ်းတို့ အဂတိကင်းကင်းနေနိုင်သည့် အခြေအနေမျိုးဖြစ်အောင် ဖန်တီးပေးဖို့လည်း လိုအပ်မည်ဟု ယူဆပါသည်။

အဂတိကင်းကင်းနေဖို့ ဆိုသည်မှာ အခြေခံလိုအပ်ချက်များ ပြည့်စုံခြင်းနှင့် လူတစ်ဦးချင်း၏ ကိုယ့်ကျင့်ဝတ် သိက္ခာကို ကိုယ်တိုင်မယိုင်လဲအောင် စောင့်ထိန်းလိုစိတ်လည်း ပါဝင်ပါလိမ့်မည်။

ပြည်သူလူထုမှာ အစိုးရအဖွဲ့သစ်ကို စိတ်ရောကိုယ်ပါ အင်တိုက်အားတိုက် အားပေးထောက်ခံနေကြတာဖြစ်သလို ပြည်သူ့အကျိုးအတွက် လုပ်ဆောင်မှု တစ်ခုချင်းကိုလည်း အလစ်မပေး ထောက်ခံနေကြသည်ကို တွေ့မြင်ရပါသည်။

ယခုအခါ ရန်ကုန်မြို့တွင်း၌ နောက်ဖေးလမ်းကြား အမှိုက်ကင်းစင်ရေးနှင့် လူသွားစင်္ကြံများ လူထုသွားလာအသုံးပြုနိုင်ရေးကို ကြေညာလုပ်ကိုင်နေရာ ပြည်သူတို့ကလည်း ချက်ချင်းဆိုသလို အားပေးထောက်ခံနေကြသည်ကို တွေ့မြင်ရပါသည်။ နှစ်ပေါင်းများစွာ စည်ပင်သာယာအဆက်ဆက်၊ မြို့တော်ဝန်အဆက်ဆက် လျစ်လျူရှုထားခဲ့သော ရောဂါမျိုးစုံတို့သန္ဓေတည်မွေးဖွားပေးနေသည့် နောက်ဖေးလမ်းကြားများကို အမှန်တကယ် ကြိုးစားရှင်းလင်းနေသည်ကို မျက်မြင်တွေ့ရသည်နှင့် ရပ်ကွက်၊ မြို့နယ်အသီးသီးနေ ပြည်သူလူထုက အားပေးထောက်ခံ ဝိုင်းဝန်းကူညီနေကြသည့် သတင်းများကို ကြားနေရပါသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဟူသည် အမှန်တကယ်သာ ဖြစ်အောင်လုပ်၊ ပြည်သူလူထုက သိသည်သာချည်း။ ပြည်သူလူထုက ချက်ချင်းဆိုသလို အားပေးကြမည်သာ ဖြစ်ပါသည်။

သည်လို လူထုတုံ့ပြန်မှုကို လေးလေးနက်နက် သဘောပေါက်ဖို့ လိုပါမည်။ ပြည်သူ့အကျိုး အမှန်တကယ် ကြိုးပမ်းဆောင်ရွက်ကြလျှင် ပြည်သူတို့က နားလည် သိရှိကြပါသည်။ ထို့အတူ ပြည်သူ့အရေး ဝန်ဆောင်ထမ်းရွက်မှုကို ဟန်ပြလုပ်၊ ကိုယ်ကျိုးရှာမည်ဆိုလျှင်လည်း ပြည်သူတို့က ချက်ချင်းပင် ရိပ်မိသိရှိကြမည်ဆိုတာကို နားလည်ထားကြရင်း ဝန်ကြီးအဆင့်ဆင့်မှ အစပြု၍ အောက်ခြေအထိ ပြည်သူ့ဝန်ထမ်းအားလုံး မိမိတို့ စွမ်းဆောင်ရည် တိုးတက်အောင်ကြိုးပမ်းရင်း ကိုယ်ကျင့်သိက္ခာ ပြည့်ပြည့် အဂတိကင်းကင်း ကျင့်ကြံနိုင်ကြပါစေသတည်း။ ။

# အာဆီယံနိုင်ငံများ၏ ဓာတ်သတ္တုသယံဇာတဆိုင်ရာ အရင်းအမြစ် အချက်အလက်များစနစ် အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် Tungapuri Hotel Meeting Room (1)တွင် ကျင်းပသည့် ASEAN Web-based Mineral Resources Database အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသည် ဂျပန်နိုင်ငံ JICA နှင့် ဂျပန် ဘူမိဗေဒဌာနတို့၏ အထောက်အပံ့ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနက တာဝန်ယူပြုလုပ်သည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအသိုင်းအဝိုင်းတွင် အင်တိုက်အားတိုက် ပါဝင်လှုပ်ရှားနေပြီး ၎င်းအလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံနိုင်ငံများ၏ ဓာတ်သတ္တုကဏ္ဍအတွက် အရေးကြီးသော အထောက်အကူတစ်ခုဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများအားလုံး စာတွေ့၊ လက်တွေ့ သင်ကြားမှုနှင့် ကွင်းဆင်းဆောင်ရွက်မှုများမှ အာဆီယံ သတင်းအချက်အလက်များ စနစ်ကို ကျွမ်းကျင်စွာ ဆက်လက်အကောင်အထည်ဖော်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲအပြီးတွင်လည်း သင်တန်းတက်ရောက်ခဲ့သူများအနေဖြင့် အာဆီယံနိုင်ငံများအကြား ကွန်ရက်သဖွယ် ဆက်သွယ်ဆောင်ရွက်ပြီး သတင်းအချက်အလက်များကို ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်ရာမှာ အရေးပါသူများ ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် မြန်မာ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှားနှင့် အင်ဒိုနီးရှား စသည့် အာဆီယံနိုင်ငံများမှ သင်တန်းသားများ၊ ဂျပန်နိုင်ငံမှ သင်တန်း ဆရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# မျိုးသန့်ပွားများထုတ်လုပ်မှုတိုးတက်ရေးအတွက် စံပြစိုက်ခင်း၌ လက်တွေ့စိုက်ပျိုးပြသ

**ဖာပွန် ဩဂုတ် ၁၈**

မိုးစပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက်မျိုးသန့်မျိုးစေ့ထုတ်လုပ်သူများအသင်း Seed Grower Association ကို တည်ထောင်၍ မျိုးသန့်ပွားများ ထုတ်လုပ်မှုစံပြစိုက်ခင်း လက်တွေ့စိုက်ပျိုးပြသပွဲကို ဖာပွန်မြို့နယ် ဝေ့ဆန်ကျေးရွာအုပ်စု ဝေ့ဆန်ကျေးရွာရှိ တောင်သူဦးလှကြည်၏ ကွင်းအမှတ် (၆) လယ်မြေ ၁၀ ဧကတွင် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါစံပြစိုက်ခင်းစိုက်ပျိုးပြသပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစောလှကြည်က (R.StoC.S)မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်း ရည်ရွယ်ချက်နှင့် ရရှိလာမည့်အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းလှရွှေက မျိုးသန့်မျိုးစေ့ထုတ်လုပ် စိုက်ပျိုးနည်းစနစ်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စိုက်ပျိုးရေးဝန်ထမ်းများက လက်တွေ့စိုက်ပျိုးပြသခဲ့ရာ ဝေ့ဆန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှတောင်သူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ဖာပွန်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး၌ သဖန်းဆိပ်ဆည်ရေဖြင့် မိုးစပါး ၉၉၄၇၂ ဧက စိုက်ပျိုးပြီးစီး

**ရွှေဘို ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၌ မိုးစပါး ဧက ၁၈၇၆၅၀၀ စိုက်ပျိုးရန်လျာထားရာတွင် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ဆည်ရေဖြင့် မိုးစပါး ၄၃၇၃၆၈ ဧကစိုက်ပျိုးရန် လျာထားရာ ၉၉၄၇၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

သဖန်းဆိပ်ဆည်ရေကို ကင်းတပ်ရေလွှဲဆည်နှင့် ကာဘိုးရေလွှဲဆည်တို့ဖြင့် စိုက်ပျိုးရေထပ်ဆင့် ဖြန့်ဝေပေးလျက်ရှိရာ ကင်းတပ်ရေလွှဲဆည်မှ လက်ဝဲ၊ လက်ယာရှိ တူးမြောင်းများဖြင့် စိုက်ပျိုးရန်လျာထားသော လယ်မြေ ၁၂၉၂၉၅ ဧကတွင် စိုက်ပျိုးပြီးစီးသောဧကမှာ ၄၅၆၄၂ ဧက ဖြစ်ကြောင်း၊ ကာဘိုးရေလွှဲဆည်မှ ရွှေဘိုနှင့် ရေဦးမြောင်းမတော်တို့ဖြင့် စိုက်ပျိုးရန်လျာထားသော လယ်မြေ ၃၀၈၀၇၃ ဧကတွင် စိုက်ပျိုးပြီးစီးသောဧကမှာ ဧက ၅၃၈၃၀ ဖြစ်ကြောင်း၊ သို့ပါ၍ သဖန်းဆိပ်ဆည်ရေဖြင့် မိုးစပါး ၄၃၇၃၆၈ ဧကစိုက်ပျိုးရန် လျာထားရာ ဩဂုတ် ၁၂ ရက်အထိ ၉၉၄၇၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကာဘိုးရေလွှဲဆည်ရေဖြင့် စစ်ကိုင်းခရိုင်၌ ဧက ၃၅၀၀ နှင့် မုံရွာခရိုင်၌ ၉၉၀၇ ဧကကိုလည်းကောင်း၊ ကင်းတပ်ရေလွှဲဆည်ရေဖြင့် မုံရွာခရိုင်၌ ဧက ၃၆၀၀ ကိုလည်းကောင်း မိုးစပါးစိုက်ပျိုးရန်လျာထားခဲ့ရာ လျာထားချက်ထက်ဝက်ကျော် စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ **(ရောင်နီတင်ဝင်း)**



# သာသနာ့ဝင်စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**လားရှိုး ဩဂုတ် ၁၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးမှမြို့နယ်မှူးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းက လားရှိုးမြို့ အမှတ်(၂) ရပ်ကွက်ရှိ မြို့လယ်ပရိယတ္တိစာသင်တိုက်တွင် လားရှိုးမြို့၌ ဝါဆိုကြမည့်ရဟန်းနှင့်သာမဏေများအတွက် သာသနာ့ဝင်စိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းစာသင်တိုက်တွင် လုပ်ငန်းဆောင်ရွက်ရာသို့ ဦးစီးပဓာနနာယက ဆရာတော်မဟာဂန္ထဝါစက ဆရာတော်ဦးသုနန္ဒနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးစောနိုင်တို့က လာရောက်ကြည့်ရှုခဲ့ပြီး မြို့ပေါ်ဘုန်းတော်ကြီးကျောင်း လေးကျောင်းမှ ရဟန်းကိုးပါး၊ သာမဏေ ၃၆ ပါး စုစုပေါင်း ၄၅ ပါးတို့အတွက် သာသနာ့ဝင်ကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လားရှိုးမြို့ပေါ်ရှိ ကျန်ရှိနေသောဘုန်းတော်ကြီးကျောင်းများ၌ ဝါဆိုကြမည့်ရဟန်းနှင့်သာမဏေများအတွက်လည်း သာသနာ့ဝင်ကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဇာဏီအောင်)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန်လ ၁ ရက်နေ့ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၁၃၅၀

# ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အခမ်းအနားများ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့)ဖြစ်သည်။

ဘုရားရှင်လက်ထက်က ရဟန်းတော်များသည် သစ်ပင်များအောက်၌ ကမ္မဋ္ဌာန်းတရား အားထုတ်ကြစဉ် သစ်ပင်များမှာနေသည့် ဘုမ္မစိုး၊ ရုက္ခစိုးများက မနေသာသဖြင့် ကြောက်မက်ဖွယ် အမျိုးမျိုးဖြင့် ခြောက်လှန့်ကြရာ မြတ်စွာဘုရားရှင်က ရဟန်း ၅၀၀ ကို မေတ္တာသုတ်ကိုသင်ပေးပြီး မေတ္တာကမ္မဋ္ဌာန်းတရားအားထုတ်ရန် ဟောတော်မူခဲ့သည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်နေ့ မေတ္တာအခါတော်နေ့အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲမှစတင်၍ ဧည့်ခံတန်ဆောင်း၌ ဆွမ်းတော်ကြီးတင်လှူပူဇော်ကြပြီး ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်တန်ဆောင်းတွင် မေတ္တာအခါတော်နေ့ကိုကျင်းပကြသည်။

ထို့နောက် ပန်းပေါင်း ၈၄၀၀၀ဖြင့် ပြုလုပ်ပူဇော်ထားသည့် ပန်းစေတီများဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကာ အရှေ့ဘက်အာရုံခံရှိ ကကုသန္ဓဘုရား၊ တောင်ဘက်အာရုံခံရှိ ကောဏာဂမနဘုရား၊ အနောက်ဘက်အာရုံခံရှိ ကဿပဘုရား၊ မြောက်ဘက်အာရုံခံရှိ ဂေါတမဘုရားနှင့် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ဘုရားတို့တွင် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းသားအသင်းသူများက ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် ဝါတွင်းသီလခံယူပွဲကို ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံမှ ဧည့်ပရိသတ်များက တရားတော်များ နာယူဆောက်တည်ကြသည်။

အလားတူ ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့ အခမ်းအနားကို နံနက် ၇ နာရီတွင် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင် အလှည့်ကျသဘာပတိ ဦးသိန်းဦးက မေတ္တာအခါတော်နေ့အကြောင်း မင်္ဂလာထောမနာစကား ပြောကြားပြီး မေတ္တာအခါတော်နေ့ သက်လွတ်ပွဲအဖြစ် ချိုးငှက်များ၊ စာကလေးငှက်များကို ဘေးမဲ့လွှတ်ကြသည်။

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၇ နာရီတွင် မင်းဓမ္မကုန်းတော်ပေါ်ရှိ ဂန္ဓကုဋိတိုက်၌ မေတ္တာသုတ်တော် စုပေါင်းရွတ်ဖတ်ပူဇော်ကြသည်။

အလားတူ ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ရဟန်းရှင်လူပြည်သူများသည် မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာဘာဝနာတရားများ စီးဖြန်းပွားများကြခြင်း၊ ဥပုသ်သီတင်းဆောက်တည်ကြခြင်း၊ စတုဒိသာ ကျွေးမွေးကြခြင်း စသည့်ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း တွေ့ရသည်။

**(သတင်းစဉ်သတင်းအဖွဲ့)**

# လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မေတ္တာအခါတော်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး(ဝါခေါင်လပြည့်) မေတ္တာအခါတော်နေ့ အခမ်းအနားကို အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ဘုရားကြီး၏ ဂန္ဓကုဋိတိုက်၌ ဩဂုတ် ၁၈ ရက် နံနက် ၆ နာရီခွဲတွင်ကျင်းပရာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သစ်သီးများဖြင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက်ဆရာတော်ဓမ္မနန္ဒထံမှ ကိုးပါးသီလခံယူခြင်း၊ ဆရာတော်များရွတ်ပွားသော မေတ္တာသုတ်ပရိတ်တော်ကိုနာယူကြပြီး ပင့်သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ဝိသာခါဝတ်ရွတ်အဖွဲ့၊ ဓမ္မမာလာဝတ်ရွတ်အဖွဲ့၊ တြိရတနာဝတ်ရွတ်အဖွဲ့တို့က မေတ္တာသုတ်အမွှန်းနှင့်မေတ္တာသုတ်တို့ကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရွတ်ဆိုပူဇော်ကြရသည်။ **ခရိုင်(ပြန်/ဆက်)**

# သံအမတ်ကြီး ဦးသာအောင်ညွန့် ၎င်း၏ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၁၉**

ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်သည် ၎င်း၏ခန့်အပ်လွှာကို ဩဂုတ် ၁၇ ရက်တွင် ကင်ဘာရာမြို့၌ ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ်ဗိုလ်ချုပ်ကြီးဆာပီတာကော့စ်ဂရုအေကေအမ်စီ (ငြိမ်း)ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန၊ ယူနက်စကိုနှင့် ပြည်တွင်းပုဂ္ဂလိက မီဒီယာအဖွဲ့အစည်းများ ပူးပေါင်း၍ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

လာမည့် နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ (၅)ကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညီလာခံကို ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီခွဲက ချက်ထရီယံဟိုတယ်၌ ပြန်ကြားရေးဝန်ကြီးဌာန၊ ယူနက်စကိုနှင့် ပြည်တွင်းရှိ ပုဂ္ဂလိက မီဒီယာအဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (Media Development Thematic Working Group Meeting(MDTWG)မှ သိရသည်။




အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ယူနက်စကို၏ Head of Office ဖြစ်သူ Mr.Sardar Umar Alam က "ရည်ရွယ်ချက်ကတော့ မီဒီယာကဏ္ဍထဲမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုနဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့နဲ့ပူးပေါင်းပြီး ဘယ်လိုပုံစံနဲ့ ဆောင်ရွက်သွားမလဲ ဆိုတာကို အဓိကဆွေးနွေးကြတာ ဖြစ်ပါတယ်။ ရလဒ်ကိုတော့ နိုဝင်ဘာ ၇ ရက် သို့မဟုတ် ၈ ရက်မှာ ကျင်းပမယ့် (၅) ကြိမ်မြောက် မီဒီယာကွန်ဖရင့်မှာ ထည့်သွင်းဆွေးနွေးသွားမယ်။အစိုးရပိုင်းအနေနဲ့ လွှတ်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်းမီဒီယာအဖွဲ့အစည်းနဲ့ တိုင်းရင်းသားမီဒီယာတွေ ပါဝင်မယ်။ သတင်းထောက်တွေနဲ့ပတ်သက်ပြီး လုံခြုံမှု၊ ဘေးကင်းမှု၊ ရပ်ရွာလူထုနဲ့ပတ်သက်တဲ့ ဒီမီဒီယာ ဖွံ့ဖြိုးတိုးတက်မှုအနေအထား၊ နောက်အခြားသက်ဆိုင်တဲ့ မီဒီယာကဏ္ဍတွေ အားလုံးကိုလည်း ဆွေးနွေးသွားမှာ ဖြစ်တယ်"ဟု ပြောသည်။

ယခု အလုပ်ရုံဆွေးနွေးပွဲ၌ ဥပဒေပိုင်းဆိုင်ရာ ကိစ္စရပ်များတွင် မီဒီယာနှင့်ပတ်သက်၍ ခေတ်နှင့် မလျော်ညီသော အပိုင်းများပြင်ဆင်ရေး၊ ပြန်ကြားရေးဝန်ကြီးဌာနက အွန်လိုင်းမှ တစ်ဆင့် အင်္ဂလိပ်ဘာသာစကားဖြင့် သတင်းစာဖြန့်ချိမည့် အစီအစဉ်၊ မှန်ကန်သော သတင်းအချက်အလက်ရယူမှုနှင့် စပ်လျဉ်းသည့် ဆွေးနွေးမှုများ၊ ဝန်ကြီးဌာနမှ ပြောခွင့်ဆိုခွင့်ရှိသူများနှင့် သတင်းသမားများအကြား သတင်းရယူမှု ပိုမိုချောမွေ့အဆင်ပြေရေး ဆွေးနွေးမှုများ၊ လာမည့် နိုဝင်ဘာလအတွင်း ပြုလုပ်မည့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံအတွက် ညှိနှိုင်းဆွေးနွေးမှုများကို တက်ရောက်လာသည့် သတင်းမီဒီယာများမှ တာဝန်ရှိသူများက ဆွေးနွေးကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က "ပြန်ကြားရေးဝန်ကြီးဌာနနဲ့ အတူ မြန်မာနိုင်ငံရဲ့ မီဒီယာဖွံ့ဖြိုးမှုကို အတူတကွ လုပ်ဆောင်နေကြတဲ့ ပြည်တွင်း၊ ပြည်ပမီဒီယာအဖွဲ့အစည်းတွေက လက်ရှိဆောင်ရွက်နေတဲ့လုပ်ငန်းတွေ၊ ရှေ့ဆက်လုပ်ဆောင်ရမယ့် အနေအထားတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ နှစ်စဉ်ကျင်းပခဲ့တာ(၄)ကြိမ်ရှိခဲ့ပြီး အခုနှစ်ဆို (၅)ကြိမ်မြောက်ကျင်းပမယ့် မီဒီယာဖွံ့ဖြိုးတိုးတက်မှု ညီလာခံပြုလုပ်ဖို့အတွက် ဆွေးနွေးကြတာ ဖြစ်ပါတယ်"ဟု ပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာနက မီဒီယာဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ "မြန်မာ့အသံဝက်ဘ်ဆိုက်ကို iPhone ကနေ အလွယ်တကူ ဒေါင်းလုတ်ဆွဲကြည့်လို့ရအောင် ဂျာမနီနိုင်ငံအခြေစိုက် DW သတင်းဌာနနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ Myanmar Book Aid နဲ့ စာကြည့်တိုက်တွေ ပူးပေါင်းတည်ထောင်ဖို့ သဘောတူညီချက်ဆိုင်ရာ လက်မှတ်ရေးထိုးဖို့ရှိပါတယ်။ ပုံနှိပ်ရေးနဲ့ထုတ်ဝေရေးဦးစီးဌာနရုံးဝန်းကျင်မှာပဲ စာအုပ်ဈေးပွဲတော်လုပ်ဖို့ အစီအစဉ် အကြမ်းဖျင်းလျာထားတာ ရှိပါတယ်။ နောက်ပြီး အင်္ဂလိပ်ဘာသာနဲ့ အွန်လိုင်းသတင်းစာထုတ်ဖို့ရှိပါတယ်။ လက်ရှိနိုင်ငံပိုင်သတင်းစာတွေမှာ သတင်းတင်ဆက်မှုနဲ့ ပတ်သက်ပြီး ပိုမိုဆန်းသစ်တဲ့ အရေးအသား တင်ဆက်မှုနဲ့အတူ ဆောင်းပါးရှင်အသစ်တွေက ရှုထောင့်မျိုးစုံကနေ ရေးသားမှုတွေ ဖော်ပြပေးနေပါတယ်"ဟု ၎င်းကပြောသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည့် Pen Myanmar ဥက္ကဋ္ဌ ဒေါက်တာမသီတာ (စမ်းချောင်း)က "ပထမဆုံးအကြိမ် အခုဆွေးနွေးပွဲကို တက်ရောက်တာပါ။ မီဒီယာတွေပဲဖြစ်ဖြစ်၊ အပြင်လူတွေပဲဖြစ်ဖြစ် Information နဲ့ယှဉ်ရင် Data အချက်အလက်က ပိုပြီးလိုအပ်တယ်။ အခုဆွေးနွေးပွဲက ဝိုင်းဝန်းအကြံပေးဆွေးနွေးတဲ့ အနေအထားရှိပြီး ရေရှည်မှာတော့ ဒီလို စုစည်းဆွေးနွေးမှုကတစ်ဆင့် ဘယ်လိုရလဒ်ကောင်းရမယ်ဆိုတာကိုတော့ ဆက်လက်ဆွေးနွေးရဦးမှာဖြစ်ပါတယ်"ဟု ပြောသည်။

ယခု ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့အစည်း ၃၀ ကျော်မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**သတင်း-မြတ်စန္ဒီသင်းဇော်၊**
**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်**

# ဝေန်မြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(ကြေးမုံ)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများအား ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၁၅-၈-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၅-၇-၂၀၁၆ ရက်နေ့မှ ၂၉-၇-၂၀၁၆ ရက်နေ့အထိ လုပ်ငန်းအသိမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူနှစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းတစ်ဦး၊ အထွေထွေနှစ်ဦး ပေါင်းလေးဦးတို့အား ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၅၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၈၆၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၄ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၂၆၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် ဂျာနယ်လျှောက်ထားလာသူတစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

# အကျိုးခံစားခွင့် ငွေတစ်လုံးတစ်ခဲတည်းပေးအပ်

**သာယာဝတီ ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီက ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေအရ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေဆုံးသွားသော အာမခံအလုပ်သမားအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်း အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီးဦးစီးအရာရှိဒေါ်ပပထွန်းက လူမှုဖူလုံရေးဆိုင်ရာအကျိုးခံစားခွင့်ကို ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဒေါ်မူမူခင်က ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၄၅သိန်း နှင့် နာရေးစရိတ်ထောက်ပံ့ငွေကျပ် ၂၅၀၅၀၀ ကို ကျန်ရစ်သူမိသားစုအား ပေးအပ်ခဲ့သည်။ သေဆုံးသူဦးဇော်ဟိန်းထိုက်သည် သာယာဝတီမြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ထားသော Max Highway Co., Ltd မှ ဝန်ထမ်းဖြစ်ပြီး ၈-၄-၂၀၁၆ ရက်က တာဝန်ထမ်းဆောင်နေစဉ် သေဆုံးသွားသည့်အတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(ခရိုင်ပြန်/ဆက်)**

# ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေး ဩဂုတ် ၂၃ ရက်တွင် ကျင်းပမည်

**တိုကျို ဩဂုတ် ၁၈**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတစ်ရပ် လာမည့် ရက်သတ္တပတ်အတွင်း ကျင်းပနိုင်ရန် ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာန တာဝန်ရှိသူများက စီစဉ်လျက်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ယင်းအစည်းအဝေးကို ဩဂုတ် ၂၃၊ ၂၄ ရက်တွင် တိုကျိုမြို့၌ ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးတွင် မြောက်ကိုရီးယားဒုံးကျည်ပစ်လွှတ်မှုများနှင့်ပတ်သက်ပြီး အဓိကဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

သို့သော် နယ်မြေအငြင်းပွားမှုများ မြင့်တက်နေသည့် စင်ကာကူကျွန်းစုများအနီးတွင် တရုတ်ကင်းလှည့်ရေယာဉ်များ ဂျပန်နိုင်ငံရေပိုင်နက်ထဲသို့ မကြာခဏ ဝင်ရောက်လျက်ရှိသည့်အချိန်တွင် အဆိုပါအစည်းအဝေးကျင်းပသည့်အတွက် အစည်းအဝေးကျင်းပသင့်သည့်အချိန် မဟုတ်ကြောင်း ဂျပန်အစိုးရအဖွဲ့ဝင်အချို့က ဆိုသည်။

စင်ကာကူကျွန်းစုများသည် ဂျပန်နိုင်ငံ၏ ရှေးအမွေအနှစ်ဖြစ်သည့်အားလျော်စွာ ဂျပန်နိုင်ငံက ထိန်းချုပ်ထားသော်လည်း တရုတ်နှင့် တရုတ်(တိုင်ပေ)တို့က ၎င်းတို့ပိုင်ကျွန်းများဖြစ်သည်ဟု အခိုင်အမာဆိုကြသည်။

ယင်းအစည်းအဝေးကျင်းပမည့် ရက်သတ္တပတ်အတောအတွင်း တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်ကိုမူ




အချို့အစိုးရ အဖွဲ့ဝင်အရာရှိများက ထောက်ပြပြောဆိုကြသည်။

အဆိုပါနှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုံယမ်းက ဆန့်ကျင်သည်။ အမေရိကန်နိုင်ငံတွင် မြောက်ကိုရီးယားအား အတိုက်အခံ သဘောဆောင်သည့် မူဝါဒတစ်ရပ် လက်ကိုင်ထားကြောင်း ပြုံယမ်းကဆိုသည်။

လာမည့်ရက်သတ္တပတ်တွင်ကျင်းပမည့် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ဒေသဆိုင်ရာကိစ္စရပ်များကို နိုင်ငံခြားရေးဝန်ကြီးများက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ဖွယ်ရှိကြောင်း မျှော်လင့်ရသည်ဟု ဂျပန်တာဝန်ရှိသူများက ဆိုသည်။ ထို့ပြင် ယခုနှစ်နှောင်းပိုင်းတွင် ဂျပန်နိုင်ငံတွင် ကျင်းပမည့် သုံးနိုင်ငံထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပနိုင်ရေးအတွက်လည်း အလေးပေးဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ဖိလစ်ပိုင်နိုင်ငံသို့ ကင်းလှည့်ရေယာဉ်တစ်စင်း ဂျပန်ပေးပို့

**မနီလာ ဩဂုတ် ၁၈**

ဂျပန်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံသို့ ကင်းလှည့်ရေယာဉ် ၁၀ စင်းအနက် ပထမဆုံးသောတစ်စင်းကို ပေးပို့ခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ဩဂုတ် ၁၈ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံက တရားဝင် ဖွံ့ဖြိုးရေးအကူအညီ (အိုဒီအေ) တစ်ရပ်မှတစ်ဆင့် ဖိလစ်ပိုင်နိုင်ငံသို့ ထောက်ပံ့ခဲ့သည့် ကျန်ရှိသော အရှည် ၄၄ မီတာရှိ ဘက်စုံသုံး ကင်းလှည့်ရေယာဉ်ကိုးစင်းပေးပို့ရေးကို ယခုအခါ Japan Marine United Corp က ဆက်လက်ဆောင်ရွက်နေကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ဆက်လက်ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံက ကင်းလှည့်ရေယာဉ် ၁၀ စင်းဝယ်ယူရန် ဂျပန်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းတစ်ခုဖြစ်သော Japan Marine United Corp နှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါသဘောတူညီချက်အရ တိုကျိုအနေဖြင့် ကင်းလှည့်ရေယာဉ် ၁၀ စင်းအတွက် ပေးချေရမည့် အမေရိကန်ဒေါ်လာ ၁၅၈ သန်းတန်ကြေးရှိ အတိုးနှုန်းနည်းပါးသောချေးငွေတစ်ရပ်ကို ဖိလစ်ပိုင်နိုင်ငံသို့ ပံ့ပိုးကူညီရမည်ဖြစ်သည်။ ကျန်ရှိသော ကင်းလှည့်ရေယာဉ်ကိုးစင်းပေးပို့မှုကို ၂၀၁၈ ခုနှစ်တွင် အပြီးသတ်ရန် မျှော်မှန်းရသည်။

**ဆင်ဟွာ။**

# တူရကီတွင် ကားဗုံးပေါက်ကွဲမှုများကြောင့် လူခြောက်ဦးသေဆုံး၊ ၇၀ ကျော် ဒဏ်ရာရ

**အန်ကာရာ ဩဂုတ် ၁၈**

တူရကီနိုင်ငံအရှေ့ပိုင်းတွင် ရဲစခန်းများကို ပစ်မှတ်ထားသည့် ကားဗုံးဖောက်ခွဲမှုများကြောင့် အနည်းဆုံး လူခြောက်ဦးသေဆုံးပြီး လူပေါင်း ၇၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ဩဂုတ် ၁၈ ရက်တွင် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် ကားတစ်စီးသည် အယ်လာဇစ်မြို့ရှိ ရဲစခန်းတစ်ခုရှေ့တွင် ဖောက်ခွဲတိုက်ခိုက်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် အနည်းဆုံး ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ပြီး လူ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ရုပ်သံဗီဒီယိုပြကွက်များတွင် ဗုံးပေါက်ကွဲသည့်နေရာ၌ တွင်းနက်ကြီးတစ်ခုဖြစ်ပေါ်ခဲ့ပြီး ရဲစခန်းအဆောက်အအုံပြတင်းပေါက်များကွဲအက်ကာ နံရံများပြိုကျသွားခဲ့ရသည်။

ဩဂုတ် ၁၇ ရက်တွင်လည်း တူရကီနိုင်ငံအရှေ့ပိုင်း ဗန်ပြည်နယ်ရှိ ရဲစခန်းတစ်ခုအနီးတွင် ကားဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။ ယင်းပေါက်ကွဲမှုတွင် လူသုံးဦးသေဆုံးခဲ့ပြီး ၇၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဗုံးပေါက်ကွဲမှုများနှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမျှ တာဝန်ယူ တာဝန်ခံမှုမရှိပေ။ သို့သော် ဒေသခံသတင်းမီဒီယာများက ကာဒစ္စတန်အလုပ်သမားပါတီ သို့မဟုတ် ပီကေကေဟု ခေါ်သည့် ခွဲထွက်ရေးလိုလားသော ကာ့ဒ်စစ်သွေးကြွများ၏ လက်ချက်ဖြစ်ဖွယ်ရှိသည်ဟု လက်ညှိုးထိုးခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**





# ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ယာဉ် မြေမြှုပ်မိုင်းထိ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၈**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးနွယ်စုများနေထိုင်ရာ ခိုင်ဘာဒေသတွင် ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်းက ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသော ယာဉ်တစ်စီး ပေါက်ကွဲမှုဖြစ်ပွားရာ တပ်ဖွဲ့ဝင်နှစ်ဦး ထက်မနည်း သေဆုံးပြီး အခြားခုနစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းသတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်တစ်လျှောက်ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစ်စိတ်တစ်ဒေသရရှိထားသည့် ခိုင်ဘာဒေသ၏ ငြိမ်သက်မှုမရှိသော တီရာ့ချ်တောင်ကြားဒေသတွင် အဆိုပါမြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဒေါင်းန်သတင်းဌာနက ပြောကြားသည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အနီးရှိဆေးရုံသို့ တင်ပို့ပေးခဲ့သည်။

ယင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ တာဝန်ရှိကြောင်း မည်သည့်အဖွဲ့အစည်းကမျှ လတ်တလောတွင် ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

ပါကစ္စတန် တပ်မတော်က ခိုင်ဘာဒေသ တီရာ့ချ်တောင်ကြားဒေသတွင် တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ပြီး ယင်းဒေသ၏ နယ်ခြားတစ်လျှောက်တွင် စစ်သွေးကြွများ စိမ့်ဝင်ခြင်းအား စစ်ဆေးစောင့်ကြည့်ခြင်းနှင့် ကာကွယ်ခြင်း စစ်ဆင်ရေးတစ်ရပ်ကို လုပ်ဆောင်ခဲ့ပြီးနောက်တစ်ရက်တွင် အဆိုပါမြေမြှုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။

ခိုင်ဘာဒေသတွင် ပါကစ္စတန်တပ်မတော်မှ လေကြောင်းနှင့် မြေပြင်မှ စစ်ဆင်ရေးလုပ်ငန်းများကို ဩဂုတ် ၁၆ ရက်တွင်စတင်ခဲ့ရာ စစ်သွေးကြွ ၁၄ ဦးအား ချေမှုန်းသုတ်သင်နိုင်ခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန် တပ်မတော် ပြည်သူ့ဆက်ဆံရေးဌာနက ပြောကြားသည်။

**ဆင်ဟွာ။**

# ကာ့ဒ်တပ်ဖွဲ့များ သိမ်းယူထားသည့် ဟာဆာကာမြို့အား ဆီးရီးယားအစိုးရ စစ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်

**ဒမတ်စကတ် ဩဂုတ် ၁၈**

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းမှ ကာ့ဒ်သူပုန်များ သိမ်းယူထားသည့် ဒေသရှိ ဟာဆာကာမြို့အား ဆီးရီးယားအစိုးရ စစ်လေယာဉ်များက ဩဂုတ် ၁၈ ရက်တွင် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း၊ ယင်းဗုံးကြဲတိုက်ခိုက်မှုမှာ ငါးနှစ်ကြာမြင့်ပြီဖြစ်သည့် ဆီးရီးယားပြည်တွင်းစစ်ပွဲကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်ဟု ဆီးရီးယားကာ့ဒ် ဝိုင်ပီဂျီ စစ်သွေးကြွအဖွဲ့နှင့် ဆီးရီးယားအရေး စောင့်ကြည့်လေ့လာရေးအဖွဲ့တို့က ပြောကြားသည်။

ဆီးရီးယား အစိုးရလေယာဉ်များက လေကြောင်းမှ တိုက်ခိုက်ခဲ့သည့်မြို့မှာ ကာ့ဒ်ခရိုင်များ၏ မြို့တော်ဖြစ်ကြောင်း၊ ယင်းဒေသတွင် နယ်မြေများ၏ အများစုနီးပါးကို ကာ့ဒ်အုပ်စုများက ထိန်းချုပ်ထားကြောင်းနှင့် ယင်းဒေသ၌ အက်ဆာရစ်ချ်ဟု လူသိများသည့် ကာ့ဒ်လုံခြုံရေးတပ်ဖွဲ့များ ချထားကြောင်း ဝိုင်ပီဂျီအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ဆီးရီးယားစစ်ဘက်က လတ်တလောတွင် မှတ်ချက်ပြုပြောကြားခြင်းမရှိပေ။

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကျယ်ပြန့်သောဒေသအား ဝိုင်ပီဂျီအဖွဲ့က ထိန်းချုပ်ထားသည်။ ယင်းကာ့ဒ်လက်နက်ကိုင်အဖွဲ့သည် ဆီးရီးယားနိုင်ငံအတွင်း၌ ဗဟိုအစိုးရနှင့် သူပုန်များအကြားလက်နက်ကိုင်တိုက်ခိုက်မှုများ စတင်ဖြစ်ပွားစဉ်ကတည်းကပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည့် အစိုးရအဖွဲ့ကို တည်ထောင်ထားခဲ့သည်။

**ဆင်ဟွာ။**

# ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဩဂုတ် ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ) ဦးနေမျိုး၏ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အန္တရာယ်အဆောက်အအုံအဖြစ် သတ်မှတ်ထားသော ညောင်ရွှေမြို့ အထက-၁ ကျောင်းဆောင်အား ကျောင်းဆောင်သစ်အဖြစ် မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ညောင်ရွှေမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပတ္တမြားဆောင်(အန္တရာယ်ရှိကျောင်းဆောင်) အစား ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ လှိုင်မြို့နယ် (၁၂) ရပ်ကွက် မင်းဓမ္မလမ်းနှင့် ပါရမီလမ်းတောင့်ရှိ တက္ကသိုလ် ဆရာ ဆရာမများရိပ်သာ အပါအဝင် ပညာရေးဝန်ကြီးဌာနပိုင် မြေနေရာတွင် ဆောက်လုပ်နေသော အဆောက်အအုံများအား မည်သို့စီမံဆောင်ရွက်ထားသည်၊ ပညာရေးဝန်ထမ်းများအား မည်သို့နေရာချထားပေးမည်နှင့် ဆောက်လုပ်ခွင့်ရကုမ္ပဏီနှင့် မည်သို့အဘောတူထားသည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မင်းဓမ္မလမ်းနှင့် ပါရမီလမ်းတောင့်ရှိ ဆရာ ဆရာမများရိပ်သာအပါအဝင် ပညာရေးဝန်ကြီးဌာနပိုင် မြေနေရာများတွင် တည်ဆောက်နေသည့် အဆောက်အအုံများကို မင်းဓမ္မဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်းအဖြစ် ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Myanmar Imperial Vega Co.,Ltd. တို့က လုပ်ငန်းဆောင်ရွက်မှုသဘောတူစာချုပ်ချုပ်ဆိုပြီး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ စာချုပ်တွင် ပါဝင်ခြင်းမရှိသေးသည့် ထပ်တိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စာချုပ်ကို ပြင်ဆင်ချုပ်ဆိုခဲ့ပါကြောင်း၊ ပြင်ဆင်ချုပ်ဆိုခဲ့သည့် စာချုပ်အရ အကျိုးအမြတ်ခွဲဝေမှုမှာ ပညာရေးဝန်ကြီးဌာနက မြေ ၃၀ ဒသမ ၃၈ ဧက၊ ၅၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ အဆောက်အအုံ ၄၆၂၇၁၇ စတုရန်းပေ ၅၈ ဒသမ ၁၉ ရာခိုင်နှုန်း၊ ကုမ္ပဏီက မြေ ၃၀ ဒသမ ၃၇ ဧက ၄၉ ဒသမ ၉၉ ရာခိုင်နှုန်း၊ အဆောက်အအုံ ၃၃၂၁၂၉၅ စတုရန်းပေ၊ ၄၁ ဒသမ ၈၁ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

စာချုပ်အရ ပညာရေးဝန်ကြီးဌာနပိုင်အဖြစ် အဆောက်အအုံ စုစုပေါင်း အလုံး ၃၀၊ အိမ်ခန်း ၂၃၉၀ ပါရှိမည်ဖြစ်ကြောင်း၊ အဆောက်အအုံ သုံးလုံးသည် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် အိမ်ခန်း ၁၂၂ ခန်း၌ ဆရာ ဆရာမများကို ယာယီနေထိုင်ခွင့်ပြုထားပြီး အဆောက်အအုံများပြီးစီးပါက သတ်မှတ်ရာထူးနှင့် သတ်မှတ်အဆင့်အတန်းအလိုက် အိမ်ခန်းများကိုနေရာချထားပေးမည်ဖြစ်


ဒေါက်တာမျိုးသိမ်းကြီး


ဦးအောင်ကျော်ကျော်ဦး

ကြောင်း၊ တက္ကသိုလ်များ၊ Community Centre များ၊ ဈေးများ၊ သိပ္ပံပစ္စည်းစက်ရုံများ၊ စက်အဆောက်အအုံများအတွက် အဆောက်အအုံ ၁၆ လုံးရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနရှိ အဆောက်အအုံများနှင့် အိမ်ခန်းများကို အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်)ရုံးခွဲရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် တွဲဖက်ဌာနများ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများအနက် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မိမိကိုယ်ပိုင်အိမ်မရှိသူ၊ မိမိဇနီး သို့မဟုတ် ခင်ပွန်းပိုင်အိမ်မရှိသူ၊ နိုင်ငံပိုင်အိမ်ခန်းရယူထားခြင်းမရှိသူများ၏ လျှောက်ထားခြင်းကို စိစစ်နေထိုင်ခွင့်ပြုလျက်ရှိပါကြောင်း၊ အိမ်ခန်းများနေရာချထားခြင်းကို အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌ၊ တက္ကသိုလ်အရာထမ်း အမှုထမ်းအိမ်နေရာချထားရေးကော်မတီက သတ်မှတ်ထားသည့်စည်းမျဉ်းများနှင့်အညီ ရွေးချယ်ရေးမူဘောင်နှင့် ညီညွတ်သူများကို ပဏာမလျာထားသတ်မှတ်ပါကြောင်း၊ လျာထားအမည်စာရင်းများမှ အိမ်ခန်းနေထိုင်သူများ လိုက်နာရမည့် စည်းကမ်းလိုက်နာနိုင်မည့်သူများကို ထပ်မံရွေးချယ်ပြီးမှ အိမ်ခန်းများကို နေရာချထားပေးပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧကအထွက်နှုန်းမြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့် အစီအမံများကို ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်မျိုးလတ်က နိုင်ငံ၏ အဓိက ပို့ကုန်တိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝမြင့်မားရေးအတွက် တစ်ဧကအထွက်နှုန်းတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံတကာအဆင့်မီ စပါးမျိုးကောင်းမျိုးသန့် အထွက်တိုးမျိုးစပါးများကို တောင်သူလယ်သမားများထံ သင့်လျော်သည့် ဈေးနှုန်းဖြင့် လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန်လိုအပ်ပါကြောင်း၊ မွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူ ကျေးလက်နေပြည်သူများအတွက် တစ်ပိုင်တစ်နိုင်မှသည် တစ်ရွာထုတ်ကုန်တစ်မျိုးအဆင့်အထိ ထုတ်လုပ်သွားနိုင်မည့် မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေး ကျေးရွာများကို မွေးမြူရေးလုပ်ငန်းမှ မိသားစုဝင်ငွေတိုးတက်ရရှိရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သင့်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးစရိတ်ကို လုံလောက်စွာထုတ်ပေးနိုင်ရေး သာမက နည်းပညာပံ့ပိုးပေးရေး၊ ဈေးနှုန်းချိုသာသည့် သွင်းအားစုများ အသုံးပြုခွင့်ရရှိရေး၊ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံပုံစံများချမှတ်ပေးရေး၊ လယ်ယာလုပ်ငန်းသုံးစက်ကိရိယာများကို တောင်သူတိုင်းလက်လှမ်းမီ သုံးစွဲနိုင်ရေး၊ လယ်ယာမြေ စနစ်တကျဖော်ထုတ်ပေးရေး၊ ထွက်ကုန်များကို စားသုံးသူဈေးကွက်အရောက် တိုက်ရိုက်တင်ပို့ ရောင်းချနိုင်ရေး၊ ထွက်ကုန်သီးနှံများ ဈေးကွက်ခိုင်မာရေးအပါအဝင် လယ်ယာကဏ္ဍကို မွေးမြူရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ တောင်သူလယ်သမားများ ဗဟုသုတပြည့်စုံစေရေး ပိုမိုကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သဖြင့် အဆိုကိုထောက်ခံကြောင်း ဆွေးနွေးသည်။

အလားတူ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးက တိုးတက်လာသည့် လူဦးရေအတွက် ရိက္ခာလိုအပ်မှုပိုမိုမြင့်မားလာသကဲ့သို့ စားနပ်ရိက္ခာထုတ်လုပ်ပေးသည့် လယ်ယာမြေများဆုတ်ယုတ်လာသည်ကို တွေ့ရပါကြောင်း၊ လိုအပ်ချက်များကြောင့် တောင်သူများသည် တောင်သူလုပ်ငန်းများကို စွန့်လွှတ်ပြီး အခြားလုပ်ငန်းများပြောင်းရွှေ့လုပ်ကိုင်လာကြသည်ကိုလည်း တွေ့ရပါကြောင်း။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိသည့် ဆည်ငယ်၊ ကန်ငယ်များကို တည်ဆောက်ပေးသင့်ပါကြောင်း၊ သီးနှံဈေးနှုန်းမှန်ကန်မှုရရှိရေးသည်လည်း အရေးကြီးပါကြောင်း၊ တောင်သူများ၏ ထာဝရသယံဇာတများဖြစ်သည့် လယ်ယာမြေများပြန်လည်ရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ ရာသီအလိုက် လုံလောက်စွာရရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ မျိုးကောင်းမျိုးသန့်နှင့် ရိုးရှင်းလွယ်ကူသည့် နည်းပညာဗဟုသုတများရရှိရေး၊ စိုက်ပျိုးသီးနှံများ ဈေးကွက်ရရှိရေး၊ နည်းပညာနှင့် အထောက်အပံ့များရရှိရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လယ်ယာကဏ္ဍ၌ တိုးမြှင့်ရေး စသည်တို့ကို နိုင်ငံတော်မှ ပံ့ပိုးကူညီဆောင်ရွက်မှသာ လယ်ယာကဏ္ဍတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက အဆိုအား အတည်ပြုပေးနိုင်ရန် တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ဟိုပုံးမြို့နယ် မိုင်းပျဉ်းဒေသတွင် တိုက်နယ်ဆေးရုံ တည်ဆောက်ဖွင့်လှစ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဩဂုတ် ၁၈**

ဟိုပုံးမြို့နယ် မိုင်းပျဉ်းဒေသတွင် တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ရန် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ဆေးရုံအဆောက်အအုံ ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါတိုက်နယ်ဆေးရုံ တည်ဆောက်ဖွင့်လှစ်နိုင်ရေးကို အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့တွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ၏ "ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မြောက်ခြမ်းရှိ ကျေးရွာအုပ်စု (၇) အုပ်စုမှ ပြည်သူများအတွက် (မိုင်းပျဉ်း-ဖာလဲ)တွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံကို လာမည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ဖြေကြားခဲ့ခြင်းဖြစ်သည်။


ဒေါက်တာမြင့်ထွေး

ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ ကျောက်တန်းကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဟိုပုံးမြို့နယ်အတွင်းရှိ မိုင်းပျဉ်းကျေးရွာတွင်လည်း ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ထားရှိပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၏ "ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံကို ခုတင် (၅၀) ဆံ့ စံကိုက်ဆေးရုံအဆင့် တိုးမြှင့်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မှ (၂၅)ခုတင်ဆံ့ဆေးရုံကို ခုတင်(၅၀) ဆံ့ဆေးရုံအဖြစ်တိုးမြှင့်ရန် အဆိုပြုတင်ပြခဲ့သော်လည်း သွားလာရေးလွယ်ကူသောမြို့များကို ဦးစားပေးစဉ်းစားရန် မသင့်သေးသဖြင့် တိုးမြှင့်ဖွင့်လှစ်မည့် အစီအစဉ်ကို ပြန်လည်သုံးသပ်တင်ပြပေးရန် လမ်းညွှန်သည့်အတွက် ဖွဲ့စည်းပုံခွင့်ပြုမိန့် မရရှိခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရေတာရှည်မြို့နယ်ဆေးရုံ၏ ခွင့်ပြုခုတင်အသုံးချမှုရာခိုင်နှုန်းသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း Increasing Trend ဖြစ်နေကြောင်း စိစစ်တွေ့ရှိရသော်လည်း ခုတင်(၅၀)ဆံ့အဆင့် တိုးမြှင့်မည်ဆိုပါက ဖွဲ့စည်းပုံအရ လိုအပ်သည့် ဝန်ထမ်းအင်အားကို ဖြည့်ဆည်းရန် အခက်အခဲရှိသဖြင့် လောလောဆယ်တွင် ဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း၊ အတွင်းလူနာနှင့် အပြင်လူနာ တက်ရောက်မှုနှုန်း အားလုံးကိုကြည့်ပြီး လိုအပ်ပါက ဆက်လက်စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးဇွေ့တင်း၏ "ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံကို အသစ်ဆောက်လုပ်ပေးပြီး ခုတင်(၁၀၀) ဆံ့ ဆေးရုံ


ဦးခွန်သိန်းဖေ

အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆမီးမြို့တွင် (၂၅) ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ခွင့်ပြုခုတင်အသုံးချမှုရာခိုင်နှုန်းသည် တိုးတက်လာသော်လည်း နည်းပါးသေးပါကြောင်း၊ တစ်နေ့ပျမ်းမျှ အတွင်းလူနာဦးရေသည် ၂၂ ဦးခန့်သာရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ခုတင်(၅၀)ဆံ့ဆေးရုံမှ ခုတင် (၁၀၀) ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ရန် အစီအစဉ်မရှိပါကြောင်း၊ သို့သော်လည်း လိုအပ်သည့် ဝန်ထမ်းအင်အားနှင့် ပစ္စည်းကိရိယာများကို အမြန်ဆုံး ဖြည့်ဆည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက(၁၆)ခုတင်ဆံ့ ဆမီးတိုက်နယ်ဆေးရုံသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ခွင့်ပြုခုတင်အသုံးချမှုသည်လည်း ခုတင်အဆင့်မြှင့်တင်ရန် သတ်မှတ်ရာခိုင်နှုန်း ပြည့်မီခြင်းမရှိပါကြောင်း၊ တစ်နေ့ပျမ်းမျှအတွင်းလူနာဦးရေသည် ၃ ဦးသာရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် (၂၅)ခုတင်ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ရန်အစီအစဉ် မရှိပါကြောင်း၊ ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံအတွက် ခွဲစိတ်ခန်းအသစ်နှင့် အခြားအဆောက်အအုံကိစ္စများနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးမှုများအရ အထူးလိုအပ်သည်ဖြစ်၍ အမြန်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်၏ "မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် လစ်လပ်နေသော ကျန်းမာရေးအမှုထမ်း၊ အရာထမ်းများကို အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြင်းခြံခရိုင်ပြည်သူ့ဆေးရုံ၏ ခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်းသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း Increasing Trend ဖြစ်နေကြောင်း စိစစ်တွေ့ရှိရသော်လည်း ခုတင်အဆင့်မြှင့်တင်ရာတွင် လိုအပ်သည့် အခြေခံမှုများ ပြည့်မီခြင်းမရှိပါသဖြင့် ခုတင် (၂၀၀)ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးတွင် အထူးကုလက်ထောက် မေ့ဆေးဆရာဝန်တစ်ဦး ခန့်အပ်ပေးသွားမည်ဖြစ်ကြောင်း၊ ရောဂါဗေဒ အထူးကုဆရာဝန်ရာထူး ၁၄၇ ဦး ခွင့်ပြုထားသည့်အနက် ၇၄ ဦးခန့်ထားနိုင်ပြီး ၇၃ ဦးလစ်လပ်နေပါသဖြင့် လတ်တလောတွင် ခန့်အပ်ပေးနိုင်မည်မဟုတ်ပါကြောင်း၊ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန် ခန့်အပ်ပေးရေးနှင့် ပတ်သက်၍ မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးတွင် သွားဘက်ဆိုင်ရာ လက်ထောက် ဆရာဝန်တစ်ဦးကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်နေ့တွင် ကုသရေးဦးစီးဌာနအနေဖြင့် ခန့်အပ်ထားရှိပြီးဖြစ်ကြောင်းနှင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိကြောင်း။

လက်ရှိအခြေအနေတွင်သူနာပြုများ လိုအပ်လျက်ရှိနေပါသဖြင့် အမြန်ဆုံး ခန့်ထားပေးရန် အစီအစဉ်မရှိသေးသော်လည်း မကြာမီထွက်ပေါ်လာမည့်သူနာပြုများနှင့် သစ်လွင်ဆရာဝန်များကို မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ခန့်ထားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# မိုးအေးအေးနှင့် စာရေးစာဖတ်

ဦးဟန်ညွန့်(ဥပဒေ)

**နေပြည်တော်မိုး**

နေပြည်တော်မိုးက သဲကြီးမဲကြီးရွာနေသည်။ မိုးများ၍ အိမ်ပြင်မထွက်ဖြစ်။ အိမ်တွင်းမှာအနေများသည်။ ထုံးစံအတိုင်း အိမ်တွင်းစာအုပ်စင်သို့သာ စာအုပ်များနှင့် နှစ်ပါးသွားရစမြဲ။ စာအုပ်တွေ ဖတ်ရင်း၊ ဟိုတွေး ဒီတွေး စာတွေရေး။ မိုးတအေးအေးကိုပင် ခုံမင်မိသလို။

**သတင်းစာမဖတ်ရ မနေနိုင်**

မနက်မိုးလင်း၍ သတင်းစာ မဖတ်ရ မနေနိုင်။ မိုးတဖွဲ့ဖွဲ့ကြားက စောစီးစွာသတင်းစာလာပို့သော ကိုသိန်းဇော်၏ ဆိုင်ကယ်သံကို အမြဲနားစွင့်မိသည်။ နေပြည်တော်ဘူတာတစ်ဝိုက် သူလိုက်ပို့သော သတင်းစာ၊ ဂျာနယ်စောင်ရေက မနည်းလှ။ ဝီရိယစိုက်ထုတ်သော သတင်းစာပို့သမားများရှိမှလည်း စာဖတ်ပရိသတ်များ အချိန်မီဖတ်ရမည်။ နာရီစောစောဖတ်ရလေ သတင်းထူး သတင်းဦးကို စောစောသိရလေမဟုတ်လား။ သတင်းစာများအနက် "ကြေးမုံ"အကြောင်း ဦးစွာတင်ပြပါရစေ။

**ကြေးမုံဖတ်ကြည့်**

အသွင်သစ် အမြင်သစ်များနှင့် ကြေးမုံကို တည်ဆောက်ထားသည်။ တည်ဆောက်သူ၊ ဖန်တီးသူ စာတည်းများ၏ စွမ်းအားကို လေးစားသည်။ စာတည်းများ သာမက စွမ်းအားပြသူ စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ ကျေးဇူးတင်ထိုက်သူ အားလုံးကို စာဖတ်သူများ၏ကိုယ်စားကျေးဇူးတင်သည်။ စာသမားမို့"ကြေးမုံဖတ်ကြည့်" ကဏ္ဍသစ်ကို ကြိုက်သည်။ စောင့်ဖတ်သည်။ ဆရာကျော်စောမင်း၏ သုံးသပ်ချက်များသစ်သည်။ လွင်သည်။ ထက်သည်။ စာပေဆန်သည်။ အမြင်ချင်းတော့ ကွဲတာရှိမည်။ ဘာပဲပြောပြော ရသအဖွဲ့အနွဲ့အရေးအသားများကို ထောင့်စုံဝေဖန်တတ်၍ ကြိုက်သည်။ မဖတ်ဖြစ်သည့် စာအုပ်တွေအကြောင်း မိတ်ဆက်ပေးသည်။ ခေတ်ပေါ်ကဗျာတွေအကြောင်းပါ သုံးသပ်ပေးသည်။ စောင့်၍ ဖတ်ဦးမည်။

**ထွက်ရှိသော စာအုပ်စာရင်း**

ထွက်ရှိသော စာအုပ်စာရင်းတွေ ယခင်က သတင်းစာတွေမှာမပါ။ မဖော်ပြ။ ကြော်ငြာအနေနှင့်သာပါသည်။ ယခုတော့ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသောစာအုပ်စာရင်းကို ဖော်ပြပေးသည်။ စာသမားများ ကြိုဆိုသည်။ ဝယ်လိုသော စာအုပ်ဝယ်နိုင်သည်။ သိမ်းလိုသောစာအုပ် သိမ်းနိုင်မည်။ မင်းသားသုမောင်ရေးသော "သာဓုနှင့် ကျွန်တော်တို့၏ ဖခင်များအကြောင်း" စာအုပ်ကို စိတ်ကူးချိုချိုက ထုတ်ဝေသည်တဲ့။ ဝယ်ဖတ်ဦးမည်။

**၈၈ စိတ်ဓာတ်**

၈၈ စိတ်ဓာတ်ဆိုတာဘာလဲ။ ၈-၈-၂၀၁၆ ရက်စွဲဖြင့် ကြေးမုံခေါင်းကြီးပိုင်းတွင် အောက်ပါအတိုင်းရေးသည်။

**"၈၈ စိတ်ဓာတ်"**

ပြည်သူတို့၏ ရင်တွင်းက မဟုတ်မခံသည့်စိတ်ဓာတ်၊ မတရားမှုကို မခံလိုသည့် စိတ်ဓာတ်၊ ဖိနှိပ်မှုကို ဆန့်ကျင်တော်လှန်လိုသည့် စိတ်ဓာတ်၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို လိုလားတောင့်တသော စိတ်ဓာတ်၊ အများပြည်သူအကျိုးကို ဦးထိပ်ထားသည့် စိတ်ဓာတ်. . ။

**နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ**

ဇူလိုင်လထဲက ရန်ကုန်မှာ ကျင်းပခဲ့သော နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲသို့ ကိစ္စတစ်ခုနှင့် တိုက်ဆိုင်နေသောကြောင့် မတက်နိုင်ခဲ့။ စာတမ်းမိတ္တူများသာ ရအောင်တောင်းယူလေ့လာဖတ်ရှုရသည်။ စာအုပ်ထွက်မှ အသေအချာ ထပ်မံလေ့လာရဦးမည်။ မိုးရာသီစာအုပ်ဈေးရောင်းပွဲမှာ ရောင်းသည့် စာအုပ်ကောင်းများကိုတော့ လူကြုံနှင့်မှာပြီး ဝယ်ဖြစ်သည်။

**ဒီစာအုပ်တွေ**

ဥပဒေစာအုပ်ပုံတွေကြားထဲက အောက်ပါစာအုပ်များကို သီးသီးခြားခြားတွေ့သည်။ စာအုပ်ဈေးပွဲတော်က ဝယ်ခဲ့သော စာအုပ်တွေပါ။

(၁) ဒေါ်အောင်ဆန်းစုကြည်နှင့်စစ်ဗိုလ်ချုပ်ကြီးများ(ဟီလာရီကလင်တန်ရေး၍ ထားထားမြင့် ဘာသာပြန်သည်) တိုးမြင့်စာအုပ်တိုက်မှ ထုတ်ဝေ၊ ဩဂုတ်လ ၂၀၁၄)

(၂) ရတနာနတ်မယ်(သို့မဟုတ်) တစ်ခါတုန်းက သမ္မတ ကတော်(စာရေးဆရာ သန်းဝင်းလှိုင်၊ လွင်ဦးစာပေ၊ ၂၀၁၅ မတ်လ)

(၃) ပြောင်းလဲလာသော မြန်မာနိုင်ငံအုပ်ချုပ်ပုံစနစ်များ၊ စာရေးဆရာမြင့်သိန်း၊ ရန်ကုန် တက္ကသိုလ် စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၂၀၁၆၊ ဖေဖော်ဝါရီလ)

(၄) အရေးတော်ပုံ (စာရေးဆရာဌေးမောင်၊ ရန်အောင်စာပေ၊ ၂၀၁၃ ၊ အောက်တိုဘာလ)

(၅) မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ (လူထုဒေါ်အမာ၊ ဘာသာပြန်သည်၊ စာပေလောက စာအုပ်တိုက်၊ ၁၉၉၉၊ စက်တင်ဘာလ)

(၆) စစ်၊ အချစ်နှင့်ထောင်(လူထုဦးလှ၊ လူထုကြီးပွားရေးပုံနှိပ်တိုက်၊ ၂၀၀၉၊ ဒီဇင်ဘာလ)

(၇) ကျမဖေဖေ၊ အောင်ဆန်းစုကြည် (နိုင်ဦးမြန်မာပြန်သည်) Aung San of Burma, Biographical portrait by this daughter, Aung San Suu Kyi (ဇင်ရတနာစော စာပေ၊ ၂၀၁၃ မတ်လ)

(၈) အကျဉ်းခံသီပေါ (တက္ကသိုလ်စိန်တင်၊ အားမာန်သစ်စာပေ၊ ၁၉၉၈၊ မေလ)

(၉) အားနွဲ့သူပါရှင် မဂ္ဂဇင်းဝတ္ထုရှည်များ (စာရေးဆရာမကြီး ခင်နှင်းယု၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၂၀၁၃၊ မတ်လ)

(၁၀) ကျွန်တော်အိုင်စီအက်စ် (ဦးချမ်းသာ၊ စာအုပ်ဈေးစာအုပ်တိုက်၊ ၂၀၁၁၊ စက်တင်ဘာလ)

(၁၁) မင်းရေးကြွယ်ကြွယ် (ဗိုလ်မှူးကြီးဟောင်းတင်မောင်၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၂၀၁၄၊ ဇန်နဝါရီလ)

**ဖတ်ချင်တာတွေကများ**

နိုင်ငံရေးစာပေတွေ ကာလအတန်ကြာ ငြိမ်သက်နေခဲ့လေသလား။ ယခုငြား ပွင့်ကားထိုးထွက်လာပြီ။ လူငယ်တွေအတွက် ပို၍အားတက်စရာ။ တစ်ခါတစ်ရံကျတော့ ခေတ်လူငယ်တွေကို ကျွန်တော်အားမရမိ။ သူတို့က ကွန်ပျူတာခေတ်ဆိုပြီး Facebook ပွတ်ရင်း အချိန်ကုန်နေကြပြီလော။ ကျွန်တော်တို့တက္ကသိုလ်ကျောင်းသားဘဝတိုင် ကွန်ပျူတာမပေါ်သေး။ တက္ကသိုလ်စာကြည့်တိုက်ကိုသာ အပြေးအလွှားသွားခဲ့ရသော အချိန်။ မှတ်စုစာအုပ်တစ်အုပ်နှင့် အလုပ်ရှုပ်ခဲ့သည့်ကာလ။ စာအုပ်စုံစုံလင်လင် ဖတ်နိုင်မှ နိုင်ငံရေးစာပေ၊ သမိုင်း၊ ပထဝီ၊ ဥပဒေဘာသာရပ်တွေ ပေါင်းစပ်ခဲ့ရသည်လေ။ ဖတ်ဖူးသော စာအုပ်၊ မဖတ်ဖူးသောစာအုပ်ရွေးထုတ်ပြီး အခါခါ အထပ်ထပ်ပြန်ဖတ်ရတာလည်းရှိ အချို့ဆိုလျှင် အလွတ်ကျက်ပြီးသား။

**ပေါ့ပေါ့ဆဆ**

နှုတ်တစ်ရာ စာတစ်လုံးဖြစ်သည်။ မှတ်တမ်းပြုထားသော စာအုပ်၊ သမိုင်းဝင်သောစာအုပ်၊ ရေရှည်ဖတ်ရမည့် စာအုပ်၊ စာအုပ်စင်တွင် အစဉ်ထားရမည့် စာအုပ်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးရမည့် စာအုပ်၊ အချင်းချင်း ညှိနှိုင်းတိုင်ပင်စရာစာအုပ်၊ ရည်ညွှန်းကိုးကားအပ်သောစာအုပ်။ ထိုထိုသော ဂုဏ်ထူးဝိသေသများနှင့်ပြည့်စုံကုန်သော စာအုပ်များကို စုပါ။ ဆောင်းပါ။ ဖတ်ပါ။ မှတ်ပါဟု လူငယ်များအားပြောဖို့ လိုဦးမည်လား။ ဗဟုသုတ ကုံလုံကြွယ်ဝကြစေ။ သမိုင်းအမွေဆက်ခံစေ။ အဆိုးအကောင်း၊ အကျိုးအကြောင်း ထုတ်နုတ်တတ်ကြစေ။ သင်ခန်းစာယူတတ်ကြစေ။

**စာတမ်းများကျေးဇူး**

လူငယ်တွေ ဘယ်လိုကိုယ်ကျိုးစွန့်သင့်သလဲ။ လူငယ်တွေ သမိုင်းဘယ်လိုလေ့လာမလဲ။ နိုင်ငံရေးဆိုတာ ညစ်ပတ်ဖို့မဟုတ်၊ လူထုအကျိုးပြုဖို့။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို မမီလိုက်သော လူငယ်များ၊ ငြိမ်းချမ်းရေးအရေးကြီးပုံ၊ စာကြည့်တိုက်၏ အခန်းကဏ္ဍ၊ နိုင်ငံရေးအတ္ထုပ္ပတ္တိ၊ စာနယ်ဇင်း အခြေအနေ၊ နိုင်ငံတကာနိုင်ငံရေး၊ အတွေးအခေါ် သစ်လွင်မှု၊ ခေတ်သစ်ကမ္ဘာစသည် စသည်ဖြင့် စာတမ်းများ၏ ကျေးဇူးကြောင့် သိမြင်ရသည်။ စာအုပ်စာပေ လူ့မိတ်ဆွေ ဖြစ်ပေသည်။

**စာအုပ်များစွာလေ့လာစရာ**

"အောင်ဆန်းကား အဝေဖန်ခံရမှာ ကြောက်၍ လုပ်ရမည့်အလုပ်ကို ရှောင်လွှဲတတ်သူမဟုတ်၊ လက်ရှိကမ္ဘာ့အခြေအနေတွင် အင်္ဂလိပ်စာ၏ အရေးပါမှုကို သဘောပေါက်သည့်အလျောက် သူ၏ အင်္ဂလိပ်စာ အရည်အသွေးကိုတိုးတက်အောင် အပတ်တကုတ်ကြိုးစားသည်။ အင်္ဂလိပ်စာအုပ်တွေ သိမ်းကျုံးဖတ်သည်။ နားရည်ဝအောင် နားထောင်သည်။ အင်္ဂလိပ်ကျောင်းတွင် ပညာသင်ခဲ့၍ အင်္ဂလိပ်စာတွင် တစ်ပန်းသာသော သူနှင့် အနီးကပ်မိတ်ဆွေတစ်ဦးထံတွင် အကူအညီယူသည်။ သို့ဖြင့် အောင်ဆန်း၏ အင်္ဂလိပ်စာကျွမ်းကျင်မှုမှာ မထင်မှတ်ရလောက်အောင် တိုးတက်လာခဲ့သည်"ဟု အောင်ဆန်းစုကြည် ကျမဖေဖေ စာအုပ် စာ-၇တွင် ဖတ်ရှုမှတ်သားရသည်။

"ဘုရင်ခံ၏ နေ့လယ်စာစားပွဲသို့ ပင်နီရင်ဖုံး၊ ပုဆိုးတောင်ရှည်၊ ခေါင်းပေါင်းနှင့်တက်ခဲ့၍ ဘုရင်ခံက နှုတ်ဆက်ရုံပဲ နှုတ်ဆက်၍ စကားမပြောဘဲ ထားခြင်းခံခဲ့ရသည်"ဟု ကျွန်တော်အိုင်စီအက်စ်စာအုပ်တွင် ဆရာကြီး ဦးချမ်းသာက ရေးခဲ့သည်။ (အဆိုပါစာအုပ် စာ-၉)။ ဂုဏ်ယူပါသည်။ "ပိတောက်ပန်း၏ ရနံ့သည် ချို၍မွှေး၏။ ပိတောက်မွှေးလာပြီဆိုလျှင် လေထဲတွင် မိုးသက်ကပါ၍ လာတတ်ပေသည်။ ထို့ကြောင့် နံနက်ခင်းသည် မွှေး၍ အေးသောနံနက်ဖြစ်ပေသည်။ ဝါသော ပိတောက်ခက်တို့သည် လေတွင် အိ၍ အိ၍ ညွတ်နေကြသည်။ နေရောင်ကလည်း နံနက်နေခြည်ဖြစ်၍ သစ်လွင်တောက်ပနေသည်"ဟု "ဆရာမကြီးခင်နှင်းယု"ရေးသော "အားနွဲ့သူပါရှင်" ဝတ္ထုရှည်ကြီး၏ (အစ) (နိဒါန်း) ကို ဖတ်ရှုရင်း ပိတောက်ပန်းနံ့တွေ ကျွန်တော့်တစ်ကိုယ်လုံး သင်းထုံပျံ့သလို ခံစားရသည်။

**ရာဇသတ်ကြီးငြိကာ ဥပဒေစာအုပ်**

ရသစာအုပ်များ ဖတ်အပြီး ကျွန်တော်၏ စာရေးစားပွဲပေါ်တွင် မေးတင်နေသောစာအုပ်မှာ ဦးကျော်စိန်ရေးသားပြုစုသည့် ရာဇသတ်ကြီးငြိကာ (THE PENAL CODE) ဥပဒေစာအုပ်ဖြစ်သည်။ ၂၀၁၆ မေလတွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသည်။ ကျောင်းနေဖက်၊ ဥပဒေအရာရှိ လုပ်ဖော်ကိုင်ဖက်၊ အတွေ့အကြုံစုံသူ တရားလွှတ်တော် ရှေ့နေဦးကျော်စိန်သည် ၂၀၁၆ ခုနှစ် မတ်လအထိ ပြင်ဆင်ဖြည့်စွက်ပြီး ရှင်းလင်းချက်မှတ်စုများဖြင့် မွမ်းမံပြုစုရေးသားထားသည့် ရာဇသတ်ကြီးငြိကာဖြစ်သည်။ ကျမ်းပေါင်းစုံနှင့်ညှိပြီး အတွေ့အကြုံပါ ပေါင်းစပ်၍ ဥပဒေလောကသားများအတွက် ပြုစုထားသဖြင့် ရှားပါးလက်စွဲစာအုပ်ဖြစ်ပေသည်။ ဥပဒေစာအုပ်စင်တွင် အစဉ်ရည်ညွှန်းထားရှိသင့်သည်။

**သုတ၊ ရသ**

စာပေတွင် သုတရှိသည်။ ရသရှိသည်။ အချို့က သုတ၊ အချို့က ရသ၊ အချို့က သုတရော ရသပါနှစ်ဖြာ အကျိုး လေ့လာသိုမှီးကြသည်။ ရင်ဝယ်သိမ့်သိမ့်ခံစားတတ်ကြသည်။ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်ရေးသော "သူငယ်ချင်းလိုပဲ ဆက်၍ ခေါ်မည်ခိုင်" ဝတ္ထုသည် ယနေ့တိုင် မမေ့နိုင်။ အချို့စကားလုံးများ၊ ဝတ္ထုထဲက ပြောစကားများကို အသက်(၇၀)ကျော် အဘိုးကြီး၊ အဘွားကြီးတွေ ရေရွတ်ဆဲ၊ အလွတ်ရဆဲ၊ တမ်းတဆဲ (တက္ကသိုလ်ကျောင်းသားဘဝက ဖတ်ခဲ့သော၊ ကာလကြာပြီဖြစ်သော၊ ယနေ့တိုင် လွမ်းဆွတ်ဆဲဖြစ်သော) ဟု စာပေရသကို တမ်းတနေကြပါသည်။

**မအအောင်သင်သောသမိုင်း**

"သမိုင်းသင်တာ မ "အ"အောင်လို့" ဟု သမိုင်းပါမောက္ခဆရာကြီး ဒေါက်တာသန်းထွန်း၏ အမှာစကားနာကြားဆဲပါ။ နိုင်ငံရေးစာပေကြောင့် သမိုင်းတောက်ပြောင်ပါသည်။ သမိုင်းအမွေတည်ပါပေသည်။ သုတစာပေသည် သမိုင်း၊ သမိုင်းသည် သုတစာပေ ဖြစ်ပါပေသည်။

**တိုးတက်သောခေတ်**

တိုးတက်သောခေတ်၊ ကွန်ပျူတာခေတ်၊ Facebook ခေတ်တွင် စာအုပ်စာပေများကဖြင့် ဘယ်သောအခါမှ တိမ်ကောမည်မထင်ပါ။သမိုင်းသက်သေတည်နေမည်သာပါ။

မိုးအေးအေးနှင့်
-သဲကြီးမဲကြီးရွာသော မိုး. . ။
-ဖွဲ့ဖွဲ့ကလေးမျှသာ အေးချမ်းစွာ. . ။
-မိုးအေးအေးနှင့်စာရေးစာဖတ်လျက်ပါ. . ။ ။

# လဟယ်မြို့အတွက် ကျပ်သိန်း ၁၃၀၀ တန်ဖိုးရှိ စားသောက်ကုန်နှင့် အဝတ်အထည်များလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၈**

နိုင်ငံတစ်ဝန်း ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစားနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် ကြုံတင်ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)က စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက်က စစ်ကိုင်းတိုင်း ဒေသကြီး ခန္တီးခရိုင် လဟယ်မြို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် လှူဒါန်းခဲ့ကြောင်း သိရသည်။ လှူဒါန်းမှုတွင် ငွေကျပ် သိန်း ၅၀၀ အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၃၀၀ ကျော်တန်ဖိုးရှိ ကလေး၊ လူကြီးဝတ် ခေါင်းစွပ်ပါ အနွေးထည် ၃၅၀၀၊ အိမ်ထောင်စု ၂၀၀၀ အတွက် ပစ္စည်းကိုးမျိုးပါ စားနပ်ရိက္ခာထုပ် ၂၀၀၀ နှင့် PEP နို့မှုန့်အထုပ် ၂၀ ပါ ပါကင်ထုပ် ၃၅၀၀ တို့ကို ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်မှုဖြင့် ကမ္ဘောဇဘဏ်လီမိတက် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံ သွားရောက်လှူဒါန်းခဲ့သည်။

ထို့ပြင် မိုးလေဝသပညာရှင်များက လာမည့်ဆောင်းရာသီတွင် လာနီညာရာသီဥတုဖြစ်ပေါ်ကာ အအေးလွန်ကဲနိုင်ကြောင်း သတင်းထုတ်ပြန်ချက်များအရ ယခုနှစ် ဆောင်းရာသီတွင် လာနီညာရာသီဥတု ဖြစ်ပေါ်လာပါက အအေးဒဏ်လွန်ကဲမှု ပိုမိုခံရနိုင်သည့် ဒေသများရှိ တိုက်ပွဲရှောင်စခန်းများမှ တိုင်းရင်းသားပြည်သူများအတွက် အအေးဒဏ်ကာကွယ်နိုင်ရန် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ခေါင်းစွပ်ပါအနွေးထည် တစ်သိန်းလေးသောင်းကို ဖောင်ဒေးရှင်း ဥက္ကဋ္ဌ၏ စီစဉ်ညွှန်ကြားမှုဖြင့် ဆောင်းရာသီအမီ ကြိုတင်ပို့ဆောင်လှူဒါန်းလျက်ရှိသည်။

ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံဒေသအချို့တွင် ရေကြီးရေလျှံမှုများဆက်တိုက်ဖြစ်ပေါ်မှုကြောင့် ရေဘေးဒုက္ခကြုံတွေ့နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ သောက်သုံးရေသန့်နှင့် ထမင်းဘူးများကို အဆိုပါဒေသများရှိ ဒေသခံပြည်သူများနှင့် ကမ္ဘောဇဘဏ်လီမိတက်ဘဏ်ခွဲများမှ အရာထမ်း၊ ဝန်ထမ်းများ၊ ဖောင်ဒေးရှင်း အဖွဲ့ဝင်များ ပူးပေါင်းပြီး နေ့စဉ်ရေဝင်နစ်မြုပ်နေသည့် ရပ်ကွက်၊ ကျေးရွာများထိ သွားရောက်၍ အဆက်မပြတ်



ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)သည် စတင်ဖွဲ့စည်းခဲ့သည့်အချိန်မှစ၍ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစားနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်ခဲ့သည့်နေရာများရှိ ပြည်သူများအတွက် စုစုပေါင်းကျပ်ငွေ ၁၀၇ ဘီလီယံကျော်ကို တိုင်းပြည်နှင့် ပြည်သူအကျိုးပြုလှူဒါန်းခဲ့ကြောင်း သိရသည်။ (၀၁၀)

# မြစ်ဆုံအပန်းဖြေစခန်း အဆင့်မြှင့်တင်ရေးနှင့် မြစ်ဆုံဆည်စီမံကိန်းနေရာသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဩဂုတ် ၁၈**

ကချင်ပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သည့် မြစ်ဆုံအပန်းဖြေစခန်း သာယာလှပရေး၊ အပန်းဖြေလာရောက်သူများ အဆင်ပြေချောမွေ့စေရေး၊ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်နိုင်ရေး၊ နိုင်ငံတကာအဆင့်မီ အပန်းဖြေနေရာတစ်ခုအဖြစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းနှင့် ဧရာဝတီမြစ်ညာမြစ်ဝှမ်းဒေသ ရေအားလျှပ်စစ်စီမံကိန်းများစုံစမ်းရေးကော်မရှင်အဖွဲ့ဝင် ဒေါ်မေရီမေနန်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မြစ်ဆုံသို့ ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ မြစ်ဆုံစည်ပင်သာယာရေးဂေဟာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မြစ်ဆုံအပန်းဖြေစခန်း အဆင့်မြှင့်တင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု၊ ဈေးဆိုင်ခန်းများစနစ်တကျရောင်းချနိုင်ရေးနှင့် သာယာလှပစေရေးအတွက် ဆောင်ရွက်သွားမည့်အစီအမံများကိုတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၏ အထင်ကရနေရာတစ်ခုအား အပန်းဖြေလာရောက်သူများ အဆင်ပြေချောမွေ့စေရေး၊ သဘာဝအရင်းအမြစ်များ မပျက်စီးစေဘဲ ဆွဲဆောင်မှုရှိသည့် နေရာတစ်ခုဖြစ်လာစေရေးနှင့် ရိုးရာယဉ်ကျေးမှုကို ဖော်ဆောင်သည့် နေရာတစ်ခုဖြစ်လာစေရေးအတွက် စီမံဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအားမှာကြားပြီး ဈေးဆိုင်ခန်းများတည်ဆောက်ထားရှိမှု၊ ကချင်ရိုးရာအိမ်တည်နေရာအခြေအနေနှင့် ခရီးသွားဧည့်သည်များ၏ မော်တော်ယာဉ်များ အဆင်ပြေစွာထားရှိနိုင်ရေးအတွက် နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ဆုံဆည်တည်ဆောက်ရေးစီမံကိန်းနေရာသို့ သွားရောက်ပြီး မြစ်ကူးတံတားတည်ဆောက်ထားသည့် တံတားစီမံကိန်းနေရာသို့ လှည့်လည်ကြည့်ရှုကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ CPYIN ကုမ္ပဏီမှ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများရပ်ဆိုင်းထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဧရာဝတီမြစ်ညာမြစ် အထက်ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်မှု အခြေအနေများနှင့် မြစ်ဆုံဆည်စီမံကိန်းအတွက် ပြောင်းရွှေ့ခံပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေများကို မေးမြန်းခဲ့သည်။ **(ပြည်နယ်ပြန်/ဆက်)**

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ဒွါဒသမ အကြိမ်မြောက်
မြန်မာနိုင်ငံကြက်ခြေနီညီလာခံ

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်
စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၊ နေပြည်တော်

# အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းဖွဲ့စည်း

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၆ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်မည့် ပဏာမကစားသမား ၂၆ ဦးစာရင်းကို ဩဂုတ် ၁၆ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီး နည်းပြ ဂတ်ဖရိုင်းဒရစ်လက်ထက် ပုံမှန်ပါဝင်နေသည့် ကစားသမားအများစု ပါဝင်လာခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် သုံးလနီးပါး အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ဩဂုတ် ၂၃ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် နေရပ်ပြန်၍ ဥရောပခြေစမ်းခရီးစဉ်အတွက် စီစဉ်လျက်ရှိပြီး ၎င်းပြန်လည်မရောက်ရှိမီ လူစာရင်းကို ကြိုတင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့် ပဏာမလူစာရင်းတွင် ပုံမှန်ပါဝင်နေသည့် ကစားသမားအများစုပါဝင်လာပြီး မျက်နှာသစ်ကစားသမားအဖြစ် ဇေယျာရွှေမြေ၏ လူငယ်နောက်ခံလူ ဖြိုးပိုင်စိုးသာပါဝင်လာခဲ့သည်။ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ယခုရွေးချယ်ထားသည့် ကစားသမားများကို လေ့ကျင့်ပေးမည်ဖြစ်ပြီး အသင်းနှင့် အံမဝင်သည့် ကစားသမားများကို အပြောင်းအလဲ ပြုလုပ်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာလမှ စတင်ကာ နိုင်ငံတကာခြေစွမ်းပွဲများစတင်ကစားမည်ဖြစ်ပြီး စက်တင်ဘာလဒုတိယပတ်မှ စတင်ကာ ဥရောပခြေစမ်းခရီးစဉ်သွားရောက်မည်ဖြစ်သည်။

ထို့ပြင် စက်တင်ဘာ ၃ ရက်တွင် အာဆီယံဒေသတွင်း အသင်းတစ်သင်းနှင့် ခြေစမ်းကစားမည်ဖြစ်ပြီး ဥရောပခြေစမ်းခရီးစဉ်အပြီးတွင်လည်း တောင်ကိုရီးယားခြေစမ်းခရီးစဉ်နှင့် အခြားနိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ခ)၌ မလေးရှား၊ ဗီယက်နမ်၊ ခြေစမ်းပွဲအောင်အသင်းတို့နှင့်အတူ ကျရောက်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် ဂိုး ကျော်ဇင်ဖြိုး(မကွေး)၊ ရန်အောင်လင်း(ရတနာပုံ)၊ ပြည့်ဖြိုးအောင်(Southern)၊ နောက်တန်း ကျော်ဇင်လွင်၊ နန္ဒကျော်(မကွေး)၊ ဟိန်းသီဟဇော်၊ ဇော်လင်း(ရှမ်းယူနိုက်တက်)၊ ဖြိုးပိုင်စိုး(ဇေယျာရွှေမြေ)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ အောင်ဇော်(ဟံသာဝတီ)၊ ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း(ရန်ကုန်)၊ အလယ်တန်း ရဲကိုဦး၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း(ရတနာပုံ)၊ ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ ရန်နိုင်ဦး(ရှမ်းယူနိုက်တက်)၊ ဆောင်လမန်(ချင်းယူနိုက်တက်)၊ သီဟဇော်(ဧရာဝတီ)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ ရှေ့တန်း ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ အောင်သူ၊ ဝင်းနိုင်စိုး(ရတနာပုံ)တို့ ပါဝင်ကြသည်။

**(ရှိုင်းထက်ဇော်)**

**O ကျောဖုံးမှ**

အိတ် ၂၀၊ ငါးသေတ္တာ(ဘူး ၁၀၀ပါ) ၃၃ ဖာ၊ ဆား(၂၅ ပိဿာပါ) သုံးအိတ်၊ ခြင်ထောင်(အလုံး ၁၀၀ ပါ) ငါးအိတ် စုစုပေါင်းပစ္စည်းခြောက်မျိုးတို့ကို တပ်မတော်၏အကူအညီဖြင့် သက်ဆိုင်ရာက ဒုတိယအကြိမ်မြောက် သွားရောက်ထောက်ပံ့ခြင်းဖြစ်သည်။

"လက်ရှိထောက်ပံ့နေတဲ့ ဆန်တွေက ရိုးရိုးဆန်မဟုတ်ပါဘူး။ အာဟာရဖြည့်ဆန်တွေဖြစ်တဲ့အတွက် ပြည်သူတွေအတွက် ပိုပြီးထိရောက်မှုရှိမှာပါ။ ပို့ဆောင်တဲ့အခါမှာတော့ လမ်းခရီးအခက်အခဲတွေရှိပါတယ်။ ပထမအကြိမ်တုန်းကလိုပဲ ရန်ကုန်ကနေ ဟုမ္မလင်းကို လေယာဉ်နဲ့ပို့မယ်။ ဟုမ္မလင်းကနေ အသင့်စောင့်နေတဲ့ တပ်မတော်ရဟတ်ယာဉ်နဲ့ ခန္တီးကိုချက်ချင်းပို့မယ်။ အဲဒီကနေ ရေလမ်းနဲ့ ကုန်းလမ်းခရီးတွေကို အသုံးပြုပြီး ဆက်လက်ပို့ဆောင်ပေးသွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ထိုသို့ပို့ဆောင်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူတို့က လိုက်ပါပို့ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ဟုမ္မလင်းမြို့သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် တပ်မတော်ရဟတ်ယာဉ်ဖြင့် စားသောက်ကုန်ပစ္စည်းများကို ခန္တီးမြို့သို့ သယ်ဆောင်ကာ ရာသီဥတုအခြေအနေပေါ်မူတည်၍ အဆိုပါဒေသများသို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အဆိုပါဒေသသို့ ဩဂုတ် ၁၅ ရက်က ကနဦး ထောက်ပံ့မှုအနေဖြင့် အာဟာရဆန်၊ ဆီ၊ ကုလားပဲခြမ်းနှင့် ငါးသေတ္တာဘူး အပါအဝင် စားသောက်ကုန်ပစ္စည်းများကို သက်ဆိုင်ရာက ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

**✱ ရှမ်းရိုးရာမှ**

ပုံမောင်းဝိုင်းဖြင့် တီးခတ်ရသည့်အကတွင်မူ ယောကျ်ား၊ မိန်းမများရောနှော၍ ဧည့်သည်ကြိုဆိုရာတွင် ကကြသည်။ ဗုံတိုကြီးအကအတွင် ဗုံတိုကြီး၊ လင်းကွင်းကြီးတစ်စုံ၊ မောင်းကြီးတစ်လုံးတို့ကို မနှေးမမြန် မှန်မှန်တီးခတ်ပြီး ၁၂ ကွက်လက်သိုင်းကို ကကြသည်။ ဗုံတို မောင်းဆိုင်းဖြင့် ကကြသည့် သမင်အကကိုမူ အမျိုးသမီး ရှစ်ဦးမှ ၃၂ ဦးအထိ ကကြပြီး ဗျိုင်းအကကိုမူ အမျိုးသား ရှစ်ဦးမှ ၃၂ ဦးထိ ကကြသည်။ ၎င်းတို့သည် ခြေလက်များ တစ်ညီတည်း ဖြည်းဖြည်းချင်း မောင်းသံ၊ လင်းကွင်းသံ၊ ဗုံသံအကြား၌ ဟိတ်ဟန်ပါပါ ခန့်ညားစွာ ကကြသည်။

"ဒီရိုးရာအကတွေ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို ကျွန်တော်ကတော့ အသက်ရှူနေနိုင်သမျှ တန်ဖိုးထား တတ်မြောက်ချင်သူတွေကို သင်ပေးရမှာ သွေးကပါလာတဲ့သမိုင်းကြောင်းပါပဲ။ ကိုယ်သင်ပေးနေရရင် မောတယ်၊ ပင်ပန်းတယ်မရှိဘူးလေ။ ဘယ်မှာဖြစ်ဖြစ် ကိုယ့်တပည့်တွေက ဆင့်ပွားသင်ပေးတာ သိရလေလေ တွေးရင်းတွေးရင်း ပျော်နေမိတာ"ဟု ဦးစိုင်းခေးလျှိုက ဆက်လက်ပြောသည်။

အဆိုပါ ရှမ်းရိုးရာယဉ်ကျေးမှုဆိုင်ရာ ဆရာဖြစ်သင်တန်းများကို ရှမ်းပြည်နယ်အနောက်ဘက် မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ နမ့်တီး စသည့်နေရာများတွင် သင်တန်းပို့ချခဲ့ပြီး ဖြစ်သည်။ ယခု ကျိုင်းတုံမြို့တွင် ပို့ချနေသည့် ယင်းသင်တန်းပြီးဆုံးပါက တာချီလိတ်မြို့တွင် ဆက်လက်သင်ကြားပေးသွားမည့်အပြင် ထပ်မံ၍ ကျိုင်းတုံမြို့ ယန်းပူးဘုန်းတော်ကြီးကျောင်းမှ မျိုးဆက်သစ်လူငယ်များကိုလည်း ရှမ်းရိုးရာ ကိန္နရီ၊ ကိန္နရာ၊ တိုးနရားအကနှင့် အိုးစည်တီးနည်းစနစ်များ ဆက်လက်သင်ကြားပေးမည်ဟု သိရသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-စိုင်းခေးလျှို**

# ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မော်လမြိုင် ဩဂုတ် ၁၈**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်သည် မော်လမြိုင်ခရိုင် ဦးစီးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မော်လမြိုင်မြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးပြီဖြစ်သော ကြာအင်းတောင်ပိုင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ရေပေးရေးလုပ်ငန်းများကို လည်းကောင်း၊ မုဒုံမြို့နယ်အတွင်း ရက် ၁၀၀ လုပ်ငန်း ဆောင်ရွက်ပြီးသော ကလော့သော့ရွာအဝင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို လည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၁၄၀၀၀ ကျော်နှင့် ပြည်တွင်း အလုပ်နေရာ ၁၄၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၁၈**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေးအတွက် ရည်ရွယ်၍အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်နေပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် အွန်လိုင်းမှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိမှုအခြေအနေ**

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် | အလုပ်ရ | | |
|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | စုစုပေါင်း |
| ၁။ | ပြည်ထောင်စုနယ်မြေ | ၉၄ | | ၉၄ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၁၀ | ၁၀၄၇၂ | ၁၀၆၈၂ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ၆၅ | ၇၉ | ၁၄၄ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၁၁၀ | ၅၇၄ | ၆၈၄ |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ၉၀ | ၇၀၀ | ၇၉၀ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၈ | ၂၆၁ | ၃၁၉ |
| ၇။ | မကွေးတိုင်းဒေသကြီး | ၅၅ | ၅၆၃ | ၆၁၈ |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | ၉၇ | ၃၃၁ | ၄၂၈ |
| ၉။ | ကချင်ပြည်နယ် | ၁၈ | ၂၇ | ၄၅ |
| ၁၀။ | ကယားပြည်နယ် | ၄ | ၉၄ | ၉၈ |
| ၁၁။ | ကရင်ပြည်နယ် | ၁၂ | ၁၃၆ | ၁၄၈ |
| ၁၂။ | ချင်းပြည်နယ် | ၄ | - | ၄ |
| ၁၃။ | မွန်ပြည်နယ် | ၇၀ | ၁၇၇ | ၂၄၇ |
| ၁၄။ | ရခိုင်ပြည်နယ် | ၁၆ | ၉၃ | ၁၀၉ |
| ၁၅။ | ရှမ်းပြည်နယ် | ၁၀၄ | ၂၀၆ | ၃၁၀ |
| | **စုစုပေါင်း** | **၁၀၀၇** | **၁၃၇၁၃** | **၁၄၇၂၀** |

၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်အလုပ်ရရှိမှု အခြေအနေများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

**၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်အလုပ်ရရှိမှုအခြေအနေ**

| စဉ် | နိုင်ငံ | စေလွှတ်ဦးရေ | မှတ်ချက် |
|---|---|---|---|
| ၁။ | မလေးရှားနိုင်ငံ | ၄၃၂၈ ဦး | |
| ၂။ | စင်ကာပူနိုင်ငံ | ၆၅ ဦး | |
| ၃။ | ကိုရီးယားနိုင်ငံ | ၆၅၂ ဦး | |
| ၄။ | ထိုင်းနိုင်ငံ | ၉၀၁၀ ဦး | |
| ၅။ | ဂျပန်နိုင်ငံ | ၁၆၃ ဦး | |
| ၆။ | ယူအေအီး | ၁၉ ဦး | |
| ၇။ | ကာတာနိုင်ငံ | ၇ ဦး | |
| | **စုစုပေါင်း** | **၁၄၂၄၄ ဦး** | |



မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

☆ ရွှေဖုံးမှ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုမည့်နေရာသို့ရောက်ရှိလာရာ တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ လီခချန်းနှင့် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်ကို အိန္ဒိယနိုင်ငံနှင့်အတူ ကနဦး စတင်ကျင့်သုံးခဲ့ကြပြီး ယခုအခါ ကမ္ဘာ့နိုင်ငံများအကြား ဆက်ဆံရေးမူကြီးများအဖြစ် ကျင့်သုံးလျက်ရှိကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်ကိုအခြေခံ၍ နှစ်နိုင်ငံချစ်ကြည်ရေးတိုးမြှင့်သွားရန်၊ လမ်းပန်းဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်အလားတူ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီသွားရန်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ကျန်းမာရေး၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစရှိသောကဏ္ဍများ ဆောင်ရွက်ရန် အကူအညီအဖြစ် တရုတ်ယွမ် သန်း ၁၀၀၀ အား အကူအညီပေးလိုကြောင်း၊ သဘာဝဘေးဒဏ်ဖြစ်သည့် ရေကြီး၊ ရေလျှံမှုများကာကွယ်ရန် နည်းပညာ အကူအညီပေးလိုကြောင်း၊ နှစ်နိုင်ငံအကြားယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး အထူးမြှင့်တင်သွားလိုကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် ပုံမှန်ဆွေးနွေးပွဲများ ထူထောင်ကာ နှစ်နိုင်ငံ အစိုးရများအကြား ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် အကူအညီပေးရေး၊ အာဆီယံ-တရုတ်ဆက်ဆံရေး (၂၅)နှစ်မြောက် အထိမ်းအမှတ်များ ကျင်းပရေးနှင့် အာဆီယံ-တရုတ် စီးပွားရေးအသိုက်အဝန်း ထူထောင်ရေး၊ မဲခေါင်-လန်းချန်း ပူးပေါင်းဆောင်ရွက်မှုများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားရေး၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ မြန်မာ-တရုတ်နယ်နိမိတ် ကွင်းဆင်းစစ်ဆေးရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နိုင်ငံရေးပါတီများအကြားနှင့် ပြည်သူများအကြား အပြန်အလှန်ဖလှယ်မှု တိုးမြှင့်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ လီခချန်းအား မြန်မာနိုင်ငံသို့လာရောက်ရန် ဖိတ်ကြားချက်ကို တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်က ဝမ်းမြောက်စွာလက်ခံခဲ့သည်။

ဆက်လက်၍ နှစ်နိုင်ငံ သဘောတူစာချုပ်နှင့်စာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြားချုပ်ဆိုသော စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Gao Hucheng တို့က လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအကူအညီဖြင့် တည်ဆောက်မည့် ကွမ်လုံတံတားသစ်စီမံကိန်းအတွက် ဖြစ်နိုင်စွမ်းလေ့လာမှုဆိုင်ရာစာချွန်လွှာကို ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Gao Hucheng တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ လီခချန်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိက ကျောက်ယုထိုင် နိုင်ငံတော် ဧည့်ဂေဟာ၌ အလုပ်သဘော နံနက်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်၍ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။


**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်း ရင်းနှီးခင်မင်စွာနှုတ်ဆက်စဉ်။
(သတင်းစဉ်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသော စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Gao Hucheng တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)



တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအကူအညီဖြင့် တည်ဆောက်မည့် ကွမ်လုံတံတားသစ် စီမံကိန်းအတွက် ဖြစ်နိုင်စွမ်း လေ့လာမှုဆိုင်ရာ စာချွန်လွှာကို ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Gao Hucheng တို့ လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

## (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

အားကစားနှင့် ကာယပညာဦးစီးဌာန နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဖူဆယ် အားကစားရုံ၌ ယနေ့ နံနက် ၈ နာရီမှစတင်၍ ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲတွင် (၄၅-၄၉) ကီလို၊ (၄၉-၅၃)ကီလို၊ (၅၃-၅၇) ကီလို၊ (၅၇-၆၁)ကီလို၊ (၆၁-၆၅) ကီလို၊ (၆၅-၆၉)ကီလိုနှင့် (၆၉) ကီလိုအထက် ပြိုင်ပွဲများ ယှဉ်ပြိုင် ကစားကြပြီး အမျိုးသမီး ဗန်တို အတိုက်ပြိုင်ပွဲတွင် (၄၅-၄၉)ကီလို၊ (၄၉-၅၃)ကီလို၊ (၅၃-၅၇)ကီလို၊ (၅၇-၆၁)ကီလို၊ (၆၁-၆၅)ကီလိုပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အမျိုးသား အမျိုးသမီး ဓားသိုင်း ဓားတစ်လက်အတိုက်ပြိုင်ပွဲတွင် (၄၅-၅၀)ကီလိုပြိုင်ပွဲ၊ အမျိုးသားဓားနှစ်လက်အတိုက်ပြိုင်ပွဲတွင် (၅၅-၆၀) ကီလိုပြိုင်ပွဲ၊ အမျိုးသမီးဓားနှစ်လက် အတိုက် ပြိုင်ပွဲတွင် (၅၀-၅၅)ကီလို ပြိုင်ပွဲများနှင့် အမျိုးသားအသင်းလိုက် စွမ်းရည်ပြပြိုင်ပွဲများ ယှဉ်ပြိုင်ကစား ခဲ့ကြသည်။

(၁၆) ကြိမ်မြောက် တိုင်းဒေသကြီး နှင့် ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲကို ဩဂုတ် ၂၈ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှစ၍ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်းသိရသည်။

**(မောင်မောင်ဇော်)**

◆

## ရထားရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**မော်လမြိုင် ဩဂုတ် ၁၈**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၅) တပ်ခွဲ(မော်လမြိုင်)မှ တပ်ခွဲမှူး ဒုရဲမှူး ငွေဝင်းဦးစီးသော တပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက်က မော်လမြိုင်ဘူတာအရှေ့ဘက်ရှိ သုခိတာရုံကျောင်းတိုက်အတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

**✱ သဒ္ဓါတရားမှ**

မြန်မာနိုင်ငံမှ ပြည်သူအများစုက ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများမှပြည်သူများထက် ကုသိုလ်ဖြစ်အဖွဲ့အစည်းများသို့ ငွေကြေးပိုမိုလှူဒါန်းကြသလို ပရဟိတလုပ်ငန်းများတွင် ပိုမိုပါဝင်ဆောင်ရွက်ကြသည်။ စစ်အစိုးရ အုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်း ၅၀ ကျော် ကုန်လွန်ခဲ့သော်လည်း ထွန်းသစ်စ ဒီမိုကရေစီနိုင်ငံဖြစ်သော မြန်မာနိုင်ငံမှာ ကမ္ဘာ့ပေးကမ်းစွန့်ကြဲမှုအညွှန်းကိန်းတွင် ထိပ်ဆုံးနေရာ၌ရပ်တည်နေသည်။ အဆိုပါအညွှန်းကိန်းတွင် ချမ်းသာသောနိုင်ငံများဖြစ်သည့် အမေရိကန်ပြည်ထောင်စုက ဒုတိယနေရာ၌ရှိနေပြီး နယူးဇီလန်၊ ကနေဒါ၊ ဩစတြေးလျ၊ ယူကေ၊ နယ်သာလန်နှင့် သီရိလင်္ကာနိုင်ငံတို့က အစဉ်လိုက်ရပ်တည်နေသည်။ Charities Aid Foundation ကပြုစုသော ကမ္ဘာ့ပေးကမ်းစွန့်ကြဲမှုအညွှန်းကိန်းက ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းမှ ပြည်သူ သန်း ၁၄၀၀ ကျော်က ကုသိုလ်ဖြစ်အဖွဲ့အစည်းများသို့ ငွေကြေးလှူဒါန်းခဲ့သည်ဟု ခန့်မှန်းသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၁၄၅ နိုင်ငံမှ အသက် ၁၅ နှစ်အထက် လူပေါင်း ၁၀၀၀ အား ငွေကြေးလှူဒါန်းခဲ့ခြင်းရှိ၊ မရှိနှင့် ပြီးခဲ့သောလအတွင်း ပရဟိတလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်း သို့မဟုတ် သူစိမ်းတစ်ယောက်သို့ အကူအညီပေးခဲ့ခြင်းရှိ၊ မရှိ မေးမြန်းပြီးနောက် အဆိုပါကမ္ဘာ့ပေးကမ်းစွန့်ကြဲမှုအညွှန်းကိန်းကို ပြုစုခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုတို့မှာ ယင်းအညွှန်းကိန်းတွင် ထိပ်ဆုံးနေရာ၌ ပူးတွဲရပ်တည်ခဲ့သော်လည်း အမေရိကန်ပြည်ထောင်စု၌ ကုသိုလ်ဖြစ်လှူဒါန်းမှုများကျဆင်းသွားပြီးနောက် ဒုတိယနေရာသို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။ မြန်မာပြည်သူ ၉၂ ရာခိုင်နှုန်းက ကုသိုလ်ဖြစ်အဖွဲ့အစည်းများသို့ ငွေကြေးလှူဒါန်းခဲ့သည်ဟုပြောကြားကြောင်း အဆိုပါအညွှန်းကိန်းကဆိုသည်။ ပေးကမ်းစွန့်ကြဲမှုမှာ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းထိုင်းနိုင်ငံနေ ဗုဒ္ဓဘာသာဝင်များအတွက် အဓိကအရေးကြီးသောအရာဖြစ်ပါသည်။

**(ကျော်ထိုက်စိုး)**

**ကိုးကား-dailymail**

◆

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး (၂၅) ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

### သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၀. ၈၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၁. ၁၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၃. ၀၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၄၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀. ၆၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀. ၅၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁. ၀၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁. ၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၃၇၀၀ | ၀. ၁၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀. ၉၉' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၄၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀. ၆၀' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး- မြို့သစ်မြို့ | ၂၅၀၀၀ | ၀. ၂၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၆. ၄၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၁. ၀၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆. ၈၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၆၀' |
| ၁၈။ | မဒေးရေလှောင်တမံ | မကွေး- ကံမမြို့ | ၅၃၉၀၈ | ၀. ၂၀' |
| ၁၉။ | ပြိုင်းချောင်းရေလှောင်တမံ | ရခိုင်-ကျောက်တော်မြို့ | ၂၅၂၀၅ | ၁. ၀၀' |
| ၂၀။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၁. ၀၀' |
| ၂၁။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၁၇၃၅ | ၀. ၅၅' |
| ၂၂။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၅၃၆၄ | ၀. ၄၀' |
| ၂၃။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၁. ၈၅' |
| ၂၄။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ - အင်္ဂပူမြို့ | ၄၀၄၈၇ | ၀. ၂၀' |
| ၂၅။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁. ၄၀' |

**(သတင်းစဉ်)**

# ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာ(အဖျောက်) အကြီးစားပြုပြင်မွမ်းမံရန် လိုအပ်

**ရန်ကုန် ဩဂုတ် ၁၈**

ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ ဇလွန်မြို့နယ် ချောင်းကြီးကျေးရွာမှ ဓနုဖြူမြို့နယ် သံပုရာကုန်းကျေးရွာအထိ မြစ်ရေကြီးမြင့်မှုအန္တရာယ်မှ ကာကွယ်ရန်အတွက် တည်ဆောက်ထားသည့် အရှည် ၇ ဒသမ ၂၅ မိုင်ရှိ ရေဘေးကာကွယ်ရေးတာ (အဖျောက်)ကို အကြီးစားပြုပြင်မွမ်းမံမှုများ ပြုလုပ်ရန်လိုအပ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"ဒီတာက အကြီးစားပြုပြင်မွမ်းမံဖို့ လိုအပ်နေပါတယ်။ မနှစ်တုန်းကတော့ အဖျောက်ကမ်းနားတာကို ပြင်ဆင်မွမ်းမံမှုတွေ လုပ်လိုက်တဲ့အတွက် ဒေသခံတွေ စိတ်အေးလက်အေးနေနိုင်သွားပြီ။ အခုကျန်တဲ့တာတွေကိုလည်း ပြန်လည်မြှင့်တင်မွမ်းမံဖို့အတွက် ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်ကို တင်ပြထားတယ်။ ရန်ပုံငွေရမယ်ဆိုရင်တော့ ဒီနှစ် ပွင့်လင်းရာသီမှာ ပြုပြင်သွားမယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းဆွေက ပြောသည်။

ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ၂၀၁၁ ခုနှစ်မှ ယနေ့အချိန်အထိ တာတစ်လျှောက်ရှိ မြို့၊ ရွာများတွင် စိုးရိမ်ရေအမှတ်အထက် သိသာစွာ ကျော်လွန်လာသည့်အတွက် ရေလွတ်တာပေါင်(Free Board) ရရှိရန်အတွက် တာတစ်လျှောက်တွင် တာမြှင့်ခြင်း၊ တာပိုမိုခိုင်ခံ့စေရန် တာအခြေချဲ့ပြီး တာဖိနပ်ခံခြင်း (Banquette)များ ဆောင်ရွက်ရန်လိုကြောင်း ညွှန်ကြားရေးမှူး ဦးမင်းဆွေက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှု၊ ဧရာဝတီမြစ်ရေကြီးမြင့်မှုတို့ကြောင့် အဖျောက်မြို့ ကမ်းနားတာတွင် တာအိခြင်း၊ တာအက်ကွဲခြင်း၊ တာလျှောခြင်း၊ ရေပေါက်ပေါက်ခြင်းများ ဖြစ်ပေါ်ခဲ့ရာ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံများနှင့် ဆည်မြောင်းဝန်ထမ်းများက တာရှေ့တွင်အချိန်မီ လှိုင်းကာတန်းရိုက်ခြင်း၊ တာနောက်တွင် တုတ်တန်းရိုက်ခြင်း၊ ကွဲအက်နေသော တာများကို ပလတ်စတစ်စများ အုပ်ခြင်း၊ ရေခွေခွေ၍ ရေပေါက်ပေါက်ခြင်းကို ကာကွယ်ခြင်းစသည့် ပြုပြင်ထိန်းသိမ်းမှုများကို ဆောင်ရွက်နိုင်ခဲ့မှုကြောင့် တာကျိုးပေါက်မှုမှ ကင်းလွတ်ခဲ့ရသည်။

ထို့ကြောင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် ၁ ဒသမ ၂၅ မိုင် ရှည်လျားသည့် အဖျောက်မြို့ကမ်းနားတာကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့၍ ထိုဧရိယာဝန်းကျင်ရှိ ဒေသခံပြည်သူများ ယခုနှစ်တွင် ရေကြီးနစ်မြုပ်မှုမှကင်းဝေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧရာဝတီမြစ်ရေ ရေဦးထိုးသည့်နေရာတွင် လူနေအိမ်များ တာအခြေတွင် တည်ဆောက်ထားသည့် အတွက် လူနေအိမ်များ ပျက်စီးမှုမရှိစေရန် အဆိုပါနေရာတွင် သံကူကွန်ကရစ်မြေထိန်းနံရံတည်ဆောက်ပြီး တာအဆင့်မြှင့်တင်မှုများ ဆောင်ရွက်ခဲ့ကာ တာနှင့် လူနေအိမ်ဝေးသည့်နေရာများတွင် မြေသားတာကို စက်ယန္တရားများဖြင့် ပုံစံကျစနစ်တကျ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အဖျောက်ကမ်းနားတာက မနှစ်တုန်းက မိုးကြီး၊ ရေကြီးနေတဲ့အချိန်မှာ အားလုံးဝိုင်းပြီး လုပ်လိုက်တယ်။ မိုးကုန်တဲ့အချိန်မှာလည်း ဆည်မြောင်းကထပ်ပြီး တာကို ခိုင်ခံ့အောင် အဆင့်မြှင့်တင်မှုတွေ ထပ်လုပ်လိုက်တော့ ဒီနှစ် ဧရာဝတီမြစ်ရေကြီးချိန်မှာ တာကျိုးမှာ မစိုးရိမ်ရတော့ဘူး။ လုံခြုံစိတ်ချမှုလည်း ရှိသွားတယ်။ တာတွေရေကျော်မှာ၊ ပေါက်မှာကို စိုးရိမ်မှုမရှိအောင် ကျန်တဲ့တာတွေကိုလည်း ရေကျော်မှုတွေ၊ ပေါက်တာတွေမဖြစ်အောင် သက်ဆိုင်ရာအနေနဲ့ ပြန်လည်ပြုပြင်ပေးစေချင်တယ်"ဟု အဖျောက် ဒေသခံတစ်ဦးဖြစ်သူ ဦးစိုးမောင်က ပြောသည်။

အဆိုပါ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာ(အဖျောက်)ကို ၁၉၆၀ ခုနှစ်က တည်ဆောက်ခဲ့ပြီး ဇလွန်မြို့နယ် ချောင်းကြီးကျေးရွာမှ ဓနုဖြူမြို့နယ် သံပုရာကုန်းကျေးရွာအထိ အရှည် ၇ ဒသမ ၂၅ မိုင် ရှည်လျားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းသစ်(သတင်းစဉ်)**



အဖျောက်မြို့ ကမ်းနားတာကွန်ကရစ်မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးသည့်အပိုင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-နေလင်း)

# ငဝန်မြစ်ရေမြင့်တက်မှုကြောင့် ပုသိမ်မြို့ရှိ ပြည်သူအချို့ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်း

**ပုသိမ် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ငဝန်မြစ်ရေကြီးမြင့်လာခြင်းကြောင့် ပုသိမ်မြို့ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများ ရေဘေးဒဏ်ခံစားရလျက်ရှိသည်။ ငဝန်မြစ်ရေသည် ၁၁ နှစ်တာကာလအတွင်း စိုးရိမ်ရေမှတ်အထက် ရောက်ရှိစံချိန်တင်ခဲ့ပြီး ပုသိမ်မြို့တွင် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ၅၇ ခု၌ လူဦးရေ ၁၃၀၀၀ ကျော် ပြောင်းရွှေ့နေထိုင်နေရကြောင်းလည်း သိရသည်။

ထိုသို့ရေကြီးနစ်မြုပ်မှုခံစားနေရသော ပြည်သူများအား ပုသိမ်မြို့ ခိုင်ရွှေစင်သောက်ရေသန့်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှတ် (၁) ရပ်ကွက် ကွမ်းခြံကိုးသောင်း အလက(၃)မနော်ဟရီ YMCA ရွှေဝါထွန်း ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၁၆၂၀၊ လူဦးရေ ၂၂၀၉ ဦးတို့အား အရန်ဆန် ၁၂၆ အိတ်နှင့် ထမင်းနှင့် ဟင်းများလှူဒါန်းခဲ့ကြောင်း သိရသည်။

"ပုသိမ်မြို့အနေနဲ့ ဒီနှစ်လိုရေကြီးတာမျိုး တစ်ခါမှမကြုံဖူးပါဘူး။ အခက်အခဲတွေလည်း တော်တော်ကြုံတွေ့နေရပါတယ်။ ရေက တက်လိုက်၊ ကျလိုက်နဲ့။ ဒီလိုအခြေအနေနဲ့သာ ဆက်သွားမယ်ဆိုရင် ရေထရက်တွေဆိုရင် အခြေအနေတွေ တော်တော်ဆိုးကုန်မှာပါ။ လက်လုပ်လက်စားသမားတွေအနေနဲ့ တော်တော်ကို ဒုက္ခရောက်ပါတယ်"ဟု ရေဘေးခံရသူပြည်သူတစ်ဦးက ပြောသည်။

ငဝန်မြစ်၏ စိုးရိမ်ရေမှတ်မှာ ၃၅၀ စင်တီမီတာဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ၃၈၀ စင်တီမီတာအထိ တက်ခဲ့ပြီး ယခုနှစ်တက်ရောက်မှုမှာ ၁၁ နှစ်တာကာလအတွင်း စိုးရိမ်ရေမှတ်အထက်သို့ စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးမှူးရုံးမှ သိရသည်။ **(ကြေးမုံ)**

# ဇေယျာသီရိမြို့နယ်ရှိ မူကြိုကျောင်းသုံးကျောင်းအတွက် ဝတ်စုံများနှင့် First Aid Kit များပေးအပ်

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ပေးအပ်လှူဒါန်းသော မူကြိုဆရာ ဆရာမဝတ်စုံ၊ မူကြိုကလေးဝတ်စုံများနှင့် First Aid Kit များပေးအပ်ပွဲနှင့် မိဘပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ မေသက်နွယ်က ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးမိခင်များ လိုက်နာရမည့် ကျန်းမာရေးဆောင်ရွက်ချက်များကို လည်းကောင်း၊ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့် ပတ်သက်၍လည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး ပြည်စုံအောင်မူကြို၊ ရေဆင်းမူကြိုနှင့် အောင်ဇေယျမူကြိုတို့မှ ဆရာ ဆရာမ ခုနစ်ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၁၅ ဦးအတွက် မူကြိုဝတ်စုံများပေးအပ်ရာ သက်ဆိုင်ရာမူကြိုဆရာ ဆရာမများက လက်ခံရယူကြသည်။ **(ရွှေဆူး)**

# အနှစ်ဧဝမှတ်တမ်း

❖ ဧရာဝတီမှာ
ကာနယ်စလေဒင်
ဂျင်နရယ်ပရင်ဒါဂတ်စ်
ကြက်ခြေခတ်အလံ
ကြွားကြွားကြီးပျံ့လို့
ဆန်တက်လာတဲ့နောက်
နှစ်ငါးဆယ်မြောက်တဲ့အခါ
ငါ
လူ့ပြည်ရောက်တယ်...

❖ ဒို့ဗမာတစ်ခွင်
သခင် ထိုအကျော်အမော်ဂိုဏ်းတွင်ဖြင့်
မျိုးရတနာသဘင်
အကြင်ပြဟ္မစိုရ်ဇော်ကသိုဏ်းတွေနှင့်
ပလ္လင်ဗဟိုသော်တနိုင်းပေပ
ဇမ္ဗူသမိုင်းပျော်စရာ့အခြေ
အိုကွယ်
သခင်ကိုယ်တော်မှိုင်းရယ်လို့
လူတိုင်းခေါ်ကြစေ
မသေတဲ့အဘိုး
ဘယ်တော့မှမသေတဲ့အဘိုး
နှိုးတော့နိုးချိန်
ငါ
အမေ့အိမ်ရောက်တယ်...

❖ ၁ ၉ ၄ ၂
စစ်
တစ် နှစ် သုံး လေး ရေးတတ်ပြီ...

❖ ၁ ၉ ၄ ၈
မော်တာပစ်သံ အီးဝိုင်သံ
စက်ကလေးသံ စက်ကြီးသံ
ပစ္စတိုသံ ရိုင်ဖယ်သံ
အသံတိုင်းကို ခွဲတတ်ပြီ...

❖ ဘုရားနား ငါးလောင်း
ချောင်းဘေး လေးလောင်း
သင်္ချိုင်းကုန်း သုံးလောင်း
အလောင်းကြည့် ကျောင်းပျက်
တစ်ရက်လည်းမဟုတ်
နှစ်ရက်လည်းမဟုတ်
ကျောင်းအုပ်ကြီးရဲ့ကြိမ်ဒဏ်
ကျောကော့အောင် ခံခဲ့ရ
ဆရာမကလည်း
နားရွက်ဆွဲထိုင်ထတဲ့
ဩော် ကာလ ကာလ...

❖ သုတ်သုတ်စား
ဝါးမနေနဲ့
အမေရဲ့သွန်သင်ချက်
ဒီတစ်သက် ဖျက်မရ
ဩော် ကာလ ကာလ...

❖ ဘုရားကြို ဘုရားကြား
ကျောင်းကြို ကျောင်းကြား
ခြံကြို ခြံကြား
ရှောင်ရှားအိပ်ခဲ့ရ
ဩော် ကာလ ကာလ...

❖ ကျွဲညီနောင်
ခွေးတပ်
အမတ်
လဲဗီး
ပြူစောထီးစသော
အတ္တောအက္ခရာသညတော
ကျောစိမ့်အောင် တောခဲ့ကြ
ဩော် ကာလ ကာလ...

❖ မငြိမ်းချမ်းသမျှတော့
ကိန်းဂဏန်းက တိုးနေဦးမှာပဲ...
သေသူ
ပြတ်သူ
ငတ်သူ
ဒီလူတွေ
ဟောဒီလူတွေ
ဘယ်သူတွေလဲ
ကဲ...
အို
မွေးပန်း
ငြိမ်းချမ်း
ငြိမ်းချမ်း
မွေးပန်း
နမ်းပါရစေ
ငါ
မသေခင်
မြင်ပါရစေ
ငါ
မသေခင်
ကြားပါရစေ
ငါ
မသေခင်...

ကိုလေး(အင်းဝဂုဏ်ရည်)

*၁၅ - ၈ - ၁၉၈၅ နေ့တွင် ရေးပြီး*
*၁၁ - ၈ - ၂၀၁၆ နေ့တွင် ဖြည့်စွက်ရေးသားပါတယ်။*

# ရိုးသားစွာ ဘဝကိုဖြတ်သန်းရင်း ချွေးနဲ့စာဖြင့် စာကြည့်တိုက်များစွာ ဖွင့်လှစ်နိုင်ခဲ့သူ ကိုဇော်ဇော်

**ရန်ကုန်မြို့ လှိုင်မြို့နယ် (၁)ရပ်ကွက် အောင်မေတ္တာ (၄)လမ်းအတွင်းရှိ “မန္တလေးအခမဲ့ စာကြည့်တိုက်-၁” ဆိုသည့် ဆိုင်းဘုတ်အောက်ကို ဝင်လိုက်သည်နှင့် ကျဉ်းမြောင်းသည့် အိမ်ခန်းအတွင်း သပ်ရပ်စွာ စီထားသည့် စာအုပ်များ၊ စာအုပ်အလှူရှင်များ၏ မှတ်တမ်းတချို့နှင့် ခေတ်ကာလတစ်ခုတွင် ဖျက်သိမ်းခံခဲ့ရသော အသုံးပြုခွင့်မရတော့သည့် ဗိုလ်ချုပ်အောင်ဆန်းပုံပါ ငွေစက္ကူများနှင့် ဂီတာများက နံရံများပေါ်တွင် အစီအရီနေရာယူထားသည်။**

အဆိုပါ အခမဲ့စာကြည့်တိုက်ကို တည်ထောင်သူ ကိုသိန်းဇော် (ခ) ကိုဇော်ဇော်မှာ အသက်(၂၀)အရွယ် လူငယ်လေးတစ်ဦးသာဖြစ်ပြီး ရန်ကုန်မြို့၌ ငါးကင်ရောင်းရင်း ရိုးသားစွာဖြင့် ကိုယ့်ဘဝကိုယ်ရပ်တည်ကာ တစ်ဖက်ကလည်း “မြန်မာနိုင်ငံကို ပြုပြင်ပြောင်းလဲနိုင်သည်မှာ စာအုပ်စာပေသာဖြစ်သည်”ဟု ခံယူထားပြီး အများပြည်သူ အသိပညာတိုးပွားစေရန် မန္တလေးအမည်ဖြင့် စာကြည့်တိုက်များ တစ်ပိုင်တစ်နိုင် တည်ထောင်နေသူလည်း ဖြစ်သည်။

“စာဖတ်တာ ဝါသနာပါတယ်၊ ကျွန်တော့်မှာက စာအုပ်တွေက အများကြီး၊ ကျွန်တော်ဖတ်သလို သူများတွေ ဖတ်စေချင်လို့ အခုလို စာကြည့်တိုက်လေးဖွင့်ဖြစ်တာပါ” ဟု ကိုဇော်ဇော်ကဆိုသည်။

ငယ်စဉ်က အဘိုးဖြစ်သူပြောပြသည့် အနော်ရထာ၊ ဗန္ဓုလ၊ ကျန်စစ်သား၊ မန္တလေးနန်းတွင်းအကြောင်း၊ ဗိုလ်မင်းရောင်၊ ဗိုလ်ချုပ်အောင်ဆန်းအစရှိသည့် အကြောင်းအရာများကို ပုံပြင်သဖွယ်နားထောင်ခဲ့ရင်း စာအုပ်စာပေများ ဖတ်ရှုလေ့လာရန် ဝါသနာထုံခဲ့ရာမှ မန္တလေးကို မရောက်ဖူးသော်လည်း မန္တလေးကိုနှစ်သက်သဖြင့် စာအုပ်အငှားဆိုင်နာမည်ကိုလည်း မန္တလေးအခမဲ့စာကြည့်တိုက်ဟု အမည်ပေးခဲ့သည်ဟု ကိုဇော်ဇော်က ပြောသည်။

“မန္တလေးစာကြည့်တိုက်ဆိုပေမယ့် မန္တလေးမှာ မရှိသေးဘူး။ မန္တလေးကို မရောက်ဖူးသေးဘူး။ အဘိုးပြောတဲ့ ပုံပြင်တွေ ရာဇဝင်တွေမှာ မန္တလေးအကြောင်းကပါတော့ မန္တလေးကိုချစ်လို့ မန္တလေးမြို့ရဲ့ ယဉ်ကျေးမှုတွေ မန္တလေးမြို့ရဲ့ နန်းတော်ကြီးလို ကျွန်တော့်ရဲ့ စာကြည့်တိုက်လေးတွေကို တင့်တယ်ချင်လို့ မန္တလေးစာကြည့်တိုက်ဆိုတဲ့ နာမည်ကိုပေးတာပါ”ဟု ၎င်းကဆိုသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကတောကျေးရွာအုပ်စု စည်သာကျေးရွာတွင် အဘ ဦးကျော်သန်း၊ အမိ ဒေါ်ခင်ထွေးရီတို့မှ မွေးဖွားခဲ့သည့် သားသမီး ခြောက်ယောက်အနက် ဒုတိယမြောက်သားဖြစ်သည့် ကိုဇော်ဇော်သည် ငယ်စဉ်က အင်ကုန်းကျေးရွာ မူလတန်းကျောင်းတွင် စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့သော်လည်း မိသားစုစီးပွားရေးအခြေအနေနှင့် တစ်ဖက်ရွာသို့ ကျောင်းသွားတက်ရသည့်အခါ မိုးရွာ၍ ရေကြီးသည့်ကာလများတွင် ပင်းချောင်းကိုဖြတ်ရသည့် ဒုက္ခများကြောင့် ကျောင်းဆက်မတက်ဖြစ်တော့ကြောင်း ပြောသည်။

“အဖေက ဖားကန့်မှာ ကျောက်သွားတူးရတယ်။ အမေကတော့ သူများယာခင်းတွေမှာ အလုပ်လုပ်တာပေါ့။ မိသားစုစားဝတ်နေရေးက အဆင်မပြေဘူး။ ကျောင်းလည်း ဆက်မတက်ဖြစ်လိုက်ဘူး။ မောင်နှမက ခြောက်ယောက်၊ မိသားစုဝမ်းစာကို အမေက ရှာရတာ။ နောက် ပင်းချောင်းကနေဖြတ်ပြီး ကျောင်းသွားဖို့ အဆင်မပြေတာလည်းပါတယ်”ဟု ကိုဇော်ဇော်က ပြောသည်။

စာကြည့်တိုက်များစွာ တည်ထောင်နိုင်ခဲ့သူ ကိုဇော်ဇော်က “ရွာက ကလေးတွေ ပညာရေး၊ ကျန်းမာရေး အစစအဆင်ပြေအောင် ကျောက်ပန်းတောင်းရဲ့ တောင်ဘက် ၁၂ မိုင်အကွာမှာရှိတဲ့ ဇာတိမြေအင်းကုန်း၊ စည်သာ၊ ဖိုင်းနောင်နဲ့ မဲတီးရွာကို တံတားထိုးချင်တယ်။ တံတားထိုးမယ်ဆိုပြီး အလှူခံထားတာ သိန်း ၃၀၀ လောက်ရှိတယ်။ လောလောဆယ် မလောက်ဘူးဖြစ်နေတယ်” ဟု ၎င်း၏ဆန္ဒကို ပြောသည်။

ထိုစဉ်က အညာဒေသအခေါ် ထန်းနားအိမ်(ထန်းပင်မှ ပင်စည်ဖြင့် ဆောက်ထားပြီး ထန်းရွက်မိုးထားသည့်အိမ်) လေးထဲတွင် မိသားစုနေထိုင်ခဲ့ရပုံကို “ဝါဆို၊ ဝါခေါင် ရေကြီးတဲ့အချိန် ညတွေမှာဆို မိုးတွေက တအားရွာ၊ အပေါ်က မိုးမလုံတော့ အမေက နောက်ချေးချတဲ့ ဖျာကို



ခေါက်ပြီး မိုးလုံအောင်ကာပေးတာ။ ငယ်ငယ်က ကြမ်းပေါက်ထဲကျွံရင် ထန်းပင်က ထန်းနုခိုင်ကို မီးဖုတ်ပြီး ပြာကို အုန်းဆီလေးနဲ့ လိမ်းပေးတာ၊ ခေတ်မီဆေးဝါးဆိုတာ မမြင်ဖူးဘူး။ ကျွန်တော်တို့ဒေသက တအားခေါင်တယ်” ဟု အတိတ်ဆီသို့ ကိုဇော်ဇော်က သတိတရ ပြန်ပြောင်းပြောပြသည်။

ရန်ကုန်မြို့ရှိ စားသောက်ဆိုင်တစ်ခု၌ အလုပ်ရမည်ဆို၍ အလုပ်လုပ်ရင်း အသိပညာရှာမည်ဟု ဆုံးဖြတ်ကာ ၂၀၀၇ ခုနှစ်တွင် အဘိုးဖြစ်သူ ထည့်ပေးလိုက်သည့် ဆရာ ချစ်ဦးညို၏ လက်ာဒီပချစ်သူ၊ ခင်ခင်ထူး၏ မအိမ်ကံနှင့် ဗျတ်ဝိ၊ ဗျတ်တ စသည့် စာအုပ်သုံးအုပ်နှင့် အသုံးပြု၍မရတော့သည့် ဗိုလ်ချုပ်အောင်ဆန်းပုံပါ ပိုက်ဆံအချို့ကို ယူဆောင်ကာ ရန်ကုန်မြို့သို့ တက်လာခဲ့သည်ဟု ကိုဇော်ဇော်က ပြောသည်။

“ရန်ကုန်ရောက်တော့ အောက်ခြေသိမ်း အိမ်သာဆေးပေါ့။ နောက်တော့ စားပွဲထိုး၊ စားပွဲထိုးလုပ်ရင်းကနေလည်း စာတွေဖတ်တယ်။ စာအုပ်တွေကနေရတဲ့ အသိနဲ့ အတတ်ပညာတစ်ခု သင်ယူမယ်ဆိုပြီး ငါးကင်တဲ့ပညာကို သင်တယ်။ နောက်တော့ အဲဒီဆိုင်ကနေထွက်ခဲ့တယ်”ဟု ကိုဇော်ဇော်က ပြောသည်။

စာဖတ်ဝါသနာပါသူ ကိုဇော်ဇော်တစ်ယောက် အင်းစိန်လမ်းမဘက်တွင် ငါးကင်ဆိုင်မဖွင့်ခင်စပ်ကြား စားသောက်ဆိုင်တွင် အလုပ်လုပ်ကိုင်နေစဉ် အားလပ်သည့်အချိန်တိုင်း ၎င်းအနေဖြင့် စာဖတ်ချင်စိတ်ရှိ၍ စာအုပ်အငှားဆိုင်များသို့ သွားရောက်ငှားသော်လည်း စာအုပ်အငှားဆိုင်များ၏ ကန့်သတ်ချက်များကြောင့် အချိန်ပိုင်းသာ စာဖတ်ခွင့်သာရရှိပြီး စာအုပ်ငှားရမ်းခွင့်မရခဲ့သဖြင့် အခမဲ့စာအုပ်အငှားဆိုင် ဖွင့်နိုင်ရန် ထိုစဉ်ကတည်းက ရည်မှန်းခဲ့သည်။

ကိုဇော်ဇော်မှာ စားသောက်ဆိုင်က ထွက်ပြီးနောက် ဆင်မလိုက် သင်္ဘောကျင်းဘက်တွင် ဝန်ထမ်းလိုင်းခန်းတစ်ခု၌ တစ်လတစ်သောင်းဖြင့် ငှားရမ်းနေထိုင်ခဲ့ပြီး စိတ်ဓာတ်ကျဆင်းမှုများဖြစ်လာပါက ခွန်အားတက်စေမည့် စာအုပ်များကိုဖတ်ပြီး ဘဝကိုဖြတ်သန်းခဲ့ကြောင်း သိရသည်။

“မန္တလေး ငါးကင်ဆိုပြီး လှည်းတန်းမှာ ရောင်းတော့ စရောင်းတဲ့နေ့မှာ တစ်ကောင်ပဲ ရောင်းရတယ်။ စိတ်ဓာတ်ကျလို့ ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေချင်စိတ်ဖြစ်ခဲ့တယ်။ ဒါပေမယ့် စာအုပ်တွေက အားပေးဖော်ပါ။ အဲဒီအချိန် ယောနသံဆိုတဲ့ စာအုပ်က အားဆေးတစ်ခွက်ဖြစ်ခဲ့တယ်။ စာအုပ်တွေပဲ ကျွန်တော့်ဘဝအတွက် အားပေးဖော်ပါ”ဟု ၎င်းက ပြောသည်။

ကိုဇော်ဇော်သည် အင်းစိန်လမ်းမကြီးတစ်လျှောက်တွင် ငါးကင်ရောင်းသည့် အမြတ်ငွေထဲမှ ငွေကျပ် ၃၀၀၀ ကို နေ့စဉ်စု၍ စာအုပ်များ ဝယ်ယူခဲ့ပြီး ဝယ်ယူသည့် စာအုပ်များလာသည့်အခါ ငါးကင်ရောင်းရင်း အခမဲ့စာအုပ်ငှားရမ်းခဲ့သည်။ ရရှိလာသော အလှူငွေများအားလုံးနှင့် မိမိနေ့စဉ်စုဆောင်းထားသော ငွေများမှ လစဉ် (၁ မှ ၁၀) အဆင့်ဝင်စာအုပ်များ ဝယ်ယူလေ့ရှိပြီး စာကြည့်တိုက်အတွက် ရန်ပုံငွေမှာ အလှူငွေထည့်ဝင်သူရှိသော်လည်း အလှူငွေထက် စာအုပ်လှူဒါန်းသူပိုများကြောင်း သိရသည်။

နောက်ပိုင်းတွင် စာအုပ်လှူဒါန်းသူများလည်း ပေါ်ပေါက်လာခဲ့ပြီး ၎င်း၏ စာကြည့်တိုက်ဖြစ်ပေါ်လာရမည်ဟူသော စိတ်အားထက်သန်မှု၊ ကြိုးစားမှုတို့ကြောင့် စာကြည့်တိုက်အဆင့်သို့ ရောက်ခဲ့သည်။ ယခုဆိုလျှင်ဖြင့် စာကြည့်တိုက်ပေါင်း ငါးခုကို ဖွင့်လှစ်နိုင်ခဲ့ပြီး မကြာမီရက်ပိုင်းတွင်ပင် စစ်ကိုင်းတိုင်းဒေသကြီးတွင် စာကြည့်တိုက်အသစ်တစ်ခု ထပ်မံဖွင့်လှစ်သွားမည်ဟု သိရသည်။

“ကျွန်တော့်စာကြည့်တိုက်ကို စာပေ၊ ဂီတ အနုပညာဆိုပြီး ဖွင့်ထားပေးတယ်။ စာကြည့်တိုက်မှာ စာလာဖတ်တဲ့ လူငယ်တွေ စာအုပ်နှစ်အုပ်ငှားရင် ဂီတာတစ်လက် ပေးတီးတယ်။ ကလေးတွေ စာလာဖတ်ရင် ဇယ်ခုံလေးတွေ ဆော့ခွင့်ပေးတယ်။ အရက်သမားတွေဆို ပိုက်ဆံပေးပြီး စာဖတ်ခိုင်းတယ်။ အရက်သမားပဲဖြစ်ပါစေ။ စာဖတ်တာများရင် အသိဉာဏ်ရှိသွားမှာပဲ။ အခုဆို အရက်သောက်တဲ့သူတွေတောင် စာအုပ်တွေဝယ်ပြီး လာလှူနေကြပြီ”ဟု ကိုဇော်ဇော်က ပြောသည်။

အိပ်ရာထဲတွင် နေထိုင်မကောင်းဖြစ်နေသူများ၊ မအားလပ်တဲ့သူများအတွက် အိမ်တိုင်ရာရောက် စာအုပ်ငှားရမ်းပေးနေသည့် ကိုဇော်ဇော်က “အရင်က ဆွဲခြင်းလေးနဲ့ တစ်အိမ်တက်ဆင်း လိုက်ပို့ပေးတယ်။ နောက်တော့ ဦးကျော်သူက စက်ဘီးလေးတစ်စီးပေးတာနဲ့ ကျွန်တော် စာအုပ်ငှားတဲ့ လူတွေဆီကို အခု စက်ဘီးလေးနဲ့ပို့တယ်။ စာပေဟောပြောပွဲက ခွေတွေနဲ့ တရားခွေတွေကိုလည်း ငှားပေးပါတယ်”ဟု ပြောသည်။

ကိုဇော်ဇော်မှာ နံနက်ပိုင်းတွင် စာကြည့်တိုက်လုပ်ငန်းကို ဆောင်ရွက်ပြီး ညနေ လေးနာရီနောက်ပိုင်း၌ ငါးကင်ရောင်းသည့်အလုပ်ကို လုပ်ကိုင်နေသည့်အပြင် စာကြည့်တိုက်တွင် စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများခန့်ထားခြင်းမရှိဘဲ ကိုယ်တိုင်ကိုယ်ကျ ဖုန်းဆက်၍ လှူဒါန်းသည့်သူများထံသို့သွားရောက်ပြီး စာအုပ်များယူခြင်း၊ ကားအခမဲ့ဖြင့် လှူဒါန်းသည့် စာအုပ်များကို သိမ်းဆည်းခြင်း၊ စာကြည့်တိုက်ဖွင့်မည့်သူများ မိမိထံဆက်သွယ်ပါက စာအုပ်များ ပြန်လည်လှူဒါန်းပေးကြောင်း သိရသည်။

“စာကြည့်တိုက်မှူးသင်တန်း မတက်ဖူးဘူး။ ဒါပေမယ့် စာကြည့်တိုက်မှူးဟာ စာပေကိုချစ်ရမယ်။ ခေတ်စနစ်ကို သိနေရမယ်။ လူငယ်တွေကို စာအုပ်တွေနဲ့ပတ်သက်ပြီး လမ်းပြပေးနိုင်ရမယ်”ဟု ကိုဇော်ဇော်က သူ၏ခံယူချက်ကို ပြောပြသည်။

ကိုဇော်ဇော်အား ၂၀၁၄ ခုနှစ်တွင် အမေရိကန်စင်တာမှ certificate of completion နှင့် ၂၀၁၅ ခုနှစ်တွင် ပြည်သူ့ဂုဏ်ရည်အထူးဆုတို့ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကိုဇော်ဇော်သည် စာအုပ်စာပေများမှရရှိသော ခွန်အားဖြင့် ဘဝကို ခိုင်မာစွာရပ်တည်နိုင်သည့်အပြင် မျိုးဆက်သစ်လူငယ်များ စာပေလေ့လာဖတ်ရှုနိုင်ရန် ကြိုးပမ်းအားထုတ်ခြင်းသည် အသိပညာ လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုခြင်းဖြစ်သလို နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၆ ခုနှစ် ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူ လူငယ်အဖြစ် ရွေးချယ်ခဲ့သည်။

မိမိကိုယ်ကို ခြိုးခြံချွေတာပြီး စာအုပ်များစုဆောင်းခဲ့သူ၊ မြန်မာပြည်ကို ပြုပြင်နိုင်ရန်မှာ စာအုပ်စာပေသာဖြစ်သည်ဟု ခံယူပြီး ကိုယ်ပိုင်အိမ်မရှိသော်လည်း တစ်နိုင်ငံလုံး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းနေသူ၊ မိသားစုများကပါ အခမဲ့စာကြည့်တိုက်လုပ်ငန်းအတွက် ပါဝင်ဆောင်ရွက်ပေးနေသူ ကိုဇော်ဇော်က“ ကျွန်တော်က အခုလို ချီးမြှင့်ခံချင်လို့ လုပ်ခဲ့တာတော့ မဟုတ်ပါဘူး။ ကျွန်တော့်လို အညာသား လမ်းဘေးဈေးသည်တစ်ယောက်ကို နိုင်ငံ့ခေါင်းဆောင် အမေစုက အခုလို ချီးကျူးဂုဏ်ပြုတာ ကျွန်တော် ဝမ်းသာလွန်းလို့ မျက်ရည်တောင်ကျမိတယ်”ဟု ဆိုလေသည်။

**သတင်းဆောင်းပါး-သီသီမင်း၊ ဓာတ်ပုံ-ဖြိုး**



## ကျောင်းကျန်းမာရေး ပညာပေးဟောပြော ကွင်းဆင်းဆေးကုသ

**ကျိုက်လတ် ဩဂုတ် ၁၈။** ။ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၌ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဦးစိုးလင်းနှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူ ၁၅၀ အား အခြေခံကျန်းမာရေးဗဟုသုတများကို ဟောပြောဆွေးနွေးပြီး ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျောင်းသားကျောင်းသူ ၆၀ နှင့် ဆရာ ဆရာမ လေးဦးကို တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(အောင်ဖြိုးကျော်)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်(ရွှေဈေး) ၈၅၄၀၀၀ - ၈၅၄၀၀၀ မန္တလေး(ရွှေဈေး) ၈၅၄၀၀၀ - ၈၅၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၅၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၅၇၀/၆၂၀ ကျပ်၊ | ၆၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၀၀/၅၃၀ ကျပ်၊ | ၅၅၀/၅၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၆၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၈၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၂၇ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၆၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၉၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၄၄. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၉. ၃၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၄၂၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၇. ၆၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၇၈၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၉၂. ၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇. ၅၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၀. ၈၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၇. ၆၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၉- ၈ -၂၀၁၆ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညနေ
၆း၀၀ အဖွင့်
မိုးလေဝသအစီအစဉ်
တေးဂီတအစီအစဉ်
၆း၂၅ ကာတွန်းအစီအစဉ်
"The Missing Lynx"
(အပိုင်း-၂)
၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ"
(အပိုင်း-၆၆)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ကိုယ့်ဘဝ ကိုယ့်အိပ်မက်"
(အပိုင်း-၂၆)
၈း၃၀ MRTV Entertainment Music
၈း၄၅ မင်းကြောင့်
၉း၃၀ လျှူဖွယ်ဒါန မြတ်ဝါဆိုလ
၉း၅၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၁၀း၀၅ ပြည်သူ့နီတိ "မိုးခါးရေ"
၁၀း၂၅ ပုပ္ပါးခရီးစဉ်
၁၀း၄၀ မြန်မာဗီဒီယိုဇာတ်လမ်း
"စင်ကာပူရင်ခုန်သံ"
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၅ မေတ္တာပို့
၇း၂၅ ခမ္မပူဇာတေး
၈း၀၅ အမျိုးသားရေးတေးကဗျာ
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ နှစ်(၈၀)ကျော်ကြားတေးများ
၉း၂၀ အမှတ်တရနေ့ရက်လေးများ
၉း၄၀ ကျန်းမာသုတ
၉း၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၁၀း၁၅ Books Guide
၁၀း၂၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ ဘောလုံးကန်ကြမယ်
၁၁း၂၀ မြန်မာ့ရှုခင်း
၁၁း၃၅ Sportcast
၁၁း၄၅ သာယာသီကြွေး ခေတ်ဆန်းတေး
၁၁း၅၅ ဇာတ်လမ်းတို
၁၂း၁၀ မြန်မာသံစဉ်ချိုနားဝင်
၁၂း၂၅ Cooking Art
၁၂း၃၅ DVD Hits
၄း၂၅ ခံစားနားဆင်လင်္ကာဝတ်ရည် တေးသံစဉ်
၄း၄၀ သာယာသီကြွေးခေတ်ဆန်းတေး
၄း၄၅ Sportcast
၅း၂၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၅း၃၅ ရောင်စုံဖြာဝေဂျပန်မြေ
၅း၄၅ လည်မယ်. . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၁၀ "ရွာ" ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာ-မိုးဇော်ကို
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ချစ်သူတို့စိတ်ဝမ်း အေးချမ်းပါစေ (အပိုင်း-၆၁)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-သံစဉ်များနှင့်ကမ္ဘာ
-Lucky Door

## MRTV-4

၅း၀၀ ပဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
၅း၄၀ "သစ္စာအနက် (၁၆)ချက်" (အမှတ်-၁၁) [ဆရာတော်ဘဒ္ဒန္တ သုနန္ဒ (ခမ္ဘရုံသီဆရာတော်)]
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (SAMSUNG Galaxy Note 7 မိတ်ဆက်ပွဲအခမ်းအနား)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ Food & Decor
၁၂း၃၅ အနုပညာမိုးကောင်းကင်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၃၁)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၃၇)
၄း၀၀ Cartoon Series(Welcome To Sky Ville)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၃၈)
၇း၁၅ စိန်ပွဲတော် (LIVE)
၁း၀၀ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (မကွေးမြသလွန်စေတီတော်မြတ်ကြီး)

## mitv

07:03 News
07:26 A Highland with Peace and Charm
07:45 Well-Trained Elephants
07:54 Paper Flower
08:03 News
08:26 Taung Byone Nat Festival (Ep-5)
08:38 Elephant Catching and Scaring Trip Mile Stone 26
08:52 Made in Myanmar "Mixxo"
09:03 News
09:26 Those Who Never Give Up (Ep-6) In Pursuit of a dream
10:03 News
10:26 Rakhine The Land Of Sublime Pagodas
10:58 Goldsmith
07:03 News
07:25 A Trip To The City Of Rakkhita, Rakhine
07:45 Myanmar Agarwood
08:03 News
08:26 Bogalay Tint Aung: A Man of Versatility (Part- 1)
08:51 Myanmar Masterclass: Artist Dr. Ko Ko Gyi



# ကိုယ်လည်းတကယ်စိတ်ဝင်စားသလို ကိုယ့်အသက်အရွယ်နဲ့လိုက်တဲ့ ဇာတ်ကားမျိုးကိုပဲရိုက်ဖြစ်တယ်

## အကယ်ဒမီ ထွန်းအိန္ဒြာဗိုနှင့် တွေ့ဆုံမေးမြန်းခြင်း

တွေ့ဆုံမေးမြန်း - ခင်ဇာလီ

အိန္ဒြာကျော်ဇင်၏ ထုတ်လုပ်ရေးမှ ဒါရိုက်တာလူမင်းရိုက်ကူးမည့် ရောင်ပြန်ရုပ်ရှင်ဇာတ်ကားကြီးတွင် သရုပ်ဆောင်များအဖြစ် ပြေတီဦး၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ ဝတ်မှုန်ရွှေရည်နှင့် ပတ်ထရစ်ရှာတို့ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။ထို့ကြောင့် ယင်းဇာတ်ကားကြီးတွင် ယနေ့ထိတိုင် ပရိသတ်များ အားပေးလျက်ရှိသော သရုပ်ဆောင်အဆိုတော် ထွန်းအိန္ဒြာဗိုအနေဖြင့် ပါဝင်ဖြစ်သည့်အကြောင်းကို တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ မခိုင်အနေနဲ့ အိန္ဒြာကျော်ဇင်ထုတ်လုပ်ရေးကနေရိုက်ကူးမယ့် ရောင်ပြန်ဇာတ်ကားကြီးမှာ ပါဝင်ရိုက်ကူးဖြစ်တဲ့အကြောင်းကိုပြောပြပေးပါဦး။**

ဖြေ။ ။ ဒီဇာတ်ကားကြီးမှာဆိုရင် အရင်က သရုပ်ဆောင်နေကျပုံစံနဲ့လည်း ကွဲထွက်ပြီးတော့ သရုပ်ဆောင်ခွင့်ရတယ်။ ပြီးတော့ တခြားဇာတ်ကားတွေနဲ့မတူဘဲ ထူးခြားမယ်လို့ထင်တဲ့အတွက်ကြောင့်ပါ။

**မေး။ ။ အရင်က သရုပ်ဆောင်ခဲ့တဲ့ မခိုင်ရဲ့ကာရိုက်တာကနေ ခွဲထွက်မယ်ဆိုတော့ ဒီဇာတ်ကားကြီးမှာ ဘယ်လိုနေရာက သရုပ်ဆောင်ခွင့်ရမလဲ ပြောပြပေးပါရှင်။**

ဖြေ။ ။ ဒီဇာတ်ကားမှာ ကျွန်မရဲ့ဇာတ်ရုပ်က သိပ်ပြီးတော့အကြင်နာတရားမရှိဘူး။ ရက်စက်မယ်ဆိုရင် ရက်စက်ရဲတဲ့မိန်းမတစ်ယောက်နေရာက သရုပ်ဆောင်ရမှာ။ ဒါပေမယ့် နေရင်းထိုင်ရင်းနဲ့ လိုက်ပြီးတော့ ရက်စက်တတ်တဲ့သူမဟုတ်ဘူး။မိန်းမသားတစ်ယောက် မလုပ်ရဲတာကို လုပ်ရဲတယ်၊ လုပ်ရက်တဲ့အမျိုးသမီးတစ်ယောက်ပေါ့။ ပြီးရင်ကိုယ်လိုချင်တာကိုပဲသိပြီးတော့ ဘယ်သူနစ်နာတာတွေ၊မနစ်နာတာတွေကိုဂရုမစိုက်တတ်ဘဲလုပ်ချင်တာကိုတန်းတန်းမတ်မတ်လုပ်တယ်။ အဲဒီထဲမှာမှ ကိုယ်က ချမ်းသာကြွယ်ဝတဲ့ အမျိုးသမီးတစ်ယောက်လည်းဖြစ်တော့ ကိုယ်စိတ်ရှိတိုင်း ကိုယ်ပါနေတာ။ ရိုင်းချင်တိုင်း ရိုင်းလို့ရနေတာမျိုးပေါ့။ ဒါပေမယ့် ဒီကားထဲက ကာရိုက်တာနဲ့တကယ့်ဘဝနဲ့တော့ တခြားစီပါပဲရှင် ။ အပြင်မှာ ကျွန်မ စိတ်အလွန်ပျော့ပါတယ်။

**မေး။ ။ ဒီလို ကာရိုက်တာမျိုး မခိုင်ဖြတ်သန်းခဲ့တဲ့ အနုပညာသက်တမ်းတစ်လျှောက်မှာ သရုပ်ဆောင်ခဲ့တာ ရှိခဲ့ဖူးလား။**

ဖြေ။ ။ ဒါကျွန်မအတွက်မလုပ်ဖူးတဲ့ဇာတ်တော့မဟုတ်ပါဘူး။ ငယ်ငယ်တုန်းကတော့ လုပ်ဖူးပါတယ်။ ဒါပေမယ့်ငယ်တုန်းကလုပ်တဲ့ ဇာတ်တွေနဲ့လည်း အသွင်သိပ်ပြီးတော့မတူဘူး။ ပြီးတော့ ငယ်ရွယ်တုန်းက ခပ်ရိုင်းရိုင်းသရုပ်ဆောင်ချက်နဲ့ ကြီးလာမှသရုပ်ဆောင်ရတာဟာ အသက်အရွယ် ကွာခြားတယ်လေ။ ဒါက တစ်မျိုးလုပ်လို့ရသေးတယ်ဆိုတဲ့ အိုင်ဒီယာနဲ့ပေါ့။ ပြီးတော့ ကျွန်မအပြင်မှာ ဝတ်စားဆင်ယင်တဲ့အတိုင်းပဲသွားမှာမို့ တခြားကားတွေနဲ့တော့ ပုံစံကွဲမယ်။

**မေး။ ။ ဒါဆို ရောင်ပြန်ဇာတ်ကားထဲမှာ မခိုင် သရုပ်ဆောင်မယ့် ကာရိုက်တာက ထူးခြားမှာပေါ့။**

ဖြေ။ ။ ဒီကာရိုက်တာလေးက ကျွန်မအတွက်ထူးခြားရမှာပေါ့။

**မေး။ ။ ဒါရိုက်တာကလည်း ကိုလူမင်းကိုယ်တိုင်ရိုက်မှာဆိုတော့ တခြားဒါရိုက်တာတွေရိုက်တာနဲ့ ဘယ်လိုကွာခြားမှုလေးတွေရှိလဲ။**

ဖြေ။ ။ ရှိသမျှ ဒါရိုက်တာတွေအားလုံးကတော့ ကိုယ့်လောကသားတွေချည်းပါပဲ။ အန်ကယ်လေးကြတော့ ဘာထူးလဲဆိုရင် ကိုယ်တိုင်သရုပ်ဆောင်လည်းဖြစ်သလို ဒါရိုက်တာလည်းဖြစ်တဲ့အတွက် သရုပ်ဆောင်အချင်းချင်းရဲ့ အထာတွေ၊ အခက်အခဲတွေကိုနားလည်နိုင်စွမ်း ပိုရှိတယ်လို့ ပြောနိုင်တာပေါ့။

**မေး။ ။ ဇာတ်ကားတွေလက်ခံတဲ့အခါ ဘယ်လိုစိစစ်ရွေးချယ်ဖြစ်လဲ သိချင်ပါတယ်။ ပြီးတော့ ဒီနှစ်မှာ ဇာတ်ကားဘယ်နှကားလောက် ရိုက်ကူးဖို့ လက်ခံထားပြီးပြီလဲ။**

ဖြေ။ ။ သင်္ကြန်မတိုင်ခင်ကတော့ ကားကြီးခြောက်ကားလက်ခံရိုက်ခဲ့ပြီးပြီ။ သင်္ကြန်နောက်ပိုင်းလည်းကားကြီးခြောက်ကား ကမ်းလှမ်းထားတာရှိတယ်။ လေးကားကတော့ ရိုက်ဖို့ဖြစ်တယ်။ နောက်နှစ်ကားကတော့ ဆွေးနွေးရမှာပေါ့။ ကျွန်မအသက်အရွယ်နဲ့လည်းလိုက်တယ်။ ကျွန်မတကယ်စိတ်ဝင်စားတဲ့ဇာတ်ဖြစ်ဖို့လည်းလိုတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့အသက်အရွယ်ကျတော့ ဘာလာလာလုပ်ဖို့၊ တက်ကြွဖို့က အားနည်းသွားပြီ။ ကိုယ်လည်း တကယ်စိတ်ဝင်စားသလို ကိုယ့်အသက်ရွယ်နဲ့လိုက်တဲ့ ဇာတ်ကားမျိုးကိုပဲ ရိုက်ဖြစ်ပါတယ်။

**မေး။ ။နောက်ဆုံးအနေနဲ့မခိုင်ဂီတဘက်လှုပ်ရှားမှုလေးရယ်၊ ကိုယ့်ပရိသတ်အတွက် အမှတ်တရစကားလေးရယ် ပြောပေးပါဦး ။**

ဂီတဘက်ကတော့ သီချင်းစိတ်ကြိုက်ရရင် အချိန်မရွေးဆိုဖြစ်မှာပါ။ စိတ်ကြိုက်မရတော့ မဆိုဖြစ်ဘူး။ ရှိုးတွေကတော့ဆိုဖြစ်မှာပါ။ ရှိုးပွဲကတော့ တစ်ယောက်ထဲအနေနဲ့ဒီနှစ်ထဲမှာလုပ်ဖို့တော့မရှိဘူး။ ကျွန်မသရုပ်ဆောင်သက် ၂၅ နှစ်မှာ ကျွန်မရဲ့ အနုပညာတွေမှာ ပရိသတ်အတွက်အဆင်ပြေတာတွေအများကြီးပါသလို မပြေတာတွေလည်း ပါတယ်ပေါ့။ အဲဒါတွေကို ခွင့်လွှတ်ပြီးဒီနေ့ထိ အားပေးနေကြတဲ့ပရိသတ်ကြီးကို အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်မကို အားပေးသော၊ အားမပေးသော ပရိသတ်အားလုံးကို လေးစားပါတယ်။

# ဖခင်ဖြစ်သူနှင့်အတူ စားတော်ချက်ကျမ်းစာအုပ် ထုတ်ဝေသွားမည့် လေဒီဂါဂါ



ပေါ့ပ်ငွေကြယ်ပွင့်တစ်ဦးဖြစ်သူ လေဒီဂါဂါက ဖခင်ဖြစ်သူနှင့်အတူ ဟင်းချက်နည်း စားတော်ချက်ကျမ်းစာအုပ်တစ်အုပ်ကို ထုတ်ဝေသွားမည်ဖြစ်သည်ဟု V Magazine မှ သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အသက်(၃၀)အရွယ် တေးသံရှင် လေဒီဂါဂါ၏ Joanne Trattoria Cookbook: Classic Recipes and Scenes from an Italian American Restaurantဟု အမည်ပေးထားသည့် အဆိုပါ ချက်ပြုတ်နည်းစားတော်ချက်ကျမ်းစာအုပ်ကို လာမည့်နိုဝင်ဘာလကုန်တွင် စတင်ထုတ်ဝေရန် ရည်ရွယ်ထားပြီး ကြိုတင်မှာယူလိုသူများအနေဖြင့် ကြိုတင်အမှာစာများ ပေးပို့နိုင်ကြောင်း သိရသည်။


ယင်းစာအုပ်နှင့်ပတ်သက်ပြီး နည်းစနစ်များနှင့် အကြိုကြည့်ရှုခြင်းများကို ယခုအချိန်ထိ ခွင့်ပြုခြင်း မရှိသေးကြောင်း သိရသည်။

**(မျိုးစန္ဒာမောင်)**

■

# ၂၀၁၆ ရီယိုအိုလံပစ်သတင်းများ





## အိုလံပစ်ပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် အိမ်ရှင်ဘရာဇီးအသင်းနှင့် ဂျာမနီအသင်းတို့တွေ့မည်

၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ၏ ယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဆင့်တွင် အိမ်ရှင်ဘရာဇီး အသင်းသည် ဟွန်ဒူးရပ်စ်အသင်းအား ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် နောက်ဆုံးဗိုလ်လုပွဲတွင် ဂျာမနီအသင်းနှင့်ရင်ဆိုင်ရမည်ဖြစ်သည်။

ဂျာမနီအသင်းနှင့် ဘရာဇီးအသင်းတို့သည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တစ်ကြိမ်တွေ့ဆုံခဲ့ရာ၌ ဂျာမနီအသင်းက ဘရာဇီးအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားခဲ့သည့် မှတ်တမ်းလည်းရှိခဲ့သည်။ ဂျာမနီအသင်းသည် အိုလံပစ်ပြိုင်ပွဲ၏ ယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဆင့်တွင် နိုင်ဂျီးရီးယားအသင်းကို လူးကပ်စ်ကလိုစတာမန်းနှင့် နေးလ်ပီတာဆန်တို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းက ဟွန်ဒူးရပ်စ်အသင်းအား ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် နေမာနှင့် ဂါဘရီး ဂျီးဆပ်ဇ်တို့သည် ဘရာဇီးအသင်းအတွက် နှစ်ဂိုးစီသွင်းယူပေးခဲ့ပြီး ကျန်နှစ်ဂိုးကို လူအန်နှင့် မာကွင်ဟိုတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းသည် ဟွန်ဒူးရပ်စ်အသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ရာ အိုလံပစ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် နောက်ဆုံးဗိုလ်လုပွဲသို့ လေးကြိမ်မြောက်အထိ တက်လှမ်းနိုင်ခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကိုလည်း အသင်းအတွက်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။

ဘရာဇီးအသင်းသည် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းတစ်ကြိမ်မျှ မရှိခဲ့ဖူးပေ။ ၁၉၈၄၊ ၁၉၈၈ နှင့် ၂၀၁၂ အိုလံပစ်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲများတွင်လည်း အရှုံးဖြင့်သာကျေနပ်ခဲ့ရသည်။ လက်ရှိတွင် နောက်ဆုံးဗိုလ်လုပွဲ၌ အိမ်ရှင်ဘရာဇီးအသင်းနှင့် ဂျာမနီအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး အိုလံပစ်ပြိုင်ပွဲ၏ ယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို လာမည့်စနေနေ့တွင် ပရိသတ် ၇၈၀၀၀ ဆံ့ မာရာကားနားကွင်းကြီး၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဂျာမနီအသင်းသည် ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီမြေသို့ ဆုဖလားပိုက်ကာ ပြန်နိုင်ခဲ့သည်။ လက်ရှိတွင်လည်း ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ ယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲတွင်လည်း နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီး ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကဲ့သို့ စွမ်းဆောင်နိုင်မည်လား သို့မဟုတ် ဘရာဇီးအသင်းကပဲ အိမ်ရှင်အသင်းပီပီ အိုလံပစ်ရွှေတံဆိပ်ဆုကို သိမ်းပိုက်သွားနိုင်မည်လားဆိုတာ စိတ်ဝင်စားဖွယ်ကောင်းနေခဲ့သည်။

(ငွေကြယ်)

### ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ ထိပ်ဆုံးနိုင်ငံ ၂၀ ၏ ဆုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၃၁ | ၃၂ | ၃၁ | ၉၄ |
| ၂ | ဗြိတိန်နှင့်မြောက်အိုင်ယာလန် | ၂၀ | ၂၁ | ၁၃ | ၅၄ |
| ၃ | တရုတ် | ၁၉ | ၁၅ | ၂၀ | ၅၄ |
| ၄ | ဂျာမနီ | ၁၃ | ၈ | ၉ | ၃၀ |
| ၅ | ရုရှား | ၁၂ | ၁၄ | ၁၅ | ၄၁ |
| ၆ | ဂျပန် | ၁၀ | ၅ | ၁၈ | ၃၃ |
| ၇ | ပြင်သစ် | ၈ | ၁၁ | ၁၂ | ၃၁ |
| ၈ | အီတလီ | ၈ | ၉ | ၆ | ၂၃ |
| ၉ | နယ်သာလန် | ၈ | ၄ | ၃ | ၁၅ |
| ၁၀ | ဩစတြေးလျ | ၇ | ၈ | ၁၀ | ၂၅ |
| ၁၁ | တောင်ကိုရီးယား | ၇ | ၃ | ၇ | ၁၇ |
| ၁၂ | ဟန်ဂေရီ | ၇ | ၃ | ၄ | ၁၄ |
| ၁၃ | စပိန် | ၅ | ၁ | ၂ | ၈ |
| ၁၄ | ကင်ညာ | ၄ | ၄ | ၀ | ၈ |
| ၁၅ | ဂျမေကာ | ၄ | ၀ | ၂ | ၆ |
| ၁၆ | နယူးဇီလန် | ၃ | ၆ | ၂ | ၁၁ |
| ၁၇ | ဘရာဇီး | ၃ | ၅ | ၅ | ၁၃ |
| ၁၈ | ကာဇက်စတန် | ၃ | ၃ | ၆ | ၁၂ |
| ၁၉ | ကနေဒါ | ၃ | ၂ | ၉ | ၁၄ |
| ၂၀ | ခရိုအေးရှား | ၃ | ၂ | ၀ | ၅ |

မှတ်ချက် -

၁၈-၈-၂၀၁၆ရက် မြန်မာစံတော်ချိန် ည - ၁၁ နာရီ ရလဒ်များဖြစ်ပါသည်။

ဇော်ဝင်း



## နေမာရဲ့ အိုလံပစ်အမြန်ဆုံးသွင်းဂိုး၊ ဂရိတ်ဗြိတိန်အသင်းအောင်မြင်မှုနောက်ကွယ်က မတ် ၂၃ ရက် မွေးနေ့ရှင်များရဲ့ ပွဲကိုင်မှုအပါအဝင် ရီယိုအိုလံပစ်ပြိုင်ပွဲ ၁၃ရက်မြောက်နေ့ရဲ့ ထူးခြားမှုများ

**အိုလံပစ် အမျိုးသား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်မှာ ဘရာဇီးအသင်းခေါင်းဆောင်နေမာက ပွဲစပြီး ၁၄စက္ကန့်ကတည်းက ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဒီဂိုးက အိုလံပစ်သမိုင်းမှာ အမြန်ဆုံးသွင်းဂိုးအဖြစ် မှတ်တမ်းဝင်သွားပါပြီ။အဲဒီပွဲစဉ်မှာ အိမ်ရှင်ဘရာဇီးအသင်းက ဟွန်ဒူးရပ်စ်အသင်းကို ခြောက်ဂိုးပြတ်နဲ့ သက်သောင့်သက်သာပဲ အနိုင်ရရှိခဲ့ပါတယ်။**

အမေရိကန်ရေကူးချန်ပီယံ မိုက်ကယ်ဖဲလ်က ရီယိုအိုလံပစ်မှာ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်တစ်ခု ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ယခင်အိုလံပစ်ဂန္ထဝင်ကစားသမား မာ့ခ်စပစ်ဇ်ရဲ့ပုံစံအတိုင်း အကျီဗလာကျင်းလည်ပင်းမှာ ဆုတံဆိပ်တွေကို ဆွဲထားတဲ့ အနေအထားနဲ့ ဓာတ်ပုံရိုက်ခဲ့ပါတယ်။ ဒီပုံကို ကူးယူပြီး ပိုစတာအဖြစ် ရောင်းချကြရာမှာ ဩဂုတ် ၁၈ ရက်အထိ အရွက်ရေတစ်သန်းကျော် ရောင်းချခဲ့ရပြီးဖြစ်တယ်လို့ သိရပါတယ်။ ဖဲလ်က အိုလံပစ်ရွှေတံဆိပ်ဆု ၂၃ ဆုအပါအဝင် ဆုတံဆိပ် စုစုပေါင်း ၂၈ ဆု ဆွတ်ခူးထားနိုင်သူဖြစ်ပါတယ်။

နပန်းပြိုင်ပွဲ ၅၈ ကီလိုတန်းတွင် ဂျပန်နိုင်ငံသူ အီချိုက ရုရှားနိုင်ငံသူ ကိုဘလိုဗာကို အနိုင်ယူပြီး ရွှေတံဆိပ်ဆုရယူနိုင်ခဲ့တာကြောင့် လေးကြိမ်ဆက် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်တဲ့ ပထမဆုံးအမျိုးသမီးကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ သူဟာ ၂၀၀၄ အေသင် အိုလံပစ်ကနေစပြီး အခု ၂၀၁၆ ရီယိုအိုလံပစ်အထိ လေးကြိမ်ဆက်တိုက် ရွှေတံဆိပ်ဆုရယူနိုင်သူဖြစ်ပါတယ်။

ဩဂုတ်၁၈ရက် နောက်ထပ် ထူးခြားမှုတစ်ခုကတော့ ဒီနှစ်အိုလံပစ်ပြိုင်ပွဲမှာ လက်ရှိအချိန်ထိ နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ဒုတိယနေရာမှာရှိနေတဲ့ ဂရိတ်ဗြိတိန်အသင်းရဲ့ အောင်မြင်မှုနောက်ကွယ်က အကြောင်းတရားတစ်ခုပါ။ စူးစမ်းမှုအားကောင်းတဲ့ အချက်အလက်တွေရဲ့ဖော်ထုတ်မှုအရ ဒီနှစ်ဗြိတိန်အသင်းမှာပါဝင်ကြတဲ့ လူစာရင်းမှာ မတ် ၂၃ရက် မွေးနေ့ရှင် လေးဦးအထိ ပါဝင်နေခြင်းပါ။ တိုက်ဆိုင်မှုပဲဆိုချင်ဆို ဂရိတ်ဗြိတိန်အသင်းမှ ဂျာဆန်ကန်နီ၊ ဆာ ခရစ္စဟွိုင်း၊ ဆာ စတိဗ် ရက်ဂရေ့ဗ်၊ မိုဖာရာတို့လေးဦးစလုံးက မတ် ၂၃ရက်မှာ မွေးဖွားကြသူတွေဖြစ်နေခြင်းပါပဲ။

အမေရိကန် ကျွမ်းဘားရွှေတံဆိပ်ဆုရှင်တွေဖြစ်တဲ့ အလက်ဇန္ဒြား ရေ့ဇ်မန်းနဲ့ ဆိမ္မွန်နီဘိုင်းစ်တို့နှစ်ဦးကတော့ အိုလံပစ်ကျေးရွာအတွင်း ဖွင့်လှစ်ရောင်းချတဲ့ အမြန်ပြင်အစားအစာ(Fast Food)တွေဖြစ်တဲ့ အာလူးချောင်းကြော်နဲ့ ချောကလက်ရေခဲမုန့်တွေ စားနေကြပုံကို သူတို့ရဲ့ တွစ်တာစာမျက်နှာပေါ် တင်ခဲ့ပါတယ်။ ဒါပေမယ့် ဗြိတိန်ရေကူးမယ်ဝေးလ်မေ့ကတော့ ရီယိုအိုလံပစ်မှာ အားကစားသမားတွေကိုကျွေးတဲ့ အစားအသောက်တွေနဲ့ ပတ်သက်ပြီး တကယ်ကို စိတ်ပျက်ရတယ်လို့ ဝေဖန်ခဲ့ပါတယ်။



ဒါ့အပြင် ဂရိတ်ဗြိတိန်အမျိုးသမီးဟော်ကီအသင်းက အိုလံပစ်သမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် ဗိုလ်လုပွဲကိုတက်လှမ်းနိုင်ခြင်း၊ အမေရိကန်နိုင်ငံသူ ဘာတိုလီတာဟာ အမြင့်ခုန်ပြိုင်ပွဲမှာ ပထမဆုရယူနိုင်ခြင်းနဲ့အတူ ဘရာဇီးပန်းချီပညာရှင်နှစ်ဦးက ဒုက္ခသည်အသင်းမှာပါဝင်တဲ့ ကစားသမား ၁၀ ဦးရဲ့ ပုံတွေကို ရီယိုဒီဂျနေးဒိုးမြို့လယ်မှာ နံရံဆေးရေးပန်းချီကားအဖြစ် ခြယ်မှုန်းခဲ့ခြင်းစတဲ့ စတဲ့ အကြောင်းအရာတွေက ဩဂုတ် ၁၈ ရက်မှာ တင်ကျန်ခဲ့တဲ့ အိုလံပစ်ပုံရိပ်တွေအဖြစ် ရှိနေတော့မှာပါ။

နောက်နေ့တွေမှာလည်း တစ်နေ့တာအတွင်း ထူးခြားချက်တွေကို ဖော်ပြပေးသွားဦးမှာဖြစ်ပါတယ်။

**(မေလဲ့သင်း)**

## စပိန်စူပါဖလား (၁၂)ကြိမ်မြောက် ချန်ပီယံ ဘာစီလိုနာအသင်း ဖြစ်လာ

စပိန်လာလီဂါချန်ပီယံအသင်းနှင့် စပိန်ဘုရင့်ဖလားချန်ပီယံအသင်းတို့ ယှဉ်ပြိုင်ကစားရသည့် စပိန်စူပါဖလားပြိုင်ပွဲတွင် ဘာစီလိုနာအသင်းနှင့် ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းသည် နှစ်ကျော့ပေါင်း ရလဒ်ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး စပိန်စူပါဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ဘာစီလိုနာအသင်းသည် ပထမအကျော့တွင် နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယအကျော့တွင် သုံးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း ဆီဗီလာအသင်းကို အနိုင်ရရှိခဲ့ပြီး စပိန်စူပါဖလားကို ဆွတ်ခူးနိုင်ခဲ့ရာ (၁၂)ကြိမ်မြောက် ချန်ပီယံအသင်းလည်း ဖြစ်လာခဲ့သည်။

ဒုတိယအကျော့တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို အာဒါတူရန်က နှစ်ဂိုးနှင့် မက်ဆီက တစ်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာအသင်းသည် ၂၀၁၃ ခုနှစ်နောက်ပိုင်း စပိန်စူပါဖလားကို ပထမဆုံးအကြိမ် ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ စပိန်စူပါဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ဘာစီလိုနာအသင်းပြီးပါက ဒုတိယအအောင်မြင်ဆုံးအသင်းမှာ ဆုဖလားကိုးကြိမ်ဆွတ်ခူးထားသည့် ရီးယဲလ်မက်ဒရစ်အသင်းဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် ဆီဗီလာအသင်းတို့သည် စနေနေ့တွင် စပိန်လာလီဂါရာသီသစ်အဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဘာစီလိုနာသည် ရီးယဲလ်ဘတ်တစ်နှင့်လည်းကောင်း၊ ဆီဗီလာသည် အက်စပန်ညိုနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ငွေကြယ်)**

## မှုခင်းကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အခြားသောဥပဒေများ လေးစားလိုက်နာရေး အသိပညာပေး ဟောပြော

**လားရှိုး ဩဂုတ် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း အင်ကြင်းခန်းမ၌ ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက မှုခင်းကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အခြားသောဥပဒေများ လေးစားလိုက်နာရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လားရှိုးမြို့ မြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မေလတ်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ အမှတ် ၁၁၉ ယာဉ်ထိန်းရဲတပ်ဖွဲ့စု လားရှိုးမှ ရဲအုပ်ကျော်ခိုင်က မှုခင်း၊ မူးယစ်ဆေးဝါး၊ လူမှောင်ခို လူကုန်ကူး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို အပိုင်းလိုက်ဟောပြောခဲ့သည်။

**ဟန်ငွေး(လားရှိုး)**

## ခွင့်ပြုပုံစံနှင့်ကိုက်ညီမှုမရှိဘဲ အဆောက်အအုံများဆောက်လုပ်နေမှု အိမ်ရှင်နှင့် လိုင်စင်ရကြီးကြပ်အင်ဂျင်နီယာအား အရေးယူမည်

**မန္တလေး ဩဂုတ် ၁၈**

အဆောက်အအုံနှင့် ကုန်ရုံဌာနသို့တင်ပြခြင်းမရှိဘဲ ဆက်လက်ဆောက်လုပ်သောအဆောက်အအုံအား ခွင့်ပြုချက်မဲ့အဆောက်အအုံအဖြစ် သတ်မှတ်၍ အိမ်ရှင်နှင့် လိုင်စင်ရကြီးကြပ်အင်ဂျင်နီယာအား မန္တလေးမြို့တော်စည်ပင်သာယာ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ခွင့်တင်ပြလာခြင်းအား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်၍ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းတစ်ခုလုံးအား တစ်နှစ်သက်တမ်းဖြင့် ခွင့်ပြုမိန့် ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ခွင့်ပြုမိန့်ထုတ်ပေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဆောက်အအုံများအား ခွင့်ပြုအတိုင်းအတာထက် ကျော်လွန်၍ ဆောက်လုပ်ခြင်း၊ ခွင့်ပြုပုံစံနှင့် ကိုက်ညီမှုမရှိဘဲ ဆောက်လုပ်နေခြင်းများကို စစ်ဆေးတွေ့ရှိရသည်။ စည်းကမ်းမဲ့ ဆောက်လုပ်ခြင်းများအား စစ်ဆေးတွေ့ရှိ၍ လုပ်ငန်းများရပ်ဆိုင်းစေခြင်း၊ ခွင့်ပြုပုံစံနှင့်အညီ ပြင်ဆင်ဆောက်လုပ်စေခြင်းများ ညွှန်ကြားထားသော်လည်း လိုက်နာမှုအားနည်းခြင်း၊ အဆောက်အအုံအား ရပ်ဆိုင်းမှုမရှိဘဲ ပြီးဆုံးသည်အထိ ဆက်လက်ဆောက်လုပ်ခြင်းအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေများအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း ဆောက်လုပ်ခွင့်တင်ပြသော အဆောက်အအုံများ ခွင့်ပြုပုံစံနှင့်အညီ ဆောက်လုပ်ရေး၊ အိမ်ရှင်နှင့် လိုင်စင်ရအင်ဂျင်နီယာလိုက်နာမှုရှိစေရေးအတွက် မြေကြီးလုပ်ငန်းမှ Plinth Level အထိ လုပ်ငန်းဆောင်ရွက်ပြီးချိန်တွင်အိမ်ရှင်နှင့် လိုင်စင်ရအင်ဂျင်နီယာများ မြို့တော်စည်ပင်သို့ Log Book နှင့်အတူ ဆက်သွယ်တင်ပြပြီး အဆောက်အအုံနှင့် ကုန်ရုံဌာနမှစစ်ဆေး၍ သတ်မှတ်ခွင့်ပြုပုံစံနှင့် တည်ဆောက်ထားမှသာ အပေါ်ပိုင်းတည်ဆောက်ခြင်း ခွင့်ပြုမည်ဖြစ်သည်။ **မောင်ပြည်သူ(မန္တလေး)**



## ကြွေးကျန်မရှိသော်လည်း လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ငွေပြတ်နေ၍ ချေးငွေထုတ်ပေးရာ၌ ကြန့်ကြာနေ



**ရွှေဘို ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ တောင်သူလယ်သမားတို့၏ စိုက်ပျိုးစရိတ်ချေးငွေ ကြွေးကျန်များမရှိသော်လည်း လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ငွေများပြတ်တောက်နေ၍ ချေးငွေထုတ်ပေးရာ၌ ကြန့်ကြာနေမှုများ ရှိနေကြောင်း ဒေသခံများထံမှ သိရသည်။

"ချေးငွေထုတ်ပေးနေရာမှာ ကြန့်ကြာနေမှုရှိတာ ဟုတ်ပါတယ်။ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ ငွေပြတ်တောက်နေလို့ ဖြစ်ပါတယ်။ ကျွန်တော့် ရွာအုပ်စုဆိုရင် လွန်ခဲ့သော တစ်လကျော်က ချေးငွေပြေကျေခဲ့ပေမယ့် ယခုတစ်လကျော်အကြာမှ ချေးငွေများ ရရှိပါတယ်" ဟု ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ဩဂုတ် ၁၆ ရက်နေ့ မတိုင်မီထိ ၂၀၁၆ မိုးစပါးချေးငွေကို ကျေးရွာအုပ်စုပေါင်း ၅၉ အုပ်စု၊ အစုအဖွဲ့ ၅၂၆၀၊ အဖွဲ့ဝင်ဦးရေ ၁၅၅၂၀၊ စပါးဧကပေါင်း ၇၂၈၉၁ ဧက၊ မြေပဲ ၅၃၂၇ ဧက၊ ပဲတီစိမ်း ၈၈၇၃ ဧက၊ ပဲစင်းငုံ ဧက ၆၉၈၀ တို့အတွက် ချေးငွေကျပ်စုစုပေါင်း ၁၁၃၅၆၅ ဒသမ ၃၀ သိန်းကို ချေးငွေအဖြစ် ထုတ်ပေးခဲ့ပြီးဖြစ်သည်။ ကျန်ရှိနေသော ကျေးရွာအုပ်စု သုံးစုကိုလည်း ယခုပတ်အတွင်း အမြန်ဆုံးထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေများကို စပါးတစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်း၊ ယာသီးနှံ တစ်ဧကလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးပြီး တစ်နှစ်လျှင် အတိုးနှုန်း ရှစ်ကျပ်နှင့် သတ်မှတ်ရက်ကျော်လွန်လျှင် ဒဏ်တိုးတစ်ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်သည်။ **ရောင်နီတင်ဝင်း**

## အိမ်မဲမြို့၌ ရေဝင်နစ်မြုပ်သည့် အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲပြုလုပ်

**အိမ်မဲ ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဩဂုတ်လအတွင်း၌ ချောင်းရေတိုးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် ကျေးရွာအုပ်စု ၁၁ အုပ်စုရှိ ကျေးရွာ ၂၆ ရွာ အိမ်ထောင်စု ၃၉၄ စုတို့တွင် ရေဝင်နစ်မြုပ်ခြင်းများ ဖြစ်ခဲ့သည့်အတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ရေဝင်နစ်မြုပ်သည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေကျပ် ၄၅၆၁၉၀၀ ပေးအပ်ပွဲ အခမ်းအနားကို အိမ်မဲမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက ရေဝင်ရောက်မှု အခြေအနေများ ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်းနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စောတို့က အိမ်ထောင်စုဝင်များကို အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် ရေဝင်နစ်မြုပ်ကျေးရွာ ၁၁ ရွာသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆန်နှင့်ထောက်ပံ့ငွေကျပ် ၄၅၆၁၉၀၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဦးဘဟိန်းနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စော၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် အိမ်မဲမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်းတို့က ကျေးရွာများသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြောင်းမြခရိုင်နှင့် အိမ်မဲမြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရေဝင်နစ်မြုပ်သည့် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးနှင့် အိမ်ထောင်စုဝင်များ စုစုပေါင်း ၈၄ ဦးတက်ရောက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## မျိုးစေ့ထုတ်လုပ်သူများအသင်းနှင့် ခရိုင်စိုက်ပျိုးရေးအဖွဲ့တို့ မျိုးစေ့ထုတ်လုပ်ငန်း အောင်မြင်ရေးအပြန်အလှန်ဆွေးနွေး

**ရေဦး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနသည် ခရိုင်အတွင်းရှိ မြို့နယ်များမှ အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းပြီး မျိုးစေ့ထုတ်လုပ်သူအသင်းများ ဖွဲ့စည်းကာ သီးနှံမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ မိုးစပါးရာသီမှစ၍ မြို့နယ်ခုနစ်မြို့နယ်၊ ကျေးရွာအုပ်စုပေါင်း ၄၀၊ အကျိုးဆောင်တောင်သူပေါင်း ၁၂၂ ဦးဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မျိုးစေ့ထုတ်လုပ်သူများအသင်းကို မြို့နယ်အလိုက် ဖွဲ့စည်းထားပြီးဖြစ်ရာ မျိုးစေ့စံချိန်စံညွှန်းသတ်မှတ်ချက်ရာနှုန်းပြည့် ကောင်းမွန်လာစေရန်နှင့် မျိုးစေ့ထုတ်လုပ်ငန်း အောင်မြင်ရေးတို့အတွက် ရေဦး၊ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများ၊ မျိုးစေ့ထုတ်လုပ်သူများအသင်းဝင် အကျိုးဆောင် တောင်သူ ၃၈ ဦး တို့နှင့် ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းက ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးဆွေ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မေကြွယ်ဝင်း၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်းတို့က မျိုးစေ့ထုတ်လုပ်သူများအသင်း ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များနှင့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံသောအချက်ဖြစ်သည့် စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်ပြီး ခိုင်မာသောဈေးကွက်ရရှိအောင် လက်တွေ့စိုက်ပျိုးသင့်ကြောင်း၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်မျိုးစေ့များ စိုက်ပျိုးဖြန့်ဖြူးပေးနိုင်ရေးအတွက် မျိုးစေ့ထုတ်တောင်သူများ ပေါ်ထွန်းလာအောင် အားပေးကူညီ ဆောင်ရွက်ပေးနေကြောင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်း(ခြောက်တန်း တစ်တန်းလပ်စိုက်နည်း၊ ကောက်ပင်တစ်ပင်နှင့်တစ်ပင် ရှစ်လက်မခြားစိုက်နည်း) စနစ်ကို လက်တွေ့အသုံးပြု စိုက်ပျိုးကြရမည်ဖြစ်သလို သွင်းအားစု(သဘာဝမြေဆီ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ စိုက်ပျိုးရေ)တို့ကို အချိန်ကိုက် အချိုးကျအသုံးပြုနိုင်အောင်လက်တွေ့လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မြန်မာစာအညွှန်းပါပြီး တရားဝင်မှတ်ပုံတင်ထားသည့် ဆေးများကို အညွှန်းအတိုင်းသုံးစွဲကြရန်နှင့် လိုအပ်သည်ထက် ပိုမိုအသုံးပြုခြင်းမပြုလုပ်ကြရန်အရေးကြီးကြောင်း၊ ဖြုတ်ကောင်ကျရောက်မှု၊ ဆစ်ပိုးများ ပေါက်ပွားနှုန်းနှင့်ကြိုတင်ကာကွယ်ရေး နည်းလမ်းများကိုလည်းကောင်း၊ စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းခြွေလှေ့ သိုလှောင်ဖြန့်ဖြူးသည်အထိ အဆင့်တိုင်းတွင် စနစ်တကျ ဆောင်ရွက်သင့်ကြောင်း၊ အသိပညာပေး ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် အကျိုးဆောင်တောင်သူများက မျိုးကောင်းမျိုးသန့်သီးနှံများတွင် ပြည့်စုံရမည့် အချက်အလက်များ၊ စိုက်ပျိုးချိန်ကာလ တွေ့ရသည့် အခက်အခဲများအပြင် အခြားစိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းခွင်၌ ကြုံတွေ့နေကြရသည့် အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ရာ ခရိုင်စိုက်ပျိုးရေးအဖွဲ့တာဝန်ရှိသူများက စိတ်ရှည်လက်ရှည်ဖြင့် ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

## မော်လူးပြည်ထောင်စုလမ်းမကြီးပေါ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး ရဲတပ်ဖွဲ့မှ ကူညီဆောင်ရွက်ပေး



**မော်လူး ဩဂုတ် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး အခြေခံပညာအထက်တန်းကျောင်း၊ စည်ပင်သာယာဈေးနှင့် မြို့ပေါ်ရပ်ကွက်၊ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးပေါ်တို့တွင် နေ့စဉ်ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်၊ ကျောင်းဆင်းချိန်များ၌ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မော်လူးရဲတပ်ဖွဲ့ဝင် ယာဉ်ထိန်းရဲဝန်ထမ်းတစ်ဦးက နေ့စဉ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်ရေးတို့အတွက် နေ့စဉ်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ မော်လူးစည်ပင်သာယာဈေး၊ ပြည်ထောင်စုကားလမ်းမကြီးပေါ် အထူးသဖြင့် ကျောင်းတက်၊ ကျောင်းဆင်းချိန်တွေမှာ KG တန်း ကလေးငယ်တွေ၊ မူလတန်းကျောင်းသား၊ ကျောင်းသူတွေ၊ မော်လူး အ-ထ-က ကျောင်းသား ၂၁၀၅ ဦးအတွက် ယာဉ်အန္တရာယ်ကင်းရှင်းအောင် နေ့စဉ်တစ်ရက်လျှင် နှစ်ကြိမ် ကူညီဆောင်ရွက်ပေးနေပါတယ်" ဟု မော်လူးနယ်မြေရဲတပ်ဖွဲ့စခန်းမှ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်နေသော ဒုတပ်ကြပ်နိုင်ဝင်းစိန်က ပြောပြသည်။

**နီတိုး**

# နေ့စဉ်အသုံးပြုလျက်ရှိသော အိမ်သုံးဆားတွင် အိုင်အိုဒင်းဓာတ် ပြည့်ဝမှုရှိ–မရှိ ကွင်းဆင်းစစ်ဆေး

**ပင်လည်ဘူး ဩဂုတ် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ မြို့နယ်ကျန်းမာရေးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် ပြည်သူများ စားသောက်ဖွယ်ရာများတွင် နေ့စဉ်အသုံးပြုစားနေကြသော ဆားများ၊ အိုင်အိုဒင်းဓာတ်ပြည့်ဝမှု ရှိ-မရှိတို့ကို ပင်လည်ဘူးမြို့ စည်ပင်သာယာဈေး၌ စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

စားသုံးရန်မသင့်သော၊ အိုင်အိုဒင်းဓာတ်ပြည့်ဝမှုမရှိသော အိမ်သုံးဆားရောင်းချသည့် ဈေးဆိုင်များအား ဝယ်ယူရောင်းချခြင်း မပြု လုပ်ကြရန်မှာကြားခဲ့ပြီး စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ကပြုလုပ်ခဲ့သော အိမ်သုံးဆားများတွင် အိုင်အိုဒင်းဓာတ်ပြည့်ဝမှုရှိ-မရှိ စစ်ဆေးမှုကို မြို့ပေါ်ရပ်ကွက် အတွင်းရှိ အိမ်သုံးဆားရောင်းချနေသော ဈေးဆိုင်များကိုလည်းစစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ဌေးဌေးဝင်းက ပြောသည်။

**မျိုးလွင်(ပင်လည်ဘူး)**

## ကျေးလက်နေ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းရစေမည့် အခြေခံဆိုင်ကယ် စက်ပြင်သင်တန်းဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၁၈**
နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် ဆည်စုကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဩဂုတ် ၁၆ ရက် မွန်းလွဲ ၂ နာရီက အခြေခံ မော်တော်ဆိုင်ကယ် စက်ပြင်သင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်က ကျေးလက်ဒေသများတွင် ယခုအခါ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည့်အတွက် ကျေးရွာတိုင်း၊ အိမ်တိုင်းတွင် မော်တော်ဆိုင်ကယ်များ အသုံးပြုနေကြပြီဖြစ်၍ စက်ပြင်သူများလိုအပ်လာကြောင်း၊ ယင်းအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျွမ်းကျင်စွာစက်ပြင်ဆင်နိုင်သော စက်ပြင်သူများပေါ်ပေါက်လာနိုင်စေရန် ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းနည်းပြ ဦးရဲနိုင်က သင်ကြားပို့ချပေးသည့် ဘာသာရပ်များကို မိတ်ဆက်ရှင်းလင်းပြီးနောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်လွင်ဦးက ဆည်စုကျေးရွာသည် မြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်သည့်အတွက် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည့်အပြင် လူနေမှုအဆင့်များ ပါမြင့်မားလာကြောင်း၊ ယခုကဲ့သို့ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေသည့်အပြင် အသက်မွေးဝမ်းကျောင်းပညာများပါ ရရှိသည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို အထူးကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒက္ခိဏခရိုင် ဦးစီးမှူး ဦးစိုးလင်းနှင့် နေပြည်တော်ဦးစီးမှူး ဦးကိုကိုနိုင်တို့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများအပြင် အလုပ်အကိုင်အခွင့်အလမ်းရရှိစေမည့် သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်နေသည့်အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းများဖောက်လုပ်ပေးခြင်း၊ တံတားများတည်ဆောက်ပေးခြင်းနှင့် သောက်သုံးရေရရှိရေးများ ဆောင်ရွက်လျက်ရှိကြောင်း အကျယ်တဝင့် ပြောကြားခဲ့သည်။

အဆိုပါ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်းတွင် သင်တန်းသား ၂၀ တို့အား စာတွေ့၊ လက်တွေ့သင်ကြားခြင်းကို ဩဂုတ် ၂၅ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(ဟိန်းအောင်)**

## မော်တော်ကားတာယာအဟောင်းများဖြင့် လူသုံးကုန်ပစ္စည်းထုတ်သည့် လုပ်ငန်းအား သင်ယူတတ်မြောက်လိုသည့်လူငယ်များ ရှားပါးလာ

**ပျော်ဘွယ် ဩဂုတ် ၁၈**
မော်တော်ကားတာယာအဟောင်းများဖြင့် ကားတာယာဖိနပ်ပြုလုပ်ခြင်း၊ ရေပုံး၊ ရေကနင်ငယ်များ ပြုလုပ်ခြင်းလုပ်ငန်းသည် တောင်သူလယ်သမားများ၏ လုပ်ငန်းခွင်တွင် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနေသော လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွင် စားဝတ်နေရေးအရ တစ်ဖက်တစ်လမ်းမှ အဆင်ပြေသော်လည်း ၎င်းပညာရပ် တတ်မြောက်လိုသည့် လူငယ်လူရွယ်များ ပျော်ဘွယ်မြို့နယ်အတွင်း ရှားပါးလာကြောင်း သိရသည်။



ကားတာယာဖိနပ်ပြုလုပ်ခြင်း၊ ရေပုံး၊ ရေကနင်ငယ်များ ပြုလုပ်ခြင်းလုပ်ငန်းတွင် အနှစ် ၄၀ ကျော်လုပ်ကိုင်နေသူ ဦးအောင်မြိုင်က "ကားတာယာအဟောင်းတွေကို မြို့တွင်းမှာရှိတဲ့ ယာဉ်ပိုင်ရှင်တွေထံမှာ သွားဝယ်ရပါတယ်။ ဆယ်ဘီး၊ ၁၂ ဘီး တာယာအကျတွေကို ငွေကျပ် ၆၀၀၀ နှုန်းခန့်၊ ဒိုင်နာယာဉ် ကားတာယာအကျတွေကိုတော့ ငွေကျပ် ၁၅၀၀ နှုန်းခန့် ပေးဝယ်ရပါတယ်။ ကားတာယာအကြီးတစ်လုံးကို ဖိနပ်သီးသန့်လုပ်ရင် အရန် ၄၀ ဝန်းကျင် ထွက်ပါတယ်။ ရေကန်ပြုလုပ်မယ်ဆိုရင် ခြောက်လုံးဝန်းကျင်ရပါတယ်။ ရေပုံးဆိုရင်လည်း ဆိုဒ်စုံ ၁၀ လုံးလောက်ထွက်ပါ တယ်"ဟုရှင်းပြသည်။

ကားတာယာဖြင့်ပြုလုပ်သည့် ဖိနပ်တစ်ရန်လျှင် ငွေကျပ် ၂၅၀ ခန့်၊ ရေကနင်ငယ်ဆိုဒ်စုံအား ငွေကျပ် ၁၀၀၀ မှ ၃၀၀၀ ထိ၊ ရေပုံးဆိုဒ်စုံအား ငွေကျပ် ၁၀၀၀ မှ ၃၀၀၀ ထိ ရောင်းချရပြီး ပျော်ဘွယ်မြို့နယ်အတွင်း သာမက ရမည်းသင်း၊ တပ်ကုန်းမြို့တို့မှ ပါလာရောက် ဝယ်ယူမှုများရှိကြောင်း သိရသည်။

ဖိနပ်၊ ရေကန်၊ ရေပုံးများထုတ်လုပ်ခြင်းအပြင် မြင်းလှည်းဘီးများအတွက် တာယာများပြုလုပ်ခြင်း၊ ရေတင် ပတ်တားကြိုးများ ပြုလုပ်ခြင်း၊ နွားလှည်းကုံးစီးများပြုလုပ်ခြင်း၊ စတီးဖြင့်ပြုလုပ်သည့် ထိုင်ခုံ၊ စားပွဲအောက်ခြေစွပ်များ ပြုလုပ်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ

**ပင်းတယ ဩဂုတ် ၁၈**
၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းလုပ်ငန်းစဉ်ဆိုင်ရာ သင်တန်း(၂/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက်နံနက် ၁၀ နာရီက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကူးကော်ကျေးရွာအုပ်စု ချုပ်ချက်ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးညီလေးချမ်းက အဖွင့်အမှာစကားပြောကြားပြီး ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းအောင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းလုပ်ငန်းဆိုင်ရာသင်တန်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ "ကျွန်တော်တို့ ဒီကနေ့ဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းလုပ်ငန်း ဆိုင်ရာသင်တန်း (၂/၂၀၁၆)သင်တန်း ဖွင့်ပွဲဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်ရေးဆွဲရတဲ့ရည်ရွယ်ချက်ကတော့ ကျေးရွာတစ်ရွာရဲ့ လိုအပ်ချက်တွေကို ကျေးရွာသူ၊ ကျေးရွာသားတွေက ဝိုင်းဖွဲ့ဆွေးနွေးပြီး လိုအပ်ချက်တွေကိုစုစည်းပြီးတော့ အကောင်အထည်ဖော် ဝိုင်းဝန်းရေးဆွဲခြင်းဖြစ်ပါတယ်။ ဒီလိုမျိုးစီမံချက်တွေကို ရေးဆွဲခြင်းအားဖြင့်လည်း ကျေးရွာတွေရဲ့ လိုအပ်တဲ့လုပ်ငန်းတွေကို အမှန်တကယ်သိရှိပြီး ကျွန်တော်တို့က သက်ဆိုင်ရာ ဌာနနှင့် ပေါင်းစပ်ပြီးတော့ ကျေးရွာရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားမယ်" ဟု ပြောသည်။

အဆိုပါအခမ်းအနားသို့ ပင်းတယမြို့နယ်မှ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကူးကော်ကျေးရွာအုပ်စုကျေးရွာ ၁၄ ရွာမှ ဖိတ်ကြားထားသော သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို လေးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာများအား စီမံခန့်ခွဲမှု၊ ငွေစာရင်းထိန်းသိမ်းခြင်း သင်တန်းများဖွင့်လှစ်

**ရေတာရှည် ဩဂုတ် ၁၈**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းများအနေဖြင့် အောင်မြင်မှုများရရှိနေပြီဖြစ်ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တောင်ငူခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောကျေးရွာများအား စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းခြင်းသင်တန်းများကို ရေတာရှည်မြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့၌ ဩဂုတ် ၁၆ ရက်မှစတင်၍ သင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

ရေတာရှည်မြို့နယ် ကျေးလက်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည့် သင်တန်းတွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးရန်နိုင်ညွန့်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့သည်။ စီမံကိန်းဝင်ကျေးရွာ ၁၅ ရွာမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ၁၂၅ ဦး တက်ရောက်ခဲ့ပြီး သုံးရက်ကြာမြင့်မည် ဖြစ်ကြောင်းသိရသည်။

ထို့အတူ အုတ်တွင်းမြို့နယ် ကျေးလက်ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာကိုးရွာမှ ကျေးရွာကော်မတီဝင်များအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ငွေစာရင်းထိန်းသိမ်းခြင်းသင်တန်းအား မြို့နယ်စုပေါင်းရုံးခန်း၌ ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ပြီး အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ငွေစာရင်းထိန်းသိမ်းခြင်းသင်တန်းကို ပို့ချပေးခဲ့သည်။ **ကိုလွင်(ဆွာ)**

# ပွဲဦးထွက်မှာဂိုးပြတ်အနိုင်ယူမယ့် ချန်ပီယံ

## လာလီဂါရင်ခုန်သံ–၁

**၂၀၁၆–၂၀၁၇ လာလီဂါပြိုင်ပွဲကိုလာမယ့် ဩဂုတ် ၂၀၊ ၂၁၊ ၂၂၊ ၂၃ ရက်တွေမှာ စတင်ကျင်းပသွားဖို့ရှိပါတယ်။ အဆိုပါ ပွဲစဉ်မှာ ဘာစီလိုနာ၊ အက်သလက်တီကိုတို့လိုအသင်းကောင်းတွေအနေနဲ့ အိမ်ကွင်းပွဲတွေကစားရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်မလားဆိုတာ စောင့်ကြည့်ချင်စရာဖြစ်နေပါတယ်။**

ရှိုင်းမင်းမင်း

### မာလာဂါ – အိုဆာဆူနာ နံနက် ၁း၁၅ (၂၀–၈–၁၆)

မာလာဂါအသင်းဟာ ပြီးခဲ့တဲ့ရာသီအတွင်း စပိန်လီဂါပြိုင်ပွဲမှာ ခြေစွမ်းထက်မြက်ခဲ့တဲ့အသင်းဖြစ်ပြီး အဆင့် ၈ နေရာနဲ့အဆုံးသတ်ခဲ့တဲ့အသင်းဖြစ်တယ်။ အိုဆာဆူနာအသင်းကတော့ ပြီးခဲ့တဲ့ရာသီအတွင်း ဆီဂန်ဒါပြိုင်ပွဲမှာ အဆင့် ၆ နေရာသာရရှိခဲ့ပေမယ့် Play-off ကစားကာတန်းတက်လာတဲ့အသင်းဖြစ်တယ်။ မာလာဂါတို့ အိမ်ကွင်းမှာ နိုင်ပွဲရအောင်ကစားမှာဖြစ်ပါတယ်။

### ဒီပို့တီဗို – အီဘား နံနက် ၂း၃၀ (၂၀–၈–၁၆)

ဒီပို့တီဗိုဟာ ပြီးခဲ့တဲ့ရာသီအတွင်းမှာခြေစွမ်းအတက်အကျမ တည်ငြိမ်ခဲ့တဲ့အသင်းဖြစ်ပေမယ့်လည်း ပြီးခဲ့တဲ့ရာသီကြိုခြေစမ်းပွဲတွေမှာတော့ခြေစွမ်းကောင်းတစ်ခုကိုရရှိထားခဲ့ကာ နိုင်ပွဲတွေများပြားနေခဲ့ပါတယ်။ အီဘားအသင်းကတော့ ခြေစမ်းပွဲတွေမှာ ရလဒ်တွေမကောင်းခဲ့ပါဘူး။ အထူးသဖြင့် ဒီပွဲဟာ အိမ်ကွင်းဖြစ်နေတာကြောင့် ဒီပို့တီဗိုတို့ နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမယ်ဆိုရင် အီဘားတို့ ရှုန်းကန်ရနိုင်ပါတယ်။ အိမ်ကွင်းမှာ ဒီပို့တီဗိုကသာ ဖိအားပေးကစားနိုင်ဖို့ရှိနေကာ နိုင်ပွဲလည်းရသွားနိုင်ပါတယ်။

### ဘာစီလိုနာ – ဘက်တစ် ည ၁၀း၄၅ (၂၀–၈–၁၆)

လက်ရှိချန်ပီယံဘာစီလိုနာအသင်းဟာ အဖွင့်ပွဲစဉ်ကိုအိမ်ကွင်းမှာ ကစားသွားရမှာဖြစ်လို့ အမှားမခံဘဲ နိုင်ပွဲရရှိအောင် ကစားမှာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းမှာ နေမာမပါဝင်နိုင်ပေမယ့်လည်း အသင်းရဲ့တိုက်စစ်ကစားဟန်က ထက်မြက်နေဆဲဖြစ်ပါတယ်။ ဘက်တစ်ခြေစွမ်းကလည်း အားနည်းမှုတွေများစွာရှိနေတာကြောင့် ဘာစီလိုနာကိုထိန်းဖို့ခက်မယ်။ ဘာစီလိုနာ ဂိုးပြတ်အနိုင်ပါ။

### ဂရန်နာဒါ – ဗီလာရီးရဲ နံနက် ၀၀း၄၅ (၂၁–၈–၁၆)

ဂရန်နာဒါဟာ ပြီးခဲ့တဲ့ရာသီအတွင်း ခြေစွမ်းပိုင်းကောင်းမွန်ဖို့ရုန်းကန်ခဲ့ရသလို တန်းမဆင်းရရေးအတွက် ခက်ခက်ခဲခဲကစားခဲ့ရတဲ့အသင်းဖြစ်တယ်။ ဗီလာရီးယဲလ်ကတော့ပြီးခဲ့တဲ့ရာသီမှာခြေစွမ်းကောင်းတွေပြသခဲ့ကာ ချန်ပီယံလိဂ်ဝင်ခွင့်တောင်ရရှိ ခဲ့တဲ့အသင်းဖြစ်တယ်။ လက်ရှိခြေစွမ်းပိုင်းအရ လက်ရှိအချိန်မှာ ဂရန်နာဒါတို့တိုးတက်မှုတွေရှိနေသလို အိမ်ကွင်းဖြစ်ပေမယ့် ဗီလာရီးယဲလ်ပဲကပ်နိုင်မယ်။

### ဆီဗီးလ် – အက်စ်ပန်ညော နံနက် ၂း၄၅ (၂၁–၈–၁၆)

ဆီဗီလာဟာ လက်ရှိအချိန်မှာကစားသမားကောင်းတွေ အများအပြားဆုံးရှုံးထားခဲ့ရသလို နည်းပြလည်း ပြောင်းလဲထားတာမှန်ပေမယ့် ပြန်လည်အားဖြည့်မှုကောင်းမွန်သလို နည်းပြဆမ်ပါအိုလီကလည်းထက်မြက်တာကြောင့် ခြေစွမ်းပိုင်းကောင်းမွန်နေဆဲဖြစ်ပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် ခြေစွမ်းပိုင်းသာမန်သာရှိတဲ့အက်စ်ပန်ညိုကိုထိန်းချုပ်အနိုင်ရယူသွားနိုင်မှာပါ။

### ဂီဂျွန် – ဘီဘာအို ည ၁၀း၄၅ (၂၁–၈–၁၆)

ဂီဂျွန်ဟာ ပြီးခဲ့တဲ့ရာသီအတွင်း ခြေစွမ်းသာမန်လောက်သာရှိခဲ့ကာတန်းမဆင်းရရေး ရုန်းကန်ခဲ့ရတဲ့အသင်းဖြစ်တယ်။ အထူးသဖြင့် ဂီဂျွန်ဟာပြီးခဲ့တဲ့ရာသီအတွင်း နောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရရှိခဲ့တဲ့အတွက်ကြောင့်သာ တန်းတင်ကျန်ရှိခဲ့တာဖြစ်တယ်။ ဘီဘာအိုကတော့ ကစားသမားကောင်းတွေရှိသလိုအသင်းလိုက်ကစားအားကောင်းတဲ့အသင်းဖြစ်ပြီးတိုက်စစ်ကစားပုံလည်းထက်မြက်တာကြောင့် အဝေးကွင်းဖြစ်နေပေမယ့်လည်းနိုင်ပွဲနဲ့ ရာသီသစ်စတင်သွားနိုင်မှာပါ။

### ဆိုစီဒက် – ရီးယဲလ် နံနက် ၀၀း၄၅ (၂၂–၈–၁၆)

ရီးယဲလ်က လက်ရှိအချိန်မှာ ကစားသမားခေါ်ယူမှုအဖြစ်ထိထိရောက်ရောက်ပြုလုပ်ထားနိုင်ခြင်းမရှိပေမယ့်လည်း အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်နေဆဲဖြစ်ပါတယ်။ ရိုနယ်ဒိုပါဝင်နိုင်ဖို့ မသေချာပေမယ့်လည်း ဘေးလ်၊ ဘင်ဇီမာ၊ မိုဒရစ်တို့နဲ့လူစုံပွဲထွက်လာရင် ရီးယဲလ်မက်ဒရစ်ရဲ့ခြေစွမ်းကလည်း ထက်မြက်မှုရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း ဆိုစီဒက်ကအသင်းကောင်းတစ်သင်းဖြစ်ပြီး အိမ်ကွင်းအားလည်း ရှိတာကြောင့်ရီးယဲလ်တို့ အခက်တွေ့နိုင်ပါတယ်။ ရီးယဲလ်အနိုင်ရနိုင်ပေမယ့်လည်း ဂိုးပြတ်ဖို့မဖြစ်နိုင်ဘူး။

### အက်သလက်တီကို – အလာဗက်စ် နံနက် ၂း၄၅ (၂၂–၈–၁၆)

အက်သလက်တီကိုဟာ ကစားသမားခေါ်ယူမှုတွေကိုထိထိမိမိ ပြုလုပ်နိုင်ခဲ့သလို အသင်းရဲ့အဓိကကစားသမားတွေကိုလည်း ဆက်ထိန်းထားနိုင်ပါတယ်။ အထူးသဖြင့်ဆီဗီလာတိုက်စစ်မှူး ဂါမီယိုကို ခေါ်ယူထားခဲ့တာကြောင့် အက်သလက်တီကိုတိုက်စစ်က ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ ဒီ့အပြင် အိမ်ကွင်းလည်းဖြစ်တာကြောင့် အက်သလက်တီကိုအနေနဲ့ တန်းတက်အလာဗက်စ်ကို ဖိအားပေးသွားနိုင်မှာ သေချာနေပါတယ်။

### ဆယ်တာဗီဂို – လီဂါနက်စ် နံနက် ၀၀း၃၀ (၂၃–၈–၁၆)

ဆယ်တာဗီဂိုဟာ နိုလီတိုကို ဆုံးရှုံးထားရပေမယ့်လည်း အသင်းလိုက် ကစားပုံ ကောင်းမွန်ဆဲဖြစ်သလို အိမ်ကွင်းမှာနိုင်ပွဲလည်းရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ တန်းတက်လီဂါနက်စ်ကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိတဲ့အသင်းဖြစ်ပါတယ်။ အိမ်ကွင်းမှာ ဆယ်တာဗီဂိုပဲအနိုင်ရသွားနိုင်ပါတယ်။

### ဗလန်စီယာ – လက်စ်ပဲမက်စ် နံနက် ၂း၃၀ (၂၃–၈–၁၆)

ဗလန်စီယာဟာ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေ တာကိုတွေ့ရပါတယ်။ ခြေစမ်းပွဲမှာ ဖီအိုရင်တီးနားကိုတောင် အနိုင်ရယူနိုင်ခဲ့သလို ဒီပွဲကလည်းအိမ်ကွင်းဖြစ်နေတာကြောင့်နိုင်ပွဲရယူနိုင်ဖို့ ပိုမိုအားစိုက်ကစားလာဖို့ရှိနေပါတယ်။ လက်စ်ပဲမက်စ်ကတော့ မနှစ်ကခြေစွမ်းပိုင်း သာမန်သာရှိခဲ့ပြီး အသင်းကိုလည်းထိထိမိမိအား ဖြည့်ထားနိုင်ခြင်းမရှိပါဘူး။ ဗလန်စီယာကသာ အိမ်ကွင်းမှာနိုင်ပွဲရယူသွားနိုင်မှာ သေချာနေပါတယ်။

# အဖွင့်ပွဲစဉ်မှာနိုင်ပွဲရယူမယ့် ဂျူဗင်တပ်

## အီတလီစီးရီးအေရင်ခုန်သံ–၁

**၂၀၁၆–၂၀၁၇ စီးရီးအေပြိုင်ပွဲကို လာမယ့်ဩဂုတ် ၂၀၊ ၂၁၊ ၂၂ ရက်တွေမှာ စတင်ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာ ဂျူဗင်–တပ်နဲ့ ဖီအိုရင်တီးနားတို့ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေကာ ဂျူဗင်တပ်အနေနဲ့ အိမ်ကွင်းမှာနိုင်ပွဲရယူသွားနိုင်မလားဆိုတာကို စောင့်ကြည့်ရမယ်။**

ရှိုင်းမင်းမင်း

### ရိုးမား – အူဒီးနီးစ် ည ၁၀း၃၀ (၂၀–၈–၁၆)

ရိုးမားဟာ ပီဂျာနစ်၊ အဲလ်ဂျာဂျစ်၊ လူးကပ်စ်ဒစ်ဂ်နီတို့ကိုဆုံးရှုံးထားခဲ့ရတာမှန်ပေမယ့်လည်း ဗာမာလန်အပါအဝင် ကစားသမားကောင်းအချို့ကိုပြန်လည်ခေါ်ယူထားနိုင်ခဲ့ပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ အူဒီးနီးစ်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းသာမန်သာရှိသလို အားဖြည့်မှုလည်း သိပ်မရှိပါဘူး။ အိမ်ကွင်းမှာရိုးမားကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### ဂျူဗင်တပ် – ဖီအိုရင်တီးနား နံနက် ၁း၁၅ (၂၁–၈–၁၆)

ဂျူဗင်တပ်က ပေါ့ဂ်ဘာ၊ မိုရာတာတို့လို ကစားသမားကောင်းတွေကို ဆုံးရှုံးထားရပေမယ့် အသင်းလိုက်ခြေစွမ်းမဆိုးဘူး။ ဝက်စ်ဟမ်းနဲ့ခြေစမ်းပွဲမှာ တိုက်စစ်မှူးသစ်ဟီဂွါရင်ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပေမယ့် မန်ဇူကစ်၊ ဒိုင်ဘာလာတို့လိုတိုက်စစ်ကစားသမားတွေ ဂိုးသွင်းခြေရနေတယ်။ ဖီအိုရင်တီးနားကတော့ အကောင်းဆုံးခြေစွမ်းပုံစံရဖို့ ရုန်းကန်နေရပြီး အသင်းကောင်းတွေနဲ့ ကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာ ရှုံးပွဲတွေကြုံခဲ့ရတယ်။ ဂျူဗင်တပ်နိုင်မှာပါ။

### အေစီမီလန် – တိုရီနို ည ၁၀း၃၀ (၂၁–၈–၁၆)

နည်းပြသစ်မွန်တဲလားရဲ့ အေစီမီလန်ကခြေစွမ်းတည်ငြိမ်မှုရရှိအောင် ရုန်းကန်နေရဆဲဖြစ်ပြီး လီဗာပူး၊ ချယ်ဆီးတို့နဲ့ကစားခဲ့တဲ့ခြေ စမ်းပွဲတွေမှာ ရှုံးပွဲတွေကြုံတွေ့ခဲ့ရတယ်။ တိုရီနိုကကစားပုံသာမန်သာရှိတယ်ဆိုပေမယ့် အသင်းလိုက် စုစည်းမှု ကောင်းမွန်တာကြောင့် အေစီမီလန်ကို အခက်တွေ့စေနိုင်တယ်။ အေစီမီလန်ရဲ့အိမ်ကွင်းဖြစ်ပေမယ့်သရေကျဖို့များတယ်။

### အတ္တလန္တာ – လာဇီယို နံနက် ၁း၁၅ (၂၂–၈–၁၆)

အတ္တလန္တာဟာ ကလိုဆေး၊ မာယူရီ၊ မာထရီ၊ အိုနာဇီ၊ ကန်ဒရီဗာတို့လိုကစားသမားကောင်းတွေကိုဆုံးရှုံးထားရတာလို့ အသင်းလိုက်စုစည်းမှုအကောင်းဆုံးပုံစံပြန်လည်ရရှိဖို့ ရုန်းကန်နေရသလို တိုက်စစ်နဲ့ ခံစစ်လည်းအားနည်းနေတယ်။ လာဇီယိုကတော့ အသင်းလိုက်ကစားပုံကောင်းမွန်ပြီး ခံစစ်ကစားပုံလည်း မဆိုးဘူး။ လာဇီယိုရုန်းကန်ရနိုင်ပေမယ့် တစ်ဂိုးအသာနဲ့ ကပ်နိုင်သွားနိုင်တယ်။

### ဘိုလော့ဂ်နာ – ခရိုတိုနီ နံနက် ၁း၁၅ (၂၂–၈–၁၆)

တန်းတက်ခရိုတိုနီဟာ ခြေစွမ်းပိုင်းသာမန်သာရှိပါတယ်။ အထူးသဖြင့်အသင်းကို အင်အားဖြည့်တင်းမှုတွေ ထိထိရောက်ရောက် မပြုလုပ်ထားတာကြောင့် ခြေစွမ်းပိုင်းလည်းတိုးတက်လာဖို့ခက်ပါတယ်။ ဘိုလော့ဂ်နာကတော့ ခြေစွမ်းပိုင်းသာမန်သာရှိပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးကစားမှာဖြစ်ပါတယ်။ ခရိုတိုနီတို့အသင်းလိုက် အားနဲ့ခံကစားမှာဖြစ်ပေမယ့် ဘလော့ညာပဲကပ်နိုင်မယ်။

### ချီယေဗို – အင်တာ နံနက် ၁း၁၅ (၂၂–၈–၁၆)

ချီယေဗိုအသင်းဟာ တိုက်စစ်ပိုင်းအားနည်းနေတာကြောင့် ဆမ်ဒိုးရီးယား၊ ဟော့ဖန်ဟိမ်းတို့နဲ့ ကစားခဲ့တဲ့ခြေစမ်းပွဲတွေမှာဂိုးသွင်း ယူနိုင်မှုမရှိခဲ့သလိုခံစစ်လည်းပေးဂိုးများနေတယ်။ အင်တာမီလန်ကလည်း ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်နေရပြီး နည်းပြအပြောင်းအလဲကြောင့် ရာသီအဖွင့်ပွဲစဉ်မှာရုန်းကန်ရနိုင်တယ်။ ဒါပေမယ့် ချီယေဗိုနဲ့ ဆုံတွေ့မှုတွေမှာ အင်တာကအသာစီးရတတ်တဲ့အစဉ်အလာရှိတယ်။ အင်တာနိုင်ပွဲကပ်ရသွားမှာပါ။

### အမ်ပိုလီ – ဆမ်ဒိုးရီးယား နံနက် ၁း၁၅ (၂၂–၈–၁၆)

အမ်ပိုလီအသင်းဟာ ခြေစွမ်းပိုင်းမဆိုးသလို မက်ကာရိုနီ၊ ပူဆီ အာရီလီတို့လို တိုက်စစ်မှူးကောင်းတွေ ရှိနေသလို ပါလာမိုအသင်းက ဝါရင့်တိုက်စစ်မှူး ဂီလာဒီနိုကိုလည်း ခေါ်ယူအားဖြည့်ထားလို့ တိုက်စစ်ပိုင်းပိုမိုကောင်းမွန်လာနိုင်တယ်။ ဆမ်ဒိုးရီးယားကတော့ အသင်းလိုက်ကစားပုံသာမန်သာရှိသလို ဆိုရီယာနိုလို အဓိကကစားသမားမျိုးကိုလည်းဆုံးရှုံးထားရတယ်။ အမ်ပိုလီရဲ့ အိမ်ကွင်းလည်းဖြစ်လို့ အမ်ပိုလီပဲကပ်နိုင်သွားနိုင်တယ်။

### *Ed – u , fvD&D eHuf;15 (22–8–16)

ဂျီနိုအာကပြီးခဲ့တဲ့ စီးရီးအေပြိုင်ပွဲမှာ အလယ်အလတ်အဆင့်သာ ရပ်တည်နိုင်ခဲ့တဲ့ အသင်းဖြစ်ပေမယ့် အိမ်ကွင်းခြေစွမ်းမဆိုးသလို ခြေစမ်းပွဲတွေမှာလည်းကစားပုံကောင်းမွန်မှုရှိခဲ့တယ်။ ဒါပေမယ့် စီးရီးဘီပြိုင်ပွဲရဲ့ ချန်ပီယံအဖြစ်တန်းတက်လာတဲ့ ကယ်ဂလီယာရီကလည်း အသင်းလိုက်ကစားပုံမာကျောမှုရှိနေတာကြောင့် ဂျီနိုအာကို အခက်တွေ့စေနိုင်တယ်။ သရေကျနိုင်တယ်။

### ပါလာမို – ဆာစူအိုလို နံနက် ၁း၁၅ (၂၂–၈–၁၆)

ပါလာမိုကပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှာအသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်တွေအဖြစ်ရပ်တည်ခဲ့တဲ့ ဂီလာဒီနို၊ ဗာဇ်ကွက်ဇ် တို့လိုကစားသမားတွေကို ဒီနွေဈေးကွက်မှာဆုံးရှုံးထားရလို့ တိုက်စစ်ပိုင်းအားနည်းမှုရှိလာနိုင်သလို ခြေစွမ်းလည်းသာမန်သာရှိတယ်။ ဆာစူအိုလိုကအသင်းလိုက်ခြေစွမ်းမဆိုးသလို တိုက်စစ်မှူး ဘီရာဒီလည်းဂိုးသွင်းခြေရနေတယ်။ ဆာစူအိုလိုကပ်နိုင်သွားနိုင်တယ်။

### ပက်စ်ကာရာ – နာပိုလီ နံနက် ၁း၁၅ (၂၂–၈–၁၆)

တန်းတက်ပက်စ်ကာရာဟာခြေစမ်းပွဲတွေမှာ ဆယ်တာဗီဂိုလို အသင်းမျိုးကို ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရပြီး ရှုံးပွဲကြုံခဲ့ရတာမို့ နာပိုလီကို ခြေရည်တူယှဉ်နိုင်ဖို့ခက်တယ်။ နာပိုလီက တိုက်စစ်မှူး ဟီဂွါရင်ကို ဆုံးရှုံးထားရပေမယ့် တိုက်စစ်ကို အကောင်းဆုံး ပြန်လည်အားဖြည့်ထားပြီး ခြေစမ်းပွဲမှာ မိုနာကိုလိုအသင်းကိုဂိုးပြတ်နိုင်ပွဲရထားတယ်။ ပက်စ်ကာရာရဲ့အိမ်ကွင်းဖြစ်သလို ပက်စ်ကာရာတို့ အိမ်ကွင်းအားနဲ့ ခံကစားမှာဖြစ်ပေမယ့် နာပိုလီသာနိုင်ပွဲရသွားမှာပါ။

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာ ဖြစ်ပါသည်။*

*(စာတည်းအဖွဲ့)*

# ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

**ခ** မောင်စာဂ

**ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် မူလပထမ**

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဟူသည်ကား တစ်ခုနှင့်တစ်ခု ဒွန်တွဲလျက်ရှိ၏။ အမှီသဟဲပြုလျက်ရှိ၏။ အကြောင်းအကျိုးပြုလျက်ရှိ၏။ ရပ်ရွာအေးချမ်းသာယာဖို့ဆိုလျှင် တရားဥပဒေစိုးမိုးမှု ရှိဖို့လိုသည်။ တရားဥပဒေစိုးမိုးမှ ရပ်ရွာအေးချမ်းသာယာမည်။ တရားဥပဒေစိုးမိုးရေးသည် အဓိကကျသည်။ မူလပထမဖြစ်သည်။ ရပ်ကွက်နှင့်ကျေးရွာများသည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံအကျဆုံး လူ့အဖွဲ့အစည်း၊ လူနေမှုပတ်ဝန်းကျင်ဖြစ်သည်။ ရပ်ကွက်တိုင်း ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း ကျေးရွာတိုင်း အေးချမ်းသာယာမှသာလျှင် နိုင်ငံတော်ကြီးတစ်ခုလုံး အေးချမ်းသာယာပေမည်။ ရပ်ကွက်တိုင်း ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း ကျေးရွာတိုင်း တရားဥပဒေစိုးမိုးရေးရှိမှသာလျှင် နိုင်ငံတော်တစ်ဝန်းလုံး နိုင်ငံတော်ကြီးတစ်ခုလုံး တရားဥပဒေစိုးမိုးရေးရှိပေတော့မည်။ ထို့ကြောင့်ပင် "ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် မူလပထမ" ဟူ၍ ဆောင်ပုဒ်ပြုခဲ့ခြင်းဖြစ်ပေသည်။

**ရပ်ရွာအေးချမ်းသာယာရေး**

ရပ်ရွာအေးချမ်းသာယာရေးဆိုသည်ကား အဘယ်နည်း။ ကျွန်ုပ်နားလည်သလို ဆိုရပါမူ ရပ်သူရပ်သား ရွာသူရွာသား အားလုံးတို့သည် အပူအပင်မရှိ အကြောင့်အကြမရှိ အစိုးအရိမ် အထိတ်အလန့်မရှိ လုံလုံခြုံခြုံ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နှင့် ရှာဖွေလုပ်ကိုင် အသက်မွေးဝမ်းကျောင်းမှုပြုနေထိုင်နိုင်ကြသည်ဆိုလျှင် ရပ်ရွာအေးချမ်းသာယာရေး ဖြစ်ထွန်းနေသည်ဟု ဆိုရမည်ဖြစ်ပေသည်။

**တရားဥပဒေစိုးမိုးရေး** (Rule of Law)

တရားဥပဒေစိုးမိုးရေး (Rule of Law) ဆိုသည်ကား အဘယ်နည်း။ ဤနေရာတွင် ၁၈ - ၄ - ၂၀၁၆ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် နှစ်သစ်ကူးမိန့်ခွန်းမှာပါရှိသည့် အချက်အလက်များမှ ကောက်နုတ်ဖော်ပြလိုပါသည်။

"ကျွန်မတို့မှာ တရားဥပဒေစိုးမိုးရေးရှိစေချင်တယ်ဆိုတာဟာ နိုင်ငံသူနိုင်ငံသားအားလုံးဟာ တရားဥပဒေရဲ့ ကာကွယ်မှုအောက်မှာ လုံလုံခြုံခြုံနေနိုင်ခြင်းကို ကျွန်မတို့ ဦးတည်တာကို ပြောတာပါ။ တရားဥပဒေဆိုတာဟာ တရားမျှတရမယ်၊ ကောင်းမွန်တဲ့ သက်ရောက်မှုရှိနိုင်တဲ့ ဥပဒေတွေ ရှိရမှာဖြစ်ပါတယ်။

ကျွန်မတို့ တရားစီရင်ရေးမဏ္ဍိုင်ကြီးဟာ တည့်မတ်ဖို့ ထိရောက်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ တရားစီရင်ရေးနဲ့ပတ်သက်လို့ရှိရင် တရားမျှတမှုရှိရမယ်။ နိုင်ငံတကာက လက်ခံထားတဲ့ စံနှုန်းတွေနဲ့ကိုက်ညီရမယ်။ တရားမျှတမှုဆိုတာဟာ၊ မျှတတဲ့တရားစီရင်ခြင်းဆိုတာဟာ အဆိုရှိပါတယ်။ လုပ်ရုံနဲ့တင်မပြီးဘူး။ လုပ်ပါတယ်ဆိုတာ ထင်ရှားရမယ်။ တရားမျှတရုံနဲ့မလုံလောက်ဘူး။ တရားမျှတခြင်းရှိပါတယ်ဆိုတာ ထင်သာမြင်သာ ဖြစ်ရပါလိမ့်မယ်။ ဒါကတော့ အခြေခံတစ်ခုပါပဲ။

နောက်တစ်ခုက တရားဥပဒေစိုးမိုးရေးအတွက် အင်မတန်အရေးကြီးတဲ့ မူတစ်ခုကတော့ မည်သူမဆို အပြစ်ရှိတယ်ဆိုတာကို ခိုင်လုံတဲ့သက်သေသာဓကမရှိလို့ရှိရင် အပြစ်မဲ့လို့ သတ်မှတ်ရပါလိမ့်မယ်။ ဒါဟာ . . . တရားဥပဒေရဲ့ အခြေခံလိုအပ်တဲ့မူတစ်ခုရှိပါတယ်။ အပြစ်ရှိတဲ့လူများပင်လျှင် တရားဥပဒေအရ စီရင်တဲ့အခါမှာ တရားဥပဒေထိရောက်မှုကို အကြင်နာ၊ ကရုဏာနဲ့ ပျော့ပျောင်းအောင် လုပ်ရမယ်ဆိုတဲ့ အဆိုလည်းရှိပါတယ်။

ကျွန်မတို့တရားဥပဒေစိုးမိုးရေးဆိုတာဟာ ပြည်သူတွေကို ကာကွယ်ဖို့၊ ပြည်သူတွေကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုပေးဖို့ဖြစ်ပါတယ်။

ပြည်သူတွေကို ချုပ်ချယ်ဖို့မဟုတ်ပါဘူး။ ဖိနှိပ်ဖို့မဟုတ်ပါဘူး။ တချို့တွေက ဥပဒေဆိုရင် ကြောက်ကြပါတယ်။ ဥပဒေဆိုတာ ပြည်သူတွေကို ဖိနှိပ်ဖို့လို့ထင်ကြပါတယ်။ ဒီလိုမဟုတ်ပါဘူးဆိုတာ ကျွန်မအနေနဲ့ ရှင်းလင်းပြီးတော့ ပြောချင်ပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာ ကျွန်မတို့ ပြည်တွင်းငြိမ်းချမ်းရေးအတွက်လည်း အင်မတန်မှ အရေးကြီးပါတယ်။ တရားဥပဒေစိုးမိုးရေးမရှိဘဲနဲ့ ကျွန်မတို့ ငြိမ်းချမ်းရေးကို ဆောက်တည်လို့မရပါဘူး။"

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ညွှန်ပြခဲ့သော ဤအချက်များကို ကျွန်ုပ်တို့အားလုံးက နိုင်ငံတော်၏ "မူ" တစ်ရပ်အဖြစ် သဘောထားကြရပါမည်။ အမြဲနှလုံးသွင်းထားအပ်ပါသည်။ ဥပဒေများရေးဆွဲခြင်း၊ ဥပဒေကို အကောင်အထည်ဖော်ခြင်း၊ တရားစီရင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းညွှန်သဖွယ် လိုက်နာကျင့်သုံးဆောင်ရွက်ကြရန်ဖြစ်ပေသည်။

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဖွင့်ဆိုချက်**

"တရားဥပဒေစိုးမိုးရေးဆိုသည်မှာ နိုင်ငံတော်နှင့်ပြည်သူများ၊ အစိုးရသို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အားလုံးသည် ပြဋ္ဌာန်းဥပဒေများနှင့်အညီ လိုက်နာရန်တာဝန်ရှိခြင်း၊ ဥပဒေကိုအညီအမျှအကောင်အထည်ဖော်ခြင်းနှင့် လွတ်လပ်စွာတရားစီရင်ခြင်းဟူသည့် အကောင်အထည်ဖော်စီမံမှုဖြစ်သည်။ ယင်းတွင် ဥပဒေအချုပ်အခြာဖြစ်မှု၊ ဥပဒေပြုရာတွင် ညီမျှမှု၊ ဥပဒေနှင့်အညီတာဝန်ယူမှု၊ ဥပဒေကိုကျင့်သုံးရာတွင်မျှတမှု၊ အာဏာခွဲဝေကျင့်သုံးမှု၊ အဆုံးအဖြတ်ပေးရာတွင် အကျိုးသက်ဆိုင်သူများပါဝင်မှု၊ ဥပဒေများတိကျမှု၊ တစ်ဖက်သတ် ဆောင်ရွက်ခြင်းကို ရှောင်ကြဉ်မှုနှင့် ပွင့်လင်းမြင်သာမှု သဘောတရားတို့ပါဝင်သည်။" ဟူ၍ ဖြစ်သည်။ (Report of the UN Secretary General on the Rule of Law and Transitional Justice in Conflict and Post-Conflict Societies)

**တရားဥပဒေစိုးမိုးရေးဆောင်ပုဒ်**

ဗြိတိသျှနိုင်ငံရေးသမားနှင့် စာရေးဆရာ ဘင်ဂျမင်ဒစ်စရေလီက "လူတွေသာဖြူစင်နေမည်ဆိုလျှင် ဥပဒေတွေကို အသုံးပြုစရာလိုမည်မဟုတ်ပေ။ လူတွေက အကျင့်ပျက်ခြစား ကောက်ကျစ်လာကြသည့်အခါ ဥပဒေများမှာ အချိုးဖောက်ခံရတော့သည်" ဟု ဆိုသည်။ [When men are pure, Laws are useless; when men are corrupt, Laws are broken, Benjamin Disraeli (1804-1881) British politician and author.]

အင်္ဂလိပ်စာရေးဆရာနှင့် ပြဇာတ်ဆရာ ဟင်နရီဖီလ်ဒင်က "ဥပဒေအဆုံးသတ်သွားသည့်အခါ ဥပဒေမရှိတော့သည့်အခါ ဖိနှိပ်ညှဉ်းပန်းမှုတွေ စတင်ဖြစ်ပေါ်လာရတော့တာပဲ" ဟူ၍ ဆိုသည်။ [Where the Law ends tyranny begins, Henry Fielding (1707-1754) English novelist and dramatist.]

အထက်တွင်ဖော်ပြခဲ့သည်တို့ကို အထောက်အထားပြုလျက် ကျွန်ုပ်အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်ပြီး ဤသို့ဆောင်ပုဒ်တစ်ခု ထုတ်ပေးချင်ပါသည်-

"တရားဥပဒေစိုးမိုးရေးအစ ဥပဒေရေးဆွဲခြင်းက"

"တရားဥပဒေစိုးမိုးရေးအလယ် ဥပဒေကိုလိုက်နာမယ်"

"တရားဥပဒေစိုးမိုးရေးအဆုံး ဥပဒေအတိုင်းကျင့်သုံး"

ဤအတိုင်းပဲ ကျွန်ုပ်၏ဆောင်းပါးကို အပိုင်းသုံးပိုင်းခွဲ၍ ရေးလိုပါသည်။

**တရားဥပဒေစိုးမိုးရေးအစ ဥပဒေရေးဆွဲခြင်းက**

တရားဥပဒေစိုးမိုးရေးအတွက် အစကနဦးသည် ဥပဒေရေးဆွဲခြင်းကစသည်ဟု ဆိုချင်ပါသည်။ တရားဥပဒေစိုးမိုးဖို့ဆိုလျှင် ကောင်းသောဥပဒေများ (good Laws)၊ တရားမျှတသော ဘက်မလိုက်သောဥပဒေများ (fair Laws) များ ရေးဆွဲပြဋ္ဌာန်းပေးဖို့လိုပါသည်။ ပြည်သူများကို ရှေးရှုရပါမည်။ ပြည်သူတွေကို ဦးတည်ရပါမည်။ ပြည်သူများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်အရေးအရာများကို ကာကွယ်စောင့်ရှောက်ပေးသည့်ဥပဒေများ၊ ပြည်သူများနှင့် နိုင်ငံတော်၏ ကောင်းကျိုးချမ်းသာများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည့် ဥပဒေများဖြစ်ထွန်းပေါ်ပေါက်လာဖို့လိုပါသည်။

ဥပဒေပြုသူများ (Law makers) သည် တည်ဆဲဥပဒေများကိုလည်း အမြဲစိစစ်နေကြရပါမည်။ ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေစေသည့် ဥပဒေများ၊ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီဆီလျော်ခြင်းမရှိသည့်ဥပဒေများ၊ အံဝင်ခွင်ကျမဖြစ်သည့် ဥပဒေများစသည်ကို ရုပ်သိမ်းသင့်က ရုပ်သိမ်းရပါမည်။ ပြင်ဆင်သင့်က ပြင်ဆင်ရပါမည်။ အသစ်ပြဋ္ဌာန်းသင့်က အသစ်ပြဋ္ဌာန်းပေးရပါမည်။

ပညာရှင် ချားလ်စ်ဒီမွန်တက်စ်ကျူက "အသုံးမဝင်သည့်၊ အသုံးမကျသည့်ဥပဒေတွေကြောင့် အမှန်တကယ်လိုအပ်သည့်ဥပဒေတွေ အားပျော့မှေးမှိန်စေရသည်" ဟုဆိုသည်။

> **"ပြည်သူတွေကဥပဒေကိုလေးစားလိုက်နာကြရမည်ဆိုသည်ကလည်း အကြောက်တရားနှင့် လေးစားလိုက်နာကြတာမျိုးမဖြစ်စေရပါ။ အသိတရားနှင့်လေးစားလိုက်နာတတ်ကြဖို့ လိုအပ်သည်။ အကြောက်တရားနှင့် လေးစားလိုက်နာခြင်းသည် မခိုင်မြဲပါ။ အကြောက်တရားမရှိနိုင်သည့်အခြေအနေတွင် ဥပဒေကို ဖောက်ဖျက်ကြပေတော့မည်။ ကျူးလွန်ဖို့လည်း ဝန်လေးကြတော့ . . ."**

[Useless Laws weaken the nacessary Laws, Charles de Montesquieu] ဤအဆိုကို သတိမူကြရပေလိမ့်မည်။

ဥပဒေများပြုရာတွင် ဆိုလိုရင်းကို တိကျဖို့လိုသည်။ ရှင်းလင်းဖို့လိုသည်။ အများပြည်သူ ဖတ်ရှုလျှင် အလွယ်တကူသိရှိနားလည်နိုင်ဖို့လိုသည်။ အငြင်းပွားဖွယ် စကားလုံး အရေးအသားမျိုးကို ရှောင်ရမည်။ ပြည်သူတွေဖတ်လျှင် အလွယ်တကူ နားလည်လွယ်စေနိုင်သည့် စကားလုံးများကို သုံးနှုန်းသင့်သည်။ ဖြစ်နိုင်လျှင် စာပိုဒ်များ တိုတိုနှင့် ရှင်းရှင်းလင်းလင်း ရေးသင့်သည်။ စာပိုဒ်များ ရှည်လွန်းလျှင် ပြည်သူတွေဖတ်ဖို့ အခက်အခဲဖြစ်နိုင်သည်။ "သော်လည်းကောင်း"၊ "လည်းကောင်း"၊ "ဖြစ်စေ"၊ "၍"၊ "ပြီး"၊ "ဖြစ်"၊ "သည့်"၊ "သော"၊ "နှင့်" စသည်ဖြင့် စကားလုံးတွေ သုံးပြီး ဝါကျရှည်ကြီး ရေးသားခြင်းမျိုးကို အထူးရှောင်သင့်သည်။ ဥပဒေပြုသူ အချင်းချင်းပင် အငြင်းပွားဖွယ်ရာ ငြင်းကြခုံကြရင်း တည်ဆောက်ထားသည့် စကားလုံးအသုံးအနှုန်း ဝါကျ၊ စာပိုဒ်များကို သာမန်ပြည်သူတွေ နားလည်ရခက်ခဲမည်ကို သတိမူသင့်သည်။ ဥပဒေရေးထုံး၊ ရေးထုံးဆိုပြီး တရားသေမစွဲကိုင်သင့်၊ ပြည်သူတွေက နားလည်နိုင်ဖို့သည် အဓိကဖြစ်နေသည်။ ပြည်သူတွေဖတ်လျှင် "ဘယ်လိုနေမလဲ" ဆိုပြီး ပြည်သူတစ်ယောက်အနေဖြင့် သဘောထားပြီး ဖတ်ကြည့်ပေးရမည်။

ပညာရှင်ဗော်လ်တဲယားက ဥပဒေတွေ ရှင်းလင်းပါစေ၊ ညီညာပါစေ၊ တူညီပါစေ၊ အတိအကျဖြစ်ပါစေ၊ သို့မဟုတ်ဘဲ ဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ကောက်ယူခြင်းပြုနေရလျှင် မူလဆိုလိုရင်းမှ အမြဲတစေနီးပါး သွေဖည်လွဲမှား ပျက်စီးစေမည်ဖြစ်သည်ဟူ၍ ဆိုခဲ့သည်။ [Let the Laws be clear, uniform and precise; to interpret Laws is almost always to corrupt them. Voltaire] ဥပဒေပြုသူများအတွက် မှတ်သားဖွယ်အဆိုတစ်ခုဖြစ်ပေသည်။ ကောင်းသောဥပဒေများ ဖြစ်ထွန်းပေါ်ပေါက်လာခြင်းဖြင့် ဥပဒေပြုရေးမဏ္ဍိုင် ကြံ့ခိုင်နေမည် ဖြစ်ပေသည်။

**တရားဥပဒေစိုးမိုးရေးအလယ် ဥပဒေကိုလိုက်နာမယ်**

ဥပဒေတစ်ခုကို ပြည်ထောင်စုလွှတ်တော်က ရေးဆွဲခြင်း၊ အတည်ပြုခြင်း၊ ပြဋ္ဌာန်းခြင်းတို့ ပြုလုပ်သည်။ ပြီးလျှင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ထုတ်ပြန်သည်။ နိုင်ငံတော် ပြန်တမ်းတွင် ထည့်သွင်းကြေညာသည်။ ယင်းအချိန်မှစ၍ ဥပဒေအသက်ဝင်လာသည်။ ဥပဒေကို လိုက်နာကြရပါတော့သည်။ ဥပဒေကိုအကောင်အထည်ဖော်သူတွေရော ပြည်သူတွေရော အားလုံးလိုက်နာကြရပါမည်။ ဥပဒေအထက်တွင် မည်သူတစ်ဦးတစ်ယောက်မျှမရှိစေရပါ။

ဥပဒေကိုလိုက်နာကြရမည်ဆိုရာတွင် ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်သူများကိုယ်တိုင်က ပို၍အဓိကကျသည်။ ဥပဒေတစ်ခုပြဋ္ဌာန်းလိုက်လျှင် ယင်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ဝန်ကြီးဌာန ဆိုသည်ရှိရသည်။ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် လိုအပ်လျှင် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များထုတ်ရသည်။ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များကိုယ်တိုင်က ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ရှင်းရှင်းလင်းလင်း သဘောပေါက် နားလည်ထားကြဖို့လိုသည်။ လေ့ကျင့်မှုတွေ ပြုလုပ်ပေးရမည်။ သင်တန်းတွေပို့ချပေးရမည်။ ဤသည်တို့မှာ တစ်ကြိမ်မက၊ မကြာမကြာ ပြုလုပ်ပေးနေရမည့် လုပ်ငန်းစဉ်များဖြစ်သည်။ ဥပဒေကို အကောင်အထည်ဖော်မည့်သူများကိုယ်တိုင်က ကျေကျေညက်ညက် နားလည်သဘောပေါက်ထားမှသာ ပြည်သူတွေကို အသိပညာပေးတွေ ပြုလုပ်သည့်အခါ အဆင်ပြေမည်။ ချောမွေ့စေမည်။ ပြည်သူတွေနားလည်သဘောပေါက်အောင် အသိပညာပေးခြင်းလုပ်ငန်းတွင် ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း၊ အုပ်ချုပ်ခြင်းများ ပြုနိုင်ကြပေလိမ့်မည်။

ဤသို့ပင် ဝန်ကြီးဌာနတိုင်း ဝန်ကြီးဌာနတိုင်းသည် မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ဥပဒေများကို ပြည်သူတွေ သိရှိနားလည်စေရန် အသိပညာပေးမှုတွေ ပြုလုပ်ရမည့်တာဝန်တစ်ရပ်ရှိနေသည်ဟု ခံယူထားသင့်ကြပေသည်။ ပြည်သူတွေသိရှိအောင်၊ ပြည်သူတွေထံရောက်အောင်၊ ဥပဒေစာအုပ်စာတမ်းတွေ ဖြန့်ဝေပေးရမည်။ ရှင်းလင်းဆွေးနွေးမှုတွေ ပြုလုပ်ပေးရမည်။ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား စသည်စသည်တို့မှ ပြည်သူတွေ သိရှိအောင် သတင်းအချက်အလက်များ ပေးနေရမည်။ ဥပဒေကပေးထားသည့် အခွင့်အရေးများ၊ ဥပဒေကတားမြစ်ထားသော အချက်များစသည်တို့ကို ပြည်သူတွေ ရှင်းရှင်းလင်းလင်း သိထားနိုင်ကြစေရန် နည်းလမ်းမျိုးစုံဖြင့် အသိပညာပေးလုပ်ငန်းတွေ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေရမည်ဖြစ်သည်။

ပြည်သူတွေက ဥပဒေကို လေးစားလိုက်နာကြရမည်ဆိုသည်ကလည်း အကြောက်တရားနှင့် လေးစားလိုက်နာကြတာမျိုး မဖြစ်စေရပါ။ အသိတရားနှင့် လေးစားလိုက်နာတတ်ကြဖို့ လိုအပ်သည်။ အကြောက်တရားနှင့် လေးစားလိုက်နာခြင်းသည် မခိုင်မြဲပါ။ အကြောက်တရားမရှိနိုင်သည့်အခြေအနေတွင် ဥပဒေကို ဖောက်ဖျက်ကြပေတော့မည်။ ကျူးလွန်ဖို့လည်း ဝန်လေးကြတော့မည်မဟုတ်ပေ။ အသိတရားနှင့် လိုက်နာခြင်းသည်သာ ခိုင်မြဲသည်။ မည်သည့်အခြေအနေမျိုး ဖြစ်ပါစေ၊ ဥပဒေကို ဖောက်ဖျက်ကျူးလွန်ဖို့ ရှောင်ကြသည်။ သို့ဖြစ်၍ အသိတရားရှိကြဖို့ အရေးကြီးသည်။ ဥပဒေကို အသိတရားရှိရှိနဲ့ လိုက်နာတတ်ကြဖို့ တာဝန်ရှိသူ အသီးသီးတို့က ဥပဒေ အသိပညာပေးလုပ်ငန်းတွေ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေကြဖို့ လိုအပ်ပေသည်။

ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ကြရသည့် ဝန်ကြီးဌာန အသီးသီးတို့က မိမိတို့ကိုယ်တိုင် ဥပဒေကို လိုက်နာပြီး ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း၊ အုပ်ချုပ်ခြင်းဖြင့် ကောင်းသော အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းပေါ်ပေါက်စေမည်ဖြစ်သည်။

**စာမျက်နှာ ၁၉ သို့**

## ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

စာမျက်နှာ – ၁၈ မှ

ပြည်သူတွေကလည်း ဥပဒေကို အသိတရားဖြင့် လိုက်နာနေထိုင်ကြခြင်းဖြင့် တရားဥပဒေစိုးမိုးရေးထွန်းကားလာစေမည်ဖြစ်သည်။ ဤသို့ဆိုလျှင် အုပ်ချုပ်ရေးမဏ္ဍိုင် ကြံ့ခိုင်နေမည်ဖြစ်ပေသည်။

**တရားဥပဒေစိုးမိုးရေးအဆုံး ဥပဒေအတိုင်းကျင့်သုံး**

တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တရားဥပဒေစိုးမိုးရေး၏ အစကနဦး လိုအပ်ချက်သည် ကောင်းသောဥပဒေများ (good Laws) ဖြစ်ထွန်းပေါ်ပေါက်စေဖို့ လိုအပ်ကြောင်း အကျဉ်းမျှဆိုခဲ့ပြီးဖြစ်သည်။

တရားဥပဒေစိုးမိုးရေး၏အလယ်တွင် ဥပဒေကိုအကောင်အထည်ဖော်သူတွေရော ပြည်သူတွေရော အားလုံးက လိုက်နာကြဖို့ ကောင်းသောအလေ့အကျင့်၊ ကောင်းသောလေ့ကျင့်မှုများ (good Practices) လိုအပ်သည်။ ယင်းတွင် ကောင်းသောသင်တန်းပေးမှုများ (good trainings)၊ ကောင်းသောအသိပညာပေး လုပ်ငန်းများ(good education) ပါဝင်ကြောင်း အကျဉ်းမျှဆိုခဲ့ပြီးဖြစ်သည်။

ယခုတစ်ဖန် တရားဥပဒေစိုးမိုးရေးအဆုံး ဥပဒေအတိုင်းကျင့်သုံးဟူသောအပိုင်းတွင် ဥပဒေကို မလိုက်နာဖောက်ဖျက်သူများအား အရေးယူရတော့မည်ဖြစ်၍ ကောင်းသောလုပ်ထုံးလုပ်နည်းများ (good procedures) ရှိဖို့လိုအပ်ကြောင်း အကျဉ်းမျှပြောပါဦးမည်။

ပြစ်မှုဥပဒေတိုင်းတွင် တားမြစ်ထားချက်များ၊ ပြစ်မှုပြစ်ဒဏ်များ ပါရစမြဲဖြစ်သည်။ ဖောက်ဖျက်သူအား အရေးယူဆောင်ရွက်မှုပြုကြရသည်။ ဤသို့အရေးယူမှုပြုရာတွင် ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများ ရှိဖို့လိုအပ်သည်။ ထူးခြားမှုအသွင်ဆောင်သည့် ဥပဒေမျိုးဆိုလျှင် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ဌာန၊ မည်သည့်အဖွဲ့အစည်းက စတင်အရေးယူရမည်၊ မည်သို့ တိုင်ကြားချက်ပြုရမည်ဆိုသည့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းမှု၊ တိကျမှုရှိစေရမည်။ သို့မှသာ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့ပေမည်။

အရေးယူမှုပြုရာတွင် တရားစွဲအဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအပြင် ပြည်သူတွေကပါ ပူးပေါင်းပါဝင်ကြရန် လိုအပ်သည်။ အရေးယူထိုက်သူများကို အရေးယူကြရမည်။ အရေးမယူထိုက်သူများကို အရေးမယူမိဖို့ အထူးသတိပြုရှောင်ရှားရမည်။ သက်သေခံအထောက်အထားများ ခိုင်လုံအောင်တင်ပြရမည်။ ပြည့်စုံမှတရားရုံးသို့ တရားစွဲဆိုတင်ပြကြရမည်။ တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ဆောင်ရွက်မှုအဆင့်ဆင့်တိုင်းတွင် ဥပဒေနှင့်အညီ ဖြစ်ရမည်။ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့် ကိုက်ညီရမည်။

တရားရုံးရောက်လျှင် တရားစီရင်ရေးအပိုင်းက ဆက်လက်ဆောင်ရွက်ရပေတော့မည်။ တရားစီရင်ရေးဆောင်ရွက်ရာတွင် တရားသူကြီးများကသာ တာဝန်ရှိသည်ဟူ၍ မမှတ်ယူသင့်ကြ။ တရားစီရင်ရာတွင် ပါဝင်ဆောင်ရွက်ကြရသည့် ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ၊ တရားစွဲ အဖွဲ့အစည်းများ၊ သက်သေများအားလုံးကလည်း ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်သည်။ တရားသူကြီးများအနေဖြင့် အမှုတွင်ပေါ်ပေါက်လာသည့် သက်သေခံချက်များအပေါ်တွင်သာ အခြေပြုသုံးသပ် ဆုံးဖြတ်ကြရသည်ဖြစ်ရာ ဥပဒေနှင့်အညီ မှန်ကန်သော၊ ပြည့်စုံခိုင်မာသော သက်သေခံအချက်အလက်များကို ထုတ်ဖော်တင်ပြပေးရန် တာဝန်သည် ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ၏ တာဝန်လည်း ဖြစ်ပေလိမ့်မည်။ တရားစွဲအဖွဲ့အစည်းများကလည်း မှန်ကန်သော သက်သေခံချက်များ တင်ပြပေးရမည်။ သက်သေများကလည်း မှန်ကန်စွာ ထွက်ဆိုတင်ပြပေးကြရမည်။

တရားစီရင်မှုလုပ်ငန်း စစ်ဆေးပြီးမြောက်သည့်အခါ ပေါ်ပေါက်လာသော သက်သေအချက်များအပေါ် ဥပဒေအတိုင်း လိုက်နာကျင့်သုံး၍ အဆုံးအဖြတ်ပြုကြရသည်။ ဆုံးဖြတ်ချက်သည် ဘက်လိုက်မှုမရှိရ၊ မျက်နှာသာပေးမှုမရှိရ မှန်ကန်ရမည်။ မျှတရမည်။ ဥပဒေနှင့်ညီညွတ်ရမည်။ ဤကဲ့သို့ မှန်ကန်ကြောင်း၊ မျှတကြောင်း၊ ဥပဒေနှင့်ညီညွတ်ကြောင်း အများပြည်သူလည်း မြင်သာစေရမည်။ မှန်ကန်သော တရားစီရင်ရေး လမ်းကြောင်းဖြစ်ကြောင်း အများပြည်သူယုံကြည်လက်ခံနိုင်ကြစေရန် ဆောင်ရွက်ကြရပေမည်။ တရားရုံးများ၏ ဆုံးဖြတ်ချက်က တရားဥပဒေစိုးမိုးမှုဖြစ်ထွန်းနေကြောင်း အထင်အရှားညွှန်ပြနေသည့် သက်သေခံချက်များ ဖြစ်နေကြရပေမည်။ ဤသို့ဆိုလျှင် တရားစီရင်ရေးမဏ္ဍိုင်ကြံ့ခိုင်နေမည်ဖြစ်ပေသည်။

**ဆန္ဒနှင့်ယုံကြည်ချက်**

သည်နေ့သည်ချိန်ကစ၍ ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ပို၍ပို၍တရားဥပဒေစိုးမိုးသော နိုင်ငံတော်ကြီးတစ်ခု ဖြစ်လာစေချင်ပါသည်။ မြင်လည်းမြင်တွေ့လိုပါသည်။ ရပ်ကွက်တိုင်း၊ ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း ကျေးရွာတိုင်းသည် ပို၍ပို၍ အေးချမ်းသာယာသော ရပ်ကွက်တွေ၊ ကျေးရွာတွေ ဖြစ်လာစေချင်ပါသည်။ မြင်လည်းမြင်တွေ့လိုပါသည်။

အမေရိကန်လူမည်းခေါင်းဆောင် မာတင်လူသာကင်ဂျူနီယာ (၁၉၂၉-၁၉၆၈) က "တရားဥပဒေစိုးမိုးရေးဆိုသည် တရားမျှတမှုကို တည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် တည်ရှိနေသည်။ ဤရည်ရွယ်ချက်အောင်မြင်စေရန် အကောင်အထည်မဖော်နိုင်သည့်အခါ ယင်းတို့သည် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုရေစီးကြောင်းကို ပိတ်ပင်တားဆီးထားသည့် ဘေးအန္တရာယ်ရှိစွာ တည်ဆောက်ထားသော ဆည်များဖြစ်လာတော့သည်" ဟူ၍ ဆိုခဲ့သည်။ [Law and order exist for the purpose of establishing Justice and when they fail in this purpose they become the dangerously structured dams that block the flow of social progress, **Martin Luther King Jr.(1929-1968) American black Leader.]**

တရားဥပဒေစိုးမိုးရေး၊ စိုးမိုးရေးဟူ၍ ကျွန်ုပ်တို့ အော်ဟစ်ကြွေးကြော်နေရုံနှင့် မပြီးပါ။ ဟောနေ၊ ပြောနေ၊ ရေးနေကြရုံနှင့်မပြီးပါ။ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရပါမည်။ အသံသာပါ၊ အဆန်မပါသည့် သကြံန်အမြောက်မျိုးမဖြစ်စေလိုပါ။ မတွေ့လိုပါ။ အသံလည်းပါ အဆန်လည်းပါစေချင်ပါသည်။ အပြောနှင့်အလုပ်ညီကြရပါမည်။ အသိနှင့်အကျင့် ထပ်တူ ဖြစ်နေကြရပါမည်။

တရားဥပဒေစိုးမိုးရေး၏ အစဖြစ်သည့်ဥပဒေပြုပိုင်ခွင့်ရှိသူများက ပြည်သူတွေကို ရှေးရှု၍ ပြည်သူတွေနှင့် နိုင်ငံတော်ကိုဦးတည်၍ ကောင်းသောဥပဒေများ ပြဋ္ဌာန်းပေးသွားမည်၊ တရားဥပဒေစိုးမိုးရေး၏ အလယ်တွင် အုပ်ချုပ်ရေးအဖွဲ့များ ကိုယ်တိုင်က ဥပဒေများကို လေးစားလိုက်နာသွားမည်၊ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်၊ ပြည်သူတွေအားလုံးကိုလည်း လေးစားလိုက်နာစေမည်၊ ပြည်သူတွေအားလုံးကလည်း လေးစားလိုက်နာသွားကြမည်၊ တရားဥပဒေစိုးမိုးရေး၏ အဆုံးတွင် ဥပဒေကို မလိုက်နာသူများအား ဥပဒေအတိုင်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်၊ ဥပဒေနှင့်အညီ တရားစီရင်သွားမည်၊ မှန်ကန်သော၊ မျှတသောဥပဒေနှင့်အညီဖြစ်သော အမိန့်များ ချမှတ်ဆုံးဖြတ်သွားမည် စသည်စသည်တို့ကို အဆင့်လိုက် အဆင့်လိုက် တက်ညီလက်ညီ အားထုတ်ကြိုးပမ်းသွားကြမည်ဆိုပါက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။

## ဆားလင်းကြီးမြို့တွင် မြို့နယ်အဆင့် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်

**ဆားလင်းကြီး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းမြတ်သဇင်ခန်းမ၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းပြင်ပ မူလတန်း ပညာရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက်က ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်လှလှအေးက မြို့နယ်အတွင်းကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးကြီးကြပ်ရေးမှူး ဦးမြင့်ဆွေက မြန်မာနိုင်ငံ ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို အသေးစိတ်ရှင်းလင်းပြောကြား သည်။

ထို့နောက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းပြင်ပ ပညာသင်ရေးနှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်းတွင် ထူးချွန်သူများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သော အခြေစိုက်စခန်းများရှိကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် စတုတ္ထရရှိသော ကျောင်းသူက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါအခမ်းအနားကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ NFPE ဆရာ ဆရာမများ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာအုပ်စု ဆရာ ဆရာမများတက်ရောက်ကြောင်း သိရသည်။

**အောင်သီဟ(ဆားလင်းကြီး)**

# ကိုရီးယားနိုင်ငံမှ ပါရဂူများ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ဆေးကုသပေး

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား ဦးသိန်းစိန်ဖောင်ဒေးရှင်းနှင့် ကိုရီးယားနိုင်ငံဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ အခမဲ့ဆေးကုသပေးခြင်းကို ဩဂုတ် ၁၂ ရက်နံနက်ပိုင်းမှစတင်၍ ပုဗ္ဗသီရိမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးတွင် ပြုလုပ်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကိုရီးယားနိုင်ငံမှ ပါရဂူဆရာဝန် ၄၀ က မြို့နယ်အတွင်းရှိ ရဟန်းသံဃာများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ရပ်ကွက်နေ ပြည်သူများအား သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါများအား စမ်းသပ်ပေးခြင်း၊ လိုအပ်ပါက ဆေးဝါးများထိုးနှံပေးခြင်း၊ သောက်သုံးရန်အတွက် ဆေးများပေးအပ်ခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး အဆိုပါအဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား သုံးရက်ကြာ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရွှေရဲရင့်)**

## စပါးအထွက်တိုးရေးအတွက် စပါးဖျက်ခရုများနှိမ်နင်းရေးပညာပေး

**ဖာပွန် ဩဂုတ် ၁၈**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း မိုးစပါးစိုက်ဧက သုံးသောင်းကျော်ရှိရာ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် စပါးစိုက်ခင်းများတွင် အဓိကကျရောက်နေသည့် စပါးဖျက်ခရုများအား ကာကွယ်နှိမ်နင်းနိုင်ရန်နှင့် လက်ဦးမှုရယူနိုင်ရန်အတွက် စပါးစိုက်တောင်သူများအား ပညာပေးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဩဂုတ် ၁၆ ရက်က လိုက်လံပညာပေးနှိုးဆော်ကြသည်။

ဖာပွန်မြို့နယ် ဝေ့ဆန်ကျေးရွာ၊ ဝေ့မှုန်ကျေးရွာ၊ ဝေ့နှောင်ကျေးရွာ၊ တံခွန်တိုင်ကျေးရွာ၊ မဲသလွတ်ကျေးရွာများတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးထွန်းလှရွှေနှင့် ဝန်ထမ်းများသည် စပါးစိုက်ဧကများ အထွက်နှုန်းတိုးရေး တစ်ခုဖြစ်သော တောင်သူများလိုက်နာရမည့် ခရုနှိမ်နင်းနိုင်ရေးအချက်များတွင် လယ်ကွက်ကန်သင်းပေါင်များပေါ်ရှိ ပေါင်းမြက်များတွင် ခရုများ ဥချထားသောဥများအား ဖျက်ဆီးပေးခြင်း၊ လယ်ကွက်များအတွင်း စုပေါင်းကာ တစ်ပြိုင်တည်း ခရုကောက်ခြင်းများ၊ ရေဝင်/ရေထွက်ပေါက်များတွင် ဆန်ခါ၊ ပိုက်များဖြင့် ထောင်ဖမ်းပြီး မြေမြှုပ်ဖျက်ဆီးခြင်း၊ ဘဲအုပ်များဖြင့် လွှတ်ကြောင်းဖမ်းစားစေခြင်း၊ ခရုကြိုက်သော သဘော်ရွက်များ ကန်သင်းပေါင်တွင် ချထားပေးခြင်း၊ မြေပြင်သည့်အချိန်တွင် ပိုတက်ဓာတ်မြေဩဇာအား တစ်ဧကတွင် လေးပုံတစ်ပုံနှုန်းဖြင့် ထည့်သွင်းထားခြင်းများဖြင့် ကာကွယ်နှိမ်နင်းရေး ပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များကို စပါးစိုက်တောင်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖာပွန်(ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ရက် ၁၀၀ အတွင်း ဆောင်ရွက်ခဲ့သော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအား ခရိုင်ချင်း အပြန်အလှန်စစ်ဆေးခြင်း အစီအစဉ်အရ ကွင်းဆင်းစစ်ဆေးခြင်းကို ဩဂုတ် ၉ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရာတွင် တောင်ငူခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်နှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ် အတွင်း ကျေးရွာခုနစ်ရွာတွင် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သော ကျေးရွာနေ ပြည်သူများ ရေရရှိရေးအတွက် တွင်းတိမ်နှစ်တွင်းနှင့်လက်တူးတွင်းကျယ် ငါးတွင်းတို့အား ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းလွင်က လိုက်လံရှင်းလင်း ပြသခဲ့ကြောင်းသိရသည်။

**နေလင်း(ညောင်လေးပင်)**

## ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော် ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန စည်ပင်သာယာကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးကျော်မင်းဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများသည် ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက ဝက်စုကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျောင်းကျန်းမာရေး အသိပညာပေးခြင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အသိပညာပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးလက်ကျန်းမာရေးမှူး ဦးကျော်မင်းက ကျောင်းသားကျောင်းသူများ အာဟာရဖွံ့ဖြိုးစေရန်နှင့် အိုင်အိုဒင်းချို့တဲ့ရောဂါများ အကြောင်းကိုလည်းကောင်း၊ လက်ကို စနစ်တကျ ဆေးကြောတတ်စေရန် အသိပညာပေးဟောပြောပြီး ကျန်းမာရေးဝန်ထမ်းများက လက်ဆေးခြင်းအား လက်တွေ့ သရုပ်ပြဆောင်ရွက်ခဲ့ကာ ကျောင်းသား ကျောင်းသူ ၃၅၀ အား အခမဲ့ကျန်းမာရေးစစ်ဆေးပေးခြင်းများ ပြုလုပ်ခဲ့သည်။ ထို့နောက် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်း၍ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရွှေရဲရင့်**

# သေသူကို ရှင်သူတရသည်

ခ မျိုးအောင်(ညောင်ဦး)

အချိန်ကား နေ့ခင်း နှစ်နာရီ. . .
သူငယ်ချင်းကိုပြည့် ရွာသို့အလည်သွားရင်း စာအုပ်ငှားရန်ဖြစ်သည်။ အညာနေက သာပေစွ။ ထို့ကြောင့် ထီးလေးဆွဲကာ ထွက်ခဲ့သည်။ မိနစ်နှစ်ဆယ်ခန့် လမ်းလျှောက်လာသော် ရွာအဝင်လမ်းကလေးရောက်သည်နှင့် တမာပင်ပျိုတန်းကလေးက သာယာကြည်နူးစွာ ကြိုဆိုနေပေသည်။ ရွာအဝင် တမာပင်ပျိုတန်းကလေးကိုဖြတ်၍ ရွာထဲသို့ဝင်လာခဲ့ရာ တွေ့သမျှလူအများ၏ မျက်နှာကားမကောင်း။ မျက်ဝန်းမှာ မျက်ရည်စများနှင့်။ စပ်စုတတ်သော ကျွန်တော့်အတွက် ထိုအကြောင်းကို စိတ်ဝင်စားမိသည်။ သိချင်လှသော်လည်း သူစိမ်းများဖြစ်နေ၍ မမေးရဲ၊ မစပ်စုရဲ။ သူငယ်ချင်းအိမ်ရောက်မှပင် မေးတော့မည်ဟု ဆုံးဖြတ်ကာ ခြေလှမ်းခပ်သွက်သွက်ဖြင့်ပင် လျှောက်ခဲ့သည်။

သူငယ်ချင်းအိမ်ရောက်သည်နှင့် သူငယ်ချင်းကိုပြည့်အမေက မျက်ဝန်းမှမျက်ရည်စများသုတ်ကာ နွေးထွေးစွာကြိုဆိုပါသည်။ "သား ကိုပြည့်ကိုသွားခေါ်ပေးမယ်။ ခဏစောင့်" ဆိုပြီး ကိုပြည့်အမေထွက်သွားသည်။ မကြာခင်သူ့အမေနှင့် ကိုပြည့်ပါလာသည်။ ကျွန်တော့်ကိုတွေ့သည်နှင့် သူငယ်ချင်းကိုပြည့်က "သူငယ်ချင်း ရောက်နေတာကြာပြီလား Sorry ကွာ" လို့ ပြောကာ ကျွန်တော်ငှားသော စာအုပ်များကို ထုတ်ပေးပြီး ယခုသူ အသုဘအိမ်ဝေယျာဝစ္စကူလုပ်ပေးနေသည့်အကြောင်း ပြောသော်ကျွန်တော်လည်း လမ်းမှာတွေ့ခဲ့သည့်လူများ မျက်နှာမကောင်းကြ၊ မျက်ဝန်းမှာမျက်ရည်စများဖြစ်နေသည်ကို သဘောပေါက်မိသည်။ ဘယ်သူ့နာရေးလဲဟု ကျွန်တော်ကမေးသော် 'စိတ်ဝေဒနာခံစားနေရပြီး အရူးပမာလိုဖြစ်နေတဲ့ ဖိုးပေါ်နာရေး' ဟု ကိုပြည့်ကပြောလိုက်သည်နှင့် ကျွန်တော်လည်း အံ့သြမိသည်မှာ အမှန်ပင်။ ဘုမသိဘမသိနှင့် ကျွန်တော်လည်း "အရူးဆုံးတာ ဘာလို့လူအများက စိတ်မကောင်းဖြစ်နေကြတာလဲ၊ တွေ့ခဲ့သမျှလူတွေရဲ့ မျက်နှာတွေကလည်း မျက်ရည်စတွေနဲ့ပါလား" ဟုပြောတော့ သူငယ်ချင်းကိုပြည့်က ဖိုးပေါ်အကြောင်း ပြောပြပါတော့တယ်။

**အများအကျိုးဆောင်ရွက်**

"ဖိုးပေါ်က စိတ်ဝေဒနာရှင်ဖြစ်ပေမယ့် တစ်ရွာလုံးက သူ့ကိုချစ်ကြတယ်။ သူက ပရဟိတစိတ် အပြည့်ရှိတယ်။ လူအများကိုကူညီချင်တဲ့စိတ်က သူ့ရဲ့မွေးရာပါလိုပဲ။ ရပ်ရွာသန့်ရှင်းရေးဆို သူကရှေ့က။ ရွာအဝင် တမာပင်တန်းလေးဆို သူစိုက်ထားတာ။ ရွာမှာ သာရေးနာရေးရှိရင် ဖိုးပေါ်က ရေသယ်၊ ထင်းသယ်၊ ကြက်သွန်လှီးကအစ အားကိုးရတယ်။ မနက်မိုးလင်းတာနဲ့ ရွာလမ်းတွေကို တံမြက်စည်းလှည်းတယ်။ ရွာလယ်ရေချမ်းစဉ်ကို အမြဲရေဖြည့်တယ်။ ရွာထဲမှာ တစ်ယောက်ယောက် မနိုင်ဝန်ထမ်းလာရင် သူက ကူသယ်ပေးတယ်။ ရွာမှာ လမ်းပန်းရှိရင်လည်း လူအများမလုပ်ချင်တဲ့အလုပ်ကို သူကအမြဲလုပ်တယ်။ တစ်ရွာလုံးက သူ့ကိုအားကိုးကြ၊ ချစ်ကြတယ်။ အကြော်သည်က ဖိုးပေါ်တွေ့ရင် ဖိုးပေါ်အကြော်စားဦး၊ ပြောင်းဖူးသည်က ဖိုးပေါ်ပြောင်းဖူးစားဦးနဲ့ ချစ်ကြတယ်။ အခုလည်း သူဆုံးပါးလို့ တစ်ရွာလုံးက စိတ်မကောင်း ဝမ်းနည်းနေကြတာ" ဟု သူငယ်ချင်းက ပြောပြ၍ စိတ်မမှန်သော်လည်း အများအကျိုးဆောင်ရွက်တတ်ပြီး သူတပါးအပေါ် ကူညီချင်သည့်စိတ်အပြည့်ရှိသည့် ဖိုးပေါ်အတွက် ကျွန်တော်ကိုယ်တိုင်ပင် နှမြောဝမ်းနည်းစိတ်ဖြစ်ကာ စိတ်မကောင်းဖြစ်မိလေသည်။

ဖိုးပေါ်အကြောင်းပြောနေစဉ်မှာပင် ရွာဓလေ့အတိုင်း အသုဘချချိန်နီး၍ ကြေးစည်သံကြားရသောအခါ စိတ်ထားမွန်မြတ်သော ဖိုးပေါ်အသုဘကို လိုက်ပို့စေချင်သည့်စိတ်က ဖြစ်ပေါ်လာသည်။ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဆိုသည်နှင့်အညီ အသုဘလိုက်ပို့ချင်ကြောင်းကို ပြည့်အားပြော၍ ကိုပြည့်နှင့်အတူ ထွက်ခဲ့သည်။ အရူးပမာစိတ်ဝေဒနာရှင်၏ နာရေးပင်ဖြစ်သော်လည်း နာရေးလိုက်ပို့သည့် လူအုပ်ကြီးကာ အများအပြားပင်။ ဖိုးပေါ်ရုပ်အလောင်း သင်္ချိုင်းသို့ရောက်သော်လည်း နာရေးလိုက်ပို့သည့် လူအုပ်တန်းကြီးကာ နာရေးအိမ်နှင့် အဆက်မပြတ်သေးပေ။ ထိုအရာကိုမြင်ရသော ကျွန်တော်လည်း ဖိုးပေါ်၏ မွန်မြတ်သောစိတ်ထားနှင့် တစ်ရွာလုံးက ဘယ်လောက်ချစ်ကြသည်ကို ပို၍သိလာရပေသည်။

အသုဘကိစ္စပို့ပြီးသည်နှင့် ကျွန်တော်လည်း မိမိရွာသို့ပြန်လာခဲ့ရာ သူငယ်ချင်းကိုပြည့်တို့ရွာအထွက် ဖိုးပေါ်စိုက်ခဲ့သည့် တမာပင်ပျိုတန်းကလေးပင်ရောက်လာခဲ့သည်။ လှပသည့်တမာတန်းလေးကာ ကျေးငှက်များ ပျံသန်းနေသည်နှင့်အမျှ ကလေးများ ဆော့ကစားနေသည်ကို မြင်ရသော ဆရာဇော်ဂျီ၏ 'သင်သေသွားသော်' ကဗျာလေးကား ကျွန်တော်၏ရင်ထဲ တိုးဝင်လာခဲ့သည်။

သင်သေသွားသော်
ညြော်. . . လူ့ပြည်လောက လူ့ဘဝကား
အိုရ နာရ သေရဦးမည် မှန်ပေသည်တည့်။
သို့တပြီးကာ
သင်သေသွားသော်
သင်ဖွားသောမြေ သင်တို့မြေသည်
အခြေတိုးမြှင့် ကျန်ကောင်းသင့်၏
သင်၏မျိုးသား စာစကားလည်း
ကြီးပွားတိုးမြှင့် ကျန်ကောင်းသင့်၏
သင်ဦးချ၍ အမျှဝေရာ စေတီသာနှင့် သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း

"သင်သေသွားသော် သင်ဖွားသောမြေ သင်တို့မြေသည် အခြေတိုးမြှင့် ကျန်ကောင်းသင့်၏" ဟု ဆိုသည့်အတိုင်း မိမိရွာလေးအခြေတိုးမြှင့်ကာ ပိုပြီးသာယာလှပစေချင်သည့် ဖိုးပေါ်၏ မွန်မြတ်သောစိတ်ထားကား တမာပင်ပျိုတန်းကလေးက သက်သေပြလို့နေပေသည်။ အများအကျိုး၊ ရပ်ရွာအကျိုးဆောင်ရွက်ချင်သည့်စိတ်၊ မိမိရွာသာယာလှပစေချင်သည့်စိတ်၊ အများကိုကူညီချင်စိတ်ရှိသည့် ဖိုးပေါ်အား ရွာသူရွာသားများ အချိန်တိုင်း နှမြောတသဖြစ်နေမည်ကား မလွဲပေ။

ဖိုးပေါ်ကဲ့သို့ ရပ်ရွာအကျိုး သယ်ပိုးဆောင်ရွက်သည့်စိတ်၊ အများကိုကူညီချင်သည့်စိတ်ထားတို့အား ကျွန်တော်တို့လူသားအများ အတုယူကျင့်ကြံ လုပ်ဆောင်ကြရမည်ဖြစ်ပြီး အတ္တစိတ်နှင့် မိမိအတွက်တစ်ခုသာမကြည့်ဘဲ ပရဟိတစိတ်ဖြင့် အများအကျိုး၊ မြို့၊ ရွာ၊ တိုင်းပြည်အကျိုးတို့ကို မွန်မြတ်သောစေတနာဖြင့် သယ်ပိုးနိုင်ကြပါစေကြောင်း. . .။

# ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါများအား ရှာဖွေကုသမှု လုပ်ငန်းများအား စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်

**နေပြည်တော် ဩဂုတ် ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများအနေဖြင့် ပြည်သူလူထုအတွင်း မကူးစက်နိုင်သောရောဂါများ၏ အန္တရာယ်ကြီးမားလာမှုကို သိရှိစေရန်၊ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော ကူညီပံ့ပိုးမှုများပေးနိုင်ရန်နှင့် မကူးစက်နိုင်သောရောဂါများဖြစ်ပွားမှု၊ အရွယ်မတိုင်မီသေဆုံးမှုများ လျော့နည်းကျဆင်းလာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Help Age International (Myanmar Office) တို့မှ ပူးပေါင်းဆောင်ရွက်သော မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသခြင်းဆိုင်ရာ အသိပေးဆွေးနွေးတင်ပြခြင်းအခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကန်တော်မင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်ရွှေက မကူးစက်နိုင်သောရောဂါဖြစ်ပွားမှု၊ Risk Factors ကာကွယ်နှိမ်နင်းရေးအကြောင်းအရာများကိုလည်းကောင်း၊ ဆီးချို၊ သွေးချိုကာ ကွယ်ထိန်းသိမ်းရေးစီမံချက်မန်နေဂျာ ပါမောက္ခဒေါက်တာကိုကိုက ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် ကင်ဆာရောဂါများ၊ ရောဂါရှာဖွေကုသမှုလုပ်ငန်းများကို အခြေခံကျန်းမာရေးဝန်ထမ်းများက ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်ခြင်းလုပ်ငန်း Pakage of Essential NCDS နှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် ရှင်းလင်းပြသဆွေးနွေးခဲ့သည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ပြည်သူလူထုအတွင်းဖြစ်ပွားနေသည့် မကူးစက်နိုင်သောရောဂါများဖြစ်သော ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါများအား ရောဂါရှာဖွေကုသမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် Pakage of Essential NCDS လုပ်ငန်းကို ၂၀၁၆ ခုနှစ်အတွင်း ပြည်ထောင်စုနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါက်တာကိုကိုက ရှင်းလင်းဆွေးနွေးရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများက မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသခြင်းဆိုင်ရာနှင့် ဆီးချို၊ သွေးချို၊ သွေးတိုး၊ ကင်ဆာရောဂါများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်၊ Help Age International (Myanmar Office) မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန့်မောင်**

# ကနီမြို့နယ်တွင် မိုးစပါးဆင်းသုခမျိုးသန့်ထုတ် ဧက ၂၀ စိုက်ပျိုး



**ကနီ ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တဇယ်ချောင်ကျေးရွာအုပ်စုနှင့် ကင်းတောင်ကျေးရွာအုပ်စုတို့တွင် မိုးစပါး ဆင်းသုခမျိုးသန့်စပါးဧက ၂၀ ကို တဇယ်ချောင်ကျေးရွာအုပ်စု တောင်သူ ဒေါ်ငြိမ်း ကွင်းအမှတ် (၁၂၉၅) တွင် ဩဂုတ် ၁၅ ရက်က စတင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ယင်းသို့ မိုးစပါး ဆင်းသုခမျိုးသန့်ဧက ၂၀ စိုက်ပျိုးလျက်ရှိရာ ကင်းတောင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၄၀၉) တွင် တောင်သူလေးဦးဖြင့် ၇ ဧကနှင့် တဇယ်ချောင်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၀၄၉) တွင် တောင်သူ ၁၁ ဦးဖြင့် ၁၃ ဧကတို့ကို၂၀၁၆-၂၀၁၇ ခုနှစ် ကနီမြို့နယ် မိုးစပါးဆင်းသုခ မျိုးသန့်ထုတ်လုပ်ခြင်းလုပ်ငန်းအနေဖြင့် ခြောက်တန်းစိုက် တစ်တန်းလှပ်စနစ်ဖြင့် ပျိုးသက် ၂၅ ရက်သားတွင် ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးရေး ဦးစီးဌာနမှ ကြီးကြပ်၍ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ကနီမြို့နယ်၏ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများနှင့် သိပ္ပံနည်းကျ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ မိုးစပါးမျိုးသန့်စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်း တောင်သူများအား စဉ်ဆက်မပြတ်ပညာပေးဆောင်ရွက်နေသလို အခုလိုစပါးမျိုးသန့်ကွက်များစိုက်ပျိုးပြီး မြို့နယ်အတွင်းမှ တောင်သူများအား စီးပွားဖြစ်စပါးမျိုးများအား ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးသန့်ဇင်က ပြောသည်။

၂၀၁၆-၂၀၁၇ ခုနှစ် ကနီတစ်မြို့နယ်လုံး၏ မိုးစပါးလျာထားချက်ဧကမှာ ၂၇၆၅၀ ဧကဖြစ်ပြီး စိုက်ပြီးဧကမှာ ၁၄၀၇၇ ဧက စိုက်ပျိုးပြီးစီးကြောင်း ၎င်းက ပြောကြားသည်။

**ဆလိုင်း(ပြန်/ဆက်)**

# သောင်ရင်းမြစ်တွင်း ငါးသယံဇာတထိန်းသိမ်းရေးများဆောင်ရွက်

**မြဝတီ ဩဂုတ် ၁၈**

မြန်မာနိုင်ငံ မြဝတီမြို့နှင့် ထိုင်းနိုင်ငံ-မဲဆောက်မြို့တို့သည် သောင်ရင်းမြစ်ဖြင့် နယ်နိမိတ်ခြားထားရာ အဆိုပါသောင်ရင်းမြစ်အတွင်း သဘာဝအလျောက်ပေါက်ဖွားလျက်ရှိသော ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းဘေးမှ ဖလူးလေး၊ ဖလူးကြီး၊ မင်းလက်ပံ၊ အင်ကြင်းမြိုင်နှင့် မယ်ထော်သလေးကျေးရွာတို့တွင် မြဝတီခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးရွာငါးသယံဇာတထိန်းသိမ်းရေးကော်မတီများ စည်းရုံးဖွဲ့စည်းပေးလျက်ရှိပြီး သောင်ရင်းမြစ်အတွင်း ရှော့တိုက်၊ မိုင်းခွဲ၊ ဆေးချငါးဖမ်းခြင်းများအား မပြုလုပ်ရန် လုံးဝပိတ်ပင်တားဆီးခြင်းများနှင့် မေ၊ ဇွန်၊ ဇူလိုင်လ ငါးသားပေါက်ကာလများတွင် ငါးဖမ်းခြင်းများကို ကန့်သတ်တားမြစ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ မြဝတီခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဒေါက်တာဝင်းမြင့်သည် ကျေးရွာငါးသယံဇာတထိန်းသိမ်းရေးကော်မတီဝင်များနှင့်အတူ ဩဂုတ် ပထမပတ် က ကျေးရွာများအတွင်းရှိ သောင်ရင်းမြစ် လှေဆိပ်များ၊ ဈေးအဝင်လမ်းများ၊ လမ်းဆုံနေရာများ၌ ငါးသယံဇာတထိန်းသိမ်းရေး သတိပေးတားမြစ်ချက် ဆိုင်းဘုတ်စုစုပေါင်း ၁၂ ချပ်ကို စိုက်ထူခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ဦးအောင်ဇေယျလမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်း မြို့စည်ပင်သာယာရေးအဖွဲ့လုပ်ငန်းဆောင်ရွက်

**ဟိုင်းကြီးကျွန်း ဩဂုတ် ၁၈**

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် ဦးအောင်ဇေယျလမ်းတွင် မြို့စည်ပင်သာယာရေးအဖွဲ့က ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက်တွင် ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကွန်ကရစ်လမ်းခင်းခြင်လုပ်ငန်းကို ဩဂုတ် ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဟိုင်းကြီးကျွန်းမြို့စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေ ၂၁၅ သိန်းငါးသောင်း ဖြင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် အရှည် ၁၁၁၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိကြောင်း မြို့စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးကျော်စွာလင်းက ပြောသည်။

ကျန်ရှိနေသည့်လမ်းပိုင်းနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း ရာနှုန်းပြည့်ပြီးစီးရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ပြန်/ဆက်)**




MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

သောကြာနေ့တိုင်းမှာ
ငွေဖြည့်ပြီး အပိုဆု ရယူလိုက်ပါ။

- သောကြာနေ့တွင် E-Topup ဖြင့် ငွေဖြည့်ပြီး အပိုဆုနှစ်မျိုး ရယူလိုက်ပါ။
- MPT ၏ Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
(Data အပိုဆုများသည် ဆွေသဟာ အသုံးပြုသူများအတွက်သာ)
- အပိုဆုငွေများဖြင့် **MPT** မိုဘိုင်းဖုန်းများအချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ အင်တာနက် အသုံးပြုခြင်းများ ပြုလုပ်နိုင်ပါသည်။
- အပိုဆုငွေများကို ငွေဖြည့်သွင်းသည့်နေ့မှစတင်၍ (၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
- Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 1,000 Ks | 20 MB | 20 MB + 100 Ks |
| 3,000 Ks | 80 MB | 80 MB + 500 Ks |
| 5,000 Ks | 150 MB | 150 MB + 1,250 Ks |
| EVERY 10,000 Ks | 400 MB | 400 MB + 3,000 Ks |

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

နေ့စဉ်
E-Topup
ဖြင့် ငွေဖြည့်ပြီး အပိုဆု ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | E-Topup ဖြင့် (အပိုဆု) |
|---|---|
| 1,000 Ks | 100 Ks |
| 3,000 Ks | 500 Ks |
| 5,000 Ks | 1,250 Ks |
| EVERY 10,000 Ks | 3,000 Ks |

- **MPT** ၏ Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
- အပိုဆုငွေများဖြင့် **MPT** မိုဘိုင်းဖုန်းများအချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ အင်တာနက် အသုံးပြုခြင်းများ ပြုလုပ်နိုင်ပါသည်။
- အပိုဆုငွေများကို ငွေဖြည့်သွင်းသည့်နေ့မှစတင်၍ (၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
- ဩဂုတ်လ(၁၂)ရက်နေ့မှ စက်တင်ဘာလ(၁၂)ရက်နေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၆-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၄-၈-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၈-၂၀၁၆ ရက်နေ့မှ ၇-၉-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ် ၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀/-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၂၅၀၀၀/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)(အခြေခံလစာ-၁၇၀၀၀၀+အရည်အချင်းလစာ ၄၀၀၀+ M.H.R.A ၁၀၀၀၀=၁၈၄၀၀၀) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀/- နှုန်းဖြင့် ၁၀၀၀၀/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

အမှောင်ခွင်း အလင်းဆောင်၊ ပညာခေတ်မှာ ရွှေလက်ဆောင်

မေးခွန်းပုံစံ၊ မေးလေ့မေးထရှိသော မေးခွန်းများနှင့် အမှတ်ပြည့်ရ ဖြေဆိုချက်များ

လေ့လာလေ့ကျင့်သူများသည် ထူးချွန်အောင်မြင်ကြ၏။

ကျောင်းသားအများဆောင်

**ရွှေလက်ဆောင်**

Reg. 3123/2003

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်မေးခဲ့သော

**အဋ္ဌမတန်း**

၂၀၁၅/၂၀၁၆ (၂-နှစ်အတွက် ၃၄-စုံ)

**မေးခွန်းဟောင်းအပြည့်အစုံနှင့်စံပြအဖြေများ**

တစ်ဘာသာ တစ်အုပ်

မြန်မာစာ
အင်္ဂလိပ်စာ
သင်္ချာ
ပထဝီဝင်
သမိုင်း
အထွေထွေသိပ္ပံ

လေ့လာဖို့
လေ့ကျင့်ဖို့
ထူးချွန်အောင်မြင်ဖို့

**လက်ဆောင်သစ်**

Reg. 3616/2010

၂၀၁၅/၂၀၁၆

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်မေးခဲ့သော

**အဋ္ဌမတန်း**

ဘာသာစုံ

**မေးခွန်းပေါင်းချုပ်**

ထွက်နေပြီ

(၂) နှစ်အတွက် တစ်ဘာသာမေးခွန်း (၃၄)စုံ၊

(၆)ဘာသာ အပြည့်အစုံ

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။



**USA EDUCATION: CARROLL UNIVERSITY**

Bachelor/Master Degree in

Health Science, Business|MBA
Computer Science| IT & more.

တက္ကသိုလ်ဝင်တန်း Int'l School graduates, IGCSE, A-Level, ဘွဲ့ရပြီးသူများ

**SCHOLARSHIP: upto US$ 22000, Every Year**

Carroll University: One of the Best Regional Universities in the US. Great Location to live & study.

"Carroll University is best choice for me for excellent education with caring teachers"

carroll.edu/international - Suyi Lynn, Carroll Univ. Student from Yangon.

**No Consulting Fee / No Service Fee**

**Information for Admission & Scholarship**

At City College Yangon

Diamond Condo, Tower (A), 1st Fl, Hledan, Pyay Road, Yangon.

Date/Time: Aug 20(Sat),21(Sun) 10 am - 3 pm

☎ 09 450 634 402,3,4

**Academics.International**

fb/academicsinternational academics.international



**မလိခူ MALIHKU REAL ESTATE**

မလိခူး (အိမ်၊ ခြံ၊ မြေ )မှ မြို့နယ်ပေါင်းစုံရှိ လုံးချင်း၊ မြေကွက်၊ ကွန်ဒို၊ တိုက်ခန်းများအား ရောင်းဝယ်၊ ငှားရမ်းလိုပါက နွေးထွေးသော ဝန်ဆောင်မှုများဖြင့် ကူညီဆောင်ရွက်ပေးလိုပါသည်။

(Switzerland သံရုံးအနီး လုံးချင်းအမြန်ငှားရမ်းလိုသည်။ )

Ph - 01 527 699 , 09 26 400 96 96



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
လှည်းကူးဈေးဟောင်းကြီးလမ်းအနီး
ရန်ကုန်နေပြည်တော်လမ်းအနီး
(G)ခြံမြေ (၈၀၄၀ x ၈၀၆၀)
ဈေးနှုန်း (၅၀) သိန်း
09-5171164
09-965171164



**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

ရန်ကုန်-ပဲခူးလမ်းမကြီးအနီးကိုရီးယား

စက်ရုံအား (၄၀'x၆၀') (၄၀'x၁၀၀')

ဈေးနှုန်း-(၈၀၆၀)သိန်း (ညှိနှိုင်းဈေး)

ဖုန်း - ၀၉-၅၂၄၆၅၇၉၆၊ ၀၉-၇၉၁၅၅၇၉၆၀



**ဒဂုံမြို့သစ်**

အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း

မြေကွက်များ **အထူး**

ဈေးကောင်းပေးဝယ်သည်။

09-5089354

09-43125781


**ကုန်အမှတ်တံဆိပ်အား တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်သွင်းထားပြီးဖြစ်ကြောင်းသတိပေးကြေညာခြင်း**

ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေငြာအပ်ပါသည်။

**CADIVI**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်(၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၃၆)နေ ဒေါ်ခင်မြတ်လှိုင် ၁၂/လမန(နိုင်) ၀၀၁၄၁၃ သည် အောက်ပါ ကုန်အမှတ်တံဆိပ်ဖြင့် "ဓာတ်အားပို့လိုင်း ကြိုးများ Low Voltage Unsheathed Aluminum Cables, Low Voltage Aerial Bundled Cables, Flame Retardant Unsheathed Cables, Aluminium Conductor, XLPE Insulated, HDPE Sheath Cables, Aluminium Conductor, PVC/XLPE Insulated, PVC Sheath Cables, Underground Medium Voltage Cables" အမျိုးမျိုးတို့ကို နိုင်ငံခြားမှ ကုန်ကြမ်းမှာယူတင်သွင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ် ဖြန့်ချိရောင်းချသွားမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ခင်မြတ်လှိုင်၏ တရားဝင်ခွင့်ပြုချက်မပါဘဲ ထုတ်လုပ်ခြင်း၊ ဈေးကွက်အတွင်း နှင့် အင်တာနက် စာမျက်နှာများပေါ်တွင် ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းတို့ကို မပြုလုပ်ရန် အသိပေးကြေငြာအပ်ပါသည်။ အကယ်၍ ထိုသို့ပြုလုပ်သည်ကို တွေ့ရှိပါက တရားဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး B.A., R.L.
တရားလွှတ်တော်ရှေ့နေ (စဉ် ၅၃၂၉)
အမှတ် - ၄၅ ကမ္ဘာအေးဘုရားလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၂၀၀၉၊ ၁၉၅၁၅၊ ၈၄၁၁


**SIM GLOBAL EDUCATION**

simge.edu.sg

USA, UK နှင့် Australia နိုင်ငံများရှိ ထိပ်တန်းတက္ကသိုလ်များ၏ ဘွဲ့များကို

"Singapore Institute of Management တွင် ရယူနိုင်မည့် အခွင့်အရေးများအကြောင်းဆွေးနွေးပွဲ"

CROWN EDUCATION Award Winning Company

**MANDALAY**
Date : 20 Aug 2016
Time : 12:00 pm - 2:00 pm
Venue : HOTEL MANDALAY, Sabai Phyu Ballroom

**YANGON**
Date : 21 Aug 2016
Time : 2:00 pm - 4:00 pm
Venue : PARKROYAL HOTEL, Yadanar 1 Ballroom

- Singapore Institute of Management (SIM) နှင့် ချိတ်ဆက်ထားသော US, UK နှင့် Australia ထိပ်တန်းတက္ကသိုလ်များအကြောင်း
- Singapore Institute of Management (SIM) တွင် တက်ရောက်ရယူနိုင်သော ဘွဲ့ ၊ ဘွဲ့လွန်ဘာသာရပ်များအကြောင်း
- တက္ကသိုလ်ဝင်တန်းနှင့် IGCSE အောင်မြင်ထားသော ကျောင်းသားကျောင်းသူများအတွက် ဝင်ခွင့်လိုအပ်ချက်များ၊ HND အောင်မြင်ပြီးသူများအတွက် တိုက်ရိုက်ဝင်ခွင့်အခွင့်အရေးများ
- ၁၀၀% ပညာသင်ဆုအကြောင်းနှင့် ပညာသင်ဆုလျှောက်ထားခြင်းတွင် လိုအပ်သောအရည်အချင်းများ စသည့်အချက်များကို SIM မှ တာဝန်ရှိသူကိုယ်တိုင်ဆွေးနွေးပေးမည်ဖြစ်ပါသည်။



Su Myat Moe (Helen)
SIM GE Scholar
BSc (Business Administration)
University at Buffalo (SUNY),US.

**Call us : 01 527 838, 09 450 200 040, 09 730 40 688, 09 732 732 77**



**ဒဂုံမြို့သစ်**

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။

09-500 5916
09-730 97123


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၆)မြေကွက်အမှတ်(၈၀၉)၊ ဧရိယာ(၀-၀၅၂)ဧကရှိမြေကွက်တည်နေရာအမှတ်(၈၀၉)၊ ဧယျာဝတီရိပ်သာလမ်း(၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဂရန်အမှတ်(PLW-၈၅၉၁၅၄) အမည်ပေါက်နေဒေါ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်ယုဇီ(၁၂/ကမတ(နိုင်)၈၅၁၀၀၆)ကိုယ်တိုင်မှ ၎င်း(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းအဆောက်အအုံများပျောက်ဆုံးသွားကြောင်း တရားရုံးကျမ်းကျိန်လွှာရယူကာ ချုပ်ရေးမှူးရုံးဆောင်းချက်ရယူပြီး ...ကိုယ်တိုင်ဝန်ခံချက်တို့ ...ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင် ...သောအဆောက်အအုံများဖြင့်... ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

မြို့နယ်ဦးစီးမှူး... ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမှောင်ခွင်း အလင်းဆောင်၊ ပညာခေတ်မှာ ရွှေလက်ဆောင်

ထူးချွန်အောင်မြင် ဂုဏ်ထူးပန်းဆင်နိုင်ရန် လေ့လာ၊ လေ့ကျင့် ကျက်မှတ်ဖို့ တိကျပြည့်စုံသော မှတ်စုရှိရမည်။

ကျောင်းသားအများဆောင်
ရွှေလက်ဆောင်
Reg. 3123/2003
တက္ကသိုလ်ဝင်စာမေးပွဲ ၂၀၀၂ မှ ၂၀၁၆ ထိ
ဘာသာစုံမေးခွန်းဟောင်းများနှင့် စံပြအဖြေများ
အကောင်းဆုံး လမ်းညွှန်မှတ်စု
တစ်ဘာသာချင်း၊ တစ်အုပ်ချင်း
ပညာရေးအတွက်ဆိုရင် စေတနာနှင့်ပညာပြည့်ဝသော ရွှေလက်ဆောင် ကိုသာ ရွေးချယ်လိုက်ပါ။

မြန်မာစာ
အင်္ဂလိပ်စာ
သင်္ချာ
ဓာတုဗေဒ
ရူပဗေဒ
ဇီဝဗေဒ
ဘောဂဗေဒ

ထွက်နေပြီ

လက်ဆောင်သစ်
Reg. 3616/2010
တက္ကသိုလ်ဝင်စာမေးပွဲ ၂၀၀၂ မှ ၂၀၁၆ ထိ
မေးခွန်းဟောင်းများစုစည်းချက်
ဘာသာစုံ တစ်ဘာသာချင်း၊ တစ်အုပ်ချင်း
ပညာရေးအတွက်ဆိုရင်
စေတနာနှင့်ပညာပြည့်ဝသော လက်ဆောင်သစ် ကိုသာ ရွေးချယ်ပါ။

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။

CALIFORNIA UNITEC
Institute of Engineering

Edinburgh Napier UNIVERSITY

edexcel
Approved Centre No. 93845



**BTEC HND Higher National Diploma in Civil Engineering and B.E (Hons) Civil Engineering**

- ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering Course များကို အင်္ဂလန်နိုင်ငံမှ Pearson - Edexcel သင်ရိုးညွှန်းတမ်းအတိုင်း တိကျစွာသင်ယူနိုင်ရန် နိုင်ငံခြားတက္ကသိုလ်ကြီးများ (အမေရိကန်၊အင်္ဂလန်၊နယူးဇီလန်၊ဂျာမနီ၊ဂျပန်၊စင်ကာပူ၊ထိုင်း)မှ Ph.D, Master of Engineering ဘွဲ့ရ ဆရာများကိုယ်တိုင် နိုင်ငံခြားတက္ကသိုလ်ကြီးများမှ သင်ကြားပုံ နည်းစနစ်များအတိုင်း စာတွေ့လက်တွေ့ (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မီ စနစ်တကျ English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- ၁၀တန်းအောင်၊ GCE "O"Level အောင်၊ တက္ကသိုလ်ပထမနှစ် → Civil Engineering Foundation Course
- GCE "A"Level အောင်၊ တက္ကသိုလ်ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် → HND (Level 4 ) → HND (Level 5)
- HND Higher National Diploma → B.E (Hons) Civil Engineering (Edinburgh Napier University – UK )

Block C နှင့် D ကြား။ 3F (တတိယထပ်)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44
www.californiaunitec.com www.facebook.com/californiaunitec

MYANMAR ENGINEERING SOCIETY
M.E.S Affiliated Centre

CHINDWIN COLLEGE
helping you engineer your future

PEARSON
BTEC



တက္ကသိုလ်ဝင်တန်း မအောင်သေးသူတွေအတွက် ရွေးချယ်စရာ အခွင့်အလမ်းသစ်

တက္ကသိုလ်ဝင်တန်းကို တစ်ကြိမ်ဖြေဆိုပြီးသူတွေအနေနဲ့ Pearson BTEC Level 3 Program ကို ချင်းတွင်းကောလိပ်မှာ တက်ရောက်နိုင်ပါပြီ။

အလွတ်ကျက်ပြီး စာမေးပွဲဖြေရတာ မဟုတ်ဘဲ သဘောတရား သိပြီး အသုံးချတတ်မှုကို ဆန်းစစ်တဲ့ assignment တွေနဲ့ အတန်းတင်ပေးတဲ့ သင်ကြား၊ သင်ယူမှု ပုံစံကို အသုံးပြုပါတယ်။

Engineering နဲ့ Business ရွေးချယ်တက်ရောက်နိုင်ပြီး၊ အင်္ဂလိပ်စာအရည်အချင်းပြည့်မီပြီးရင် သင်တန်းကာလ two semester ဖြစ်ပါတယ်။

Level 3 Program အောင်မြင်ပြီးရင် HND ဆက်တက်နိုင်ပါတယ်။ HND ရပြီးရင် UK Bechelor Degree ရယူနိုင်တဲ့ နိုင်ငံတကာ ပညာရေးလမ်းကြောင်းပေါ် ရောက်ရှိမှာ ဖြစ်ပါတယ်။

၂၀၁၆ ဩဂုတ်လ နောက်ဆုံးပတ်မှာ စတင်ဖွင့်လှစ်မှာ ဖြစ်ပြီး အောက်ပါနေရာတွေမှာ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။

ချင်းတွင်းကောလိပ်(ရန်ကုန်) - အမှတ် (၇၅) သိမ်ဖြူလမ်း (အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်။ ဖုန်း - ၀၁ ၂၉၈၁၃၇ ၊ ၂၉၇၆၇၃။
ချင်းတွင်းကောလိပ် (မန္တလေး) - စံပယ်ဆောင်၊ ဂရိတ်ဝေါတိုက်ခန်းများ၊ ၇၇ x ၇၈ နှင့် ၃၁ x ၃၂ ကြား။ ဖုန်း - ၀၂ ၇၄၁၇၉၊ ၆၈၂၄၉။
ချင်းတွင်းကောလိပ် (တောင်ကြီး) - အမှတ် (၅၇/၁၆) မြတ်ရတနာလမ်း၊ ရေအေးကွင်းရပ်။ ဖုန်း - ၀၉ ၇၈၄၀၃၈၉၉၅၊ ၇၈၄၀၃၈၉၉၆။
စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (ပြင်ဦးလွင်) - အမှတ် (၂၀၆)၊ ဘီလမ်း။ ဖုန်း - ၀၈၅ ၂၂၁၂၈၊ ၂၁၃၉၉။
